# ကြေးမုံ

**The Mirror Daily**

၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957


## ချမ်းသာခြင်းအကြောင်းတရား

ကောင်းမှုကို တစ်ကြိမ်တစ်ခါပြုပြီးသော်လည်း ထပ်ကာထပ်ကာပြုလုပ်ရာ၏။ ပြုနိုင်အောင်လည်း အားထုတ်ရာ၏။ အဘယ်ကြောင့်ဆိုသော် ကောင်းမှုဟူသည် ချမ်းသာခြင်း၏ အကြောင်းတရားဖြစ်သောကြောင့်တည်း။ ကောင်းမှုကို အခါမလပ် ပြုလုပ်နိုင်အောင် ကြိုးစားအပ်၏။ ပါပဝဂ်(ဓမ္မပဒ-၁၁၈)


၁၃၈၀ ပြည့်နှစ် နယုန်လကွယ်၊ အင်္ဂါနေ့။ Tuesday 12 June 2018 ၉၃၁၅


## နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်းဌာနက သီးသန့်တွေ့ဆုံမေးမြန်းခြင်း

(ယမန်နေ့မှ အဆက်)


စာမျက်နှာ - ၃





## ရာနှုန်းပြည့်မိုး

**နေပြည်တော်** - မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့် ဖြစ်သည်။

**ရန်ကုန်** - မိုးပြတ်တောင်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

**မန္တလေး** - မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

# ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်သူ့လွှတ်တော် ကော်မတီဝင်များ ထပ်မံထည့်သွင်း ဖွဲ့စည်းခြင်း၊ ပြောင်းရွှေ့ခြင်း၊ ပယ်ဖျက်ခြင်းတို့နှင့် စပ်လျဉ်း၍ မိုင်းရှူးမဲဆန္ဒနယ်မှ ဦးစိုင်းဝင်းအေး(ခ)ဦးစိုင်းထွန်းအေး၊ လောက်ကိုင်မဲဆန္ဒနယ်မှ ဦးလူတယ်ဟုန်(ခ)ဦးအောင်ရွှေ၊ ကော့ကရိတ်မဲဆန္ဒနယ်မှ ဦးစိုးငွေ၊ ကျေးသီးမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကျော်၊ လွိုင်ကော်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စည်သူ၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မဲဆန္ဒနယ်မှ ဦးမြစိန်၊ ချောင်းဆုံမဲဆန္ဒနယ်မှ ဦးအောင်ကြည်သိန်း၊ လှိုင်သာယာမဲဆန္ဒနယ်မှ ဦးဝင်းမင်းနှင့် ဒဂုံမြို့သစ်(အရှေ့ပိုင်း)မဲဆန္ဒနယ်မှ ဦးနေကျော်တို့ကို ကော်မတီအဖွဲ့ဝင်များအဖြစ် ထပ်မံဖွဲ့စည်းမည်ဖြစ်ပြီး ဥပဒေကြမ်းကော်မတီမှ အဖွဲ့ဝင် မူဆယ်မဲဆန္ဒနယ်မှ ဦးစိုင်းဖိုးမြတ်ကို နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီသို့ ပြောင်းလဲတာဝန်ပေးအပ်မည်ဖြစ်ကာ နိုင်ငံသားများ၏ မူလအခွင့်အရေးဆိုင်ရာကော်မတီမှ အဖွဲ့ဝင် ဝေါမဲဆန္ဒနယ်မှ ဦးတင်ထွေးကို အခြားတာဝန်ပေးအပ်ရန်ရှိသောကြောင့် ကော်မတီအဖွဲ့ဝင်အဖြစ်မှ ပယ်ဖျက်မည်ဖြစ်ကြောင်း လွှတ်တော်၏ အဆုံးအဖြတ်ရယူအတည်ပြုသည်။

**စားသုံးသူရေးရာဦးစီးဌာနပိုင် လက်ရှိအသုံးမပြုသေးသော မြေကွက်ကို ထီးချိုင့်မြို့မဈေးတိုးချဲ့အသုံးပြုရန် လွှဲပြောင်းပေးနိုင်ခြင်း ရှိ၊ မရှိ**

ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်၏ **ထီးချိုင့်မြို့နယ် ထီးချိုင့်မြို့မဈေးလမ်း အနောက်ဘက်ရှိ စားသုံးသူရေးရာဦးစီးဌာနပိုင် လက်ရှိအသုံးမပြုသေးသော မြေကွက်ကို ထီးချိုင့်မြို့မဈေး တိုးချဲ့အသုံးပြုရန် လွှဲပြောင်းပေးနိုင်ခြင်း ရှိ၊ မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထူးက စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက် ကွင်းအမှတ်(၈၃၇) ဦးပိုင်အမှတ်(၃၉၄/၈၇၅)တွင် သိုလှောင်ရုံအမှတ်(၄)နှင့် (၆)တည်ရှိခဲ့ပြီး ပျက်စီးမှုရှိလာသောကြောင့် သိုလှောင်ရုံနှစ်ခုကို ရောင်းချခဲ့ပါကြောင်း၊ ရောင်းချပြီးဖြစ်ပေါ်လာသည့် မြေသည် မိမိဝန်ကြီးဌာနမှ စီမံခန့်ခွဲလျက်ရှိသည့် နိုင်ငံပိုင်မြေ သုည ဒသမ ၉၁ ဧက ဖြစ်ပါကြောင်း။ စာမျက်နှာ ၅ ကော်လံ ၁ သို့ ✻



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်

# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမပုံမှန်အစည်းအဝေး (၁၃)ရက်မြောက်နေ့ ကျင်းပ



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

**နေပြည်တော် ဇွန် ၁၁**

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဌမ ပုံမှန်အစည်းအဝေး(၁၃)ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းအား လွှတ်တော်က အတည်ပြုခဲ့သည်။

အစည်းအဝေးတွင် ကြယ်ပွင့်ပြမေးခွန်းများ မေးမြန်းခြင်းနှင့် ဖြေကြားခြင်း၊ ဥပဒေကြမ်း တစ်ခု အတည်ပြုခြင်းနှင့် အစီရင်ခံစာ တစ်ခု ဖတ်ကြားခြင်းတို့ကို ဆောင်ရွက်ကြသည်။

**ရန်လုံကျိုင်း-လောက်ကိုင်-မန်တုံပါး-တောက်ရွှေလမ်းပိုင်း ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ ၆ လတွင် ဆောင်ရွက်ပြီးစီးမည်**

ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးကျော်နီနိုင်၏ **ရှမ်းပြည်နယ် ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် အရေးပါမည့် ရန်လုံကျိုင်း - လောက်ကိုင် - မန်တုံပါး - တောက်ရွှေ - ကွမ်းလုံ လမ်းကြောင်းသစ်ဖောက်လုပ်ရန် အစီအစဉ် ရှိ/မရှိ** မေးခွန်းနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် သန်းထွဋ်က ရန်လုံကျိုင်း-လောက်ကိုင်-မန်တုံပါး-တောက်ရွှေ-ကွမ်းလုံလမ်းကြောင်းသည် ၄၇ မိုင် ၆ ဖာလုံခန့် ရှည်လျားပြီး ရန်လုံကျိုင်းမှ လောက်ကိုင်အထိ(၇/၆)မိုင် လမ်းအပိုင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာနက ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ခဲ့ပြီးဖြစ်ပါကြောင်း၊ ရန်လုံကျိုင်း-လောက်ကိုင်-မန်တုံပါး-တောက်ရွှေ-ကွမ်းလုံလမ်းကြောင်းသစ် ဖောက်လုပ်ပေးနိုင်ရေးနှင့် စပ်လျဉ်း၍ ရန်လုံကျိုင်း-လောက်ကိုင်-မန်တုံပါး-တောက်ရွှေအထိ လမ်းပိုင်းသည် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ပထမ ၆ လတွင် ဆောင်ရွက်ပြီးစီးမည်ဖြစ်ပြီး ကျန်ရှိသည့် တောက်ရွှေ-ကွမ်းလုံလမ်းပိုင်းကို ဆက်လက်ဆောင်ရွက်နိုင်ရေးအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဒုတိယ ၁၂ လတွင် ပြည်ထောင်စုရန်ပုံငွေဖြင့် မြေသားလမ်း ငါးမိုင်ကို ဆောင်ရွက်ပေးမည်ဖြစ်ပြီး ရှမ်းပြည်နယ်အစိုးရအဖွဲ့၏ ရန်ပုံငွေဖြင့် မြေလမ်း ၁၀ မိုင်ကိုလည်း အသီးသီးအဆိုပြုလျာထားပြီး ဖြစ်ပါကြောင်း ဖြေကြားသည်။ စာမျက်နှာ ၆ ကော်လံ ၁ သို့ ○




# ကြေးမုံ

## ယုံကြည်မှု၊ တာဝန်ယူမှုဖြင့် လက်တွဲဆောင်ရွက်

"ယုံကြည်မှုဆိုတာ အပြန်အလှန်ရှိသင့်ပါတယ်။ ယုံကြည်မှုတည်ဆောက်ဖို့ဆိုတာ မြန်မာနိုင်ငံအပေါ်မှာသာ မှီတည်နေတာ မဟုတ်ပါဘူး။ ယုံကြည်မှုတည်ဆောက်နိုင်စေဖို့ တစ်ဖက်လူဘက်ကလည်း လိုအပ်တဲ့ ခြေလှမ်းတွေ လှမ်းဖို့လိုတယ်လို့ ကျွန်မထင်ပါတယ်။ ဥပမာပြောရရင် မြန်မာနှင့် ဘင်္ဂလားဒေ့ရှ်အကြား ရရှိခဲ့တဲ့ MoU နဲ့အညီ ပုံစံတွေ ဖြည့်စွက်ပေးရမှာ ဖြစ်ပါတယ်လို့ ကျွန်မတို့ နားလည်ပါတယ်။ ဒီပုံစံတွေကို ဒုက္ခသည်တွေဆီကို ကျယ်ကျယ်ပြန့်ပြန့် ဖြန့်ဝေပေးခဲ့ခြင်း မရှိပါဘူး။ ဒီပုံစံတွေကို ဖြန့်ဝေပေးခြင်း မရှိခဲ့ရင်၊ ရခိုင်ပြည်နယ်ကို ဘေးကင်းလုံခြုံစွာနဲ့ တရားဥပဒေနဲ့အညီ ပြန်လာနိုင်ကြောင်း ဒုက္ခသည်တွေမသိကြရင် ကျွန်မတို့အနေနဲ့ ဒုက္ခသည်တွေ ဌာနေပြန်ရေးလုပ်ငန်းစဉ် အလျင်အမြန်တိုးတက်အောင် ဆောင်ရွက်နိုင်မှာ မဟုတ်ပါဘူး။ ဒါကြောင့် ဒါဟာ နှစ်ဦးနှစ်ဖက် အပြန်အလှန်ဆောင်ရွက်ရမယ့် လုပ်ငန်းစဉ်လို့ မြင်တာပါ။ MoU ကို မိမိတို့နှစ်နိုင်ငံစလုံးသာမက အခြားသူများပါ သဘောတူညီခဲ့ကြပါတယ်။ အဲဒီ ပါဝင်ပတ်သက်သူများအားလုံးက အသီးသီး အသက အသက တာဝန်ယူမှုတွေကို အကောင်အထည်ဖော်ကြဖို့လိုပါတယ်"ဟု နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်နှင့် ဂျပန်နိုင်ငံ NHK သတင်းဌာနမှ သတင်းထောက် Orie Sugimoto တို့ သီးသန့်တွေ့ဆုံမေးမြန်းခန်းပြုလုပ်စဉ် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်က ဘင်္ဂလားဒေ့ရှ်နိုင်ငံရောက်ဒုက္ခသည်များ ဌာနေပြန်ရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့သည်။

ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသည့် ဒုက္ခသည်များအရေးနှင့်ပတ်သက်၍ ဖြစ်စဉ်အမှန်ကို မြန်မာနိုင်ငံအနေဖြင့် ကြိမ်ဖန်များစွာ ရှင်းလင်းပြခဲ့ပြီးဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ၂၀၁၇ ခုနှစ် ဩဂုတ်လ ၂၄ ရက်စွဲဖြင့် ထုတ်ပြန်ချက်ပါအတိုင်း နေရပ်စွန့်ခွာသွားသူများ အရေးကိစ္စနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအစိုးရက ဘက်စုံလွှမ်းခြုံပြီး ရေရှည်တည်တံ့သော ဖြေရှင်းချက်များ၊ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်၏ အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ရေး လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား ၂၀၁၇ ခုနှစ် နိုဝင်ဘာ ၂၃ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည့် "ရခိုင်ပြည်နယ်မှ နေရပ်စွန့်ခွာသွားသူများအား ပြန်လည်လက်ခံရေးလုပ်ငန်းစဉ်"ကို အကောင်အထည်ဖော်လျက်ရှိသည်။ မြန်မာနိုင်ငံအစိုးရအနေဖြင့် နှစ်နိုင်ငံသဘောတူညီချက်ကို အရှိန်အဟုန်ဖြင့် အကောင်အထည်ဖော်နိုင်ရန် သန္နိဋ္ဌာန်ချထားပြီးဖြစ်သည့်အတိုင်း နှစ်နိုင်ငံသဘောတူ လက်မှတ်ရေးထိုးပြီးချိန်မှစတင်၍ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ပြီး ပြန်လည်လက်ခံနိုင်ရန် အသင့်ပြင်ဆင်စောင့်ဆိုင်းလျက်ရှိသည်။ ယင်းလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်ရာတွင် ဇွန် ၆ ရက်က မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များကို အထောက်အပံ့ပြုနိုင်ရေးအတွက် ကုလသမဂ္ဂ ဖွံ့ဖြိုးမှုအစီအစဉ် (UNDP) နှင့် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံး (UNHCR) တို့ကို ဖိတ်ခေါ်ခဲ့မှုအရ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခဲ့ပြီးဖြစ်သည်။

သို့ရာတွင် ဘင်္ဂလားဒေ့ရှ်နိုင်ငံအနေဖြင့် နှစ်နိုင်ငံ သဘောတူထားမှုနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးမှု အားနည်းနေသည်ကို တွေ့ရသည်။ မကြာသေးမီက မိမိသဘောဆန္ဒဖြင့် ပြန်လည်ဝင်ရောက်လာကြသော နေရပ်စွန့်ခွာသူအချို့၏ ပြောကြားချက်အရ ၎င်းတို့ကို ဘင်္ဂလားဒေ့ရှ်မှ မြန်မာနိုင်ငံသို့ပြန်ရန် တိုက်တွန်းခြင်းလည်းမရှိ၊ အသိပေးခြင်းလည်းမရှိသည့်အပြင် မြန်မာနိုင်ငံသို့ပြန်လျှင် ဆောင်ရွက်ရမည့် လုပ်ထုံးလုပ်နည်းများအား မသိရှိကြကြောင်း ပြောကြားသည်ကို ကြားသိရသည်။

သို့ဖြစ်ရာ ဒုက္ခသည်များ ဌာနေပြန်ရေးလုပ်ငန်းစဉ် အလျင်အမြန်တိုးတက်အောင် ဆောင်ရွက်နိုင်ရေးအတွက် နှစ်နိုင်ငံသာမက အခြားသူများပါ သဘောတူညီထားသည့် ကတိကဝတ်များနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်မှသာ အောင်မြင်နိုင်မည်ဖြစ်၍ ဌာနေပြန်ရေးလုပ်ငန်းစဉ်တွင် ပါဝင်ပတ်သက်ကြသူများအားလုံး အပြန်အလှန်ယုံကြည်မှု၊ အပြန်အလှန် တာဝန်ယူမှုတို့ဖြင့် အတူတကွ လက်တွဲဆောင်ရွက်သင့်သည်ဟု ရှုမြင်ပါကြောင်း။ ။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

## ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြိုဆင့်ပွားသင်တန်းများအတွက် ဆရာဖြစ်သင်တန်းဖွင့်



**နေပြည်တော် ဇွန် ၁၁**

တိုင်းဒေသကြီး/ပြည်နယ်များရှိ ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများမှ အဖွဲ့ဝင်များအား ပို့ချသည့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းခွင်အကြို ဆရာဖြစ်သင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara Hotel ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးလှသိန်းက ယနေ့ သင်တန်းပို့ချခြင်းသည် ရွေးကောက်ပွဲမဟာဗျူဟာစီမံကိန်းပါအတိုင်း ရွေးကောက်ပွဲ တာဝန် ထမ်းဆောင်သူအားလုံး ရွေးကောက်ပွဲဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းစဉ်များ အားလုံးကို သိရှိပြီး နိုင်ငံရေးပါတီများ၊ လူမှုအဖွဲ့အစည်းများ၊ မဲဆန္ဒရှင်ပြည်သူများနှင့် အဆင်ပြေချောမွေ့စွာ ဆက်ဆံနိုင်ရန်နှင့် ဆင့်ပွားသင်တန်းများ ပို့ချနိုင်ရန်အတွက် ဖြစ်ပါကြောင်း။

သင်တန်းတွင် ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများ၊ လုပ်ငန်းလမ်းညွှန်များနှင့် ဆက်ဆံရေးဆိုင်ရာကိစ္စရပ်များပါဝင်ပြီး ခေါင်းစဉ် ၁၂ ခုဖြင့် ပို့ချသွားမည်ဖြစ်ကြောင်း၊ သင်တန်းသားများအနေဖြင့် သင်တန်းဆင်းပြီးနောက် ခရိုင်နှင့် မြို့နယ်များမှဝန်ထမ်းများကို ဆင့်ပွားသင်တန်းများပို့ချပေးကြရမည်ဖြစ်ကြောင်း၊ ကော်မရှင်အဖွဲ့ခွဲများတွင် အများယုံကြည် လေးစားသည့် ပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းထားပါကြောင်း၊ ဝန်ထမ်းများကိုလည်း လုပ်ငန်းကျွမ်းကျင်မှုရှိရန် လိုအပ်သော အရည်အသွေးမြှင့်သင်တန်းများ ပို့ချပေးခြင်း၊ မဲဆန္ဒရှင် ပြည်သူများအနေဖြင့် ပြည်သူ့အကျိုးကို ဆောင်ရွက်မည့် ကိုယ်စားလှယ်များကို ရွေးချယ်ရာတွင် နိုင်ငံသားတစ်ဦးအနေဖြင့် မဲပေးရမည့်တာဝန်ကိုသိရှိပြီး တာဝန်ကျေပွန်အောင် ဆောင်ရွက်ရန်နှင့် ယခုမှ အသက် (၁၈) နှစ်ပြည့်သည့် လူငယ်မဲဆန္ဒရှင်များကို ရွေးချယ်ခွင့်၊ ရွေးချယ်ခံပိုင်ခွင့်တို့ကို သိရှိပြီး ဆန္ဒမဲပေးတတ်စေရန် ပညာပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် အမျိုးသမီးများပါဝင်မှု မြှင့်တင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း၊ ပညာပေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် တိုင်းရင်းသားများအနေဖြင့် ပိုမိုနားလည်နိုင်ရန် သက်ဆိုင်ရာ တိုင်းရင်းသား ဘာသာစကားဖြင့် ဆောင်ရွက်ရန်လိုကြောင်း၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်အနေဖြင့် ကော်မရှင်၏ ဆောင်ရွက်နေသည့်လုပ်ငန်းများအပေါ် သိရှိပြီး အောင်မြင်အောင် ဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

သင်တန်းကို ခရိုင်အဆင့် ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲတစ်ခုလျှင် အဖွဲ့ဝင် နှစ်ဦးစီဖြင့် ခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ၇၉ ခုမှ သင်တန်းသား ၁၅၈ ဦးကို ပို့ချပေးသွားမည်ဖြစ်ကြောင်း သိရပြီး ဇွန် ၁၁ ရက်မှ ၂၃ ရက်အထိ လေးသုတ်ခွဲ၍ တစ်သုတ်လျှင် သင်တန်းသား ၄၀ ဖြင့် သုံးရက်စီ ပို့ချသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ၂၀၁၈ ခုနှစ် မေလအတွင်း ပြည်ပသို့ တရားဝင်အလုပ်သွားရောက်လုပ်ကိုင်သူ ၂၃၀၀၀ ကျော်နှင့် ပြည်တွင်း အလုပ်နေရာ ၁၃၀၀၀ ကျော်အား ခန့်ထားနိုင်ခဲ့

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အလုပ်လုပ်ကိုင်နိုင်သူ တစ်ဦးချင်းဝင်ငွေတိုးပွားစေရေးအတွက် ရည်ရွယ်၍ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေရေးအတွက် ပြည်ပသို့ တရားဝင်စေလွှတ်ခြင်းနှင့် ပြည်တွင်းအလုပ်အကိုင်များ ရှာဖွေပေးခြင်းတို့ကို အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနက စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

၂၀၁၇ ခုနှစ်အတွင်း ပြည်တွင်းအလုပ်အကိုင်ရရှိရေးကို ဦးစားပေးဆောင်ရွက်ပေးခဲ့ပြီး သင့်တော်ကောင်းမွန်သည့် အလုပ်အကိုင်များရရှိစေရေးနှင့် အလုပ်ရှင်များအတွက်လည်း အလုပ်သမားလုံလောက်စွာ ခန့်အပ်ထားရှိရန် အလုပ်အကိုင်နှင့် အလုပ်သမားရှာဖွေရေးရုံးများတွင် Labour Exchange Management System ဖြင့် Online မှ ဆောင်ရွက်ပေးခြင်းတို့ကို လုပ်ဆောင်လျက်ရှိရာ ၂၀၁၈ ခုနှစ် မေလအတွင်း ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် အလုပ်ရရှိမှုမှာ အစိုးရအလုပ်အကိုင် ၅၁၈ ဦး၊ ပုဂ္ဂလိကအနေဖြင့် ၁၂၅၇၈ ဦး စုစုပေါင်း ၁၃၀၉၆ ဦး ခန့်ထားပေးနိုင်ခဲ့သည်။

အလားတူ ၂၀၁၈ ခုနှစ် မေလအတွင်း နိုင်ငံအလိုက် ပြည်ပအလုပ်အကိုင်ရရှိမှုအနေဖြင့် မလေးရှား၊ စင်ကာပူ၊ ကိုရီးယား၊ ထိုင်း၊ ဂျပန်၊ ယူအေအီး၊ ဂျော်ဒန်၊ ကာတာ၊ မကာအိုနိုင်ငံတို့သို့ ၂၃၂၀၃ ဦး စေလွှတ်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေ လဲလှယ်နှုန်း

**နေပြည်တော် ဇွန် ၁၁**

ရန်ကုန်(ရွှေဈေး) ၉၃၃၅၀၀ - ၉၃၃၅၀၀ မန္တလေး(ရွှေဈေး) ၉၃၃၅၀၀ - ၉၃၃၅၀၀

**စက်သုံးဆီဈေးနှုန်း**

| | | | ရန်ကုန် | မန္တလေး |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်လီတာ | ၈၉၀/၉၁၅ ကျပ်၊ | ၉၄၀/၉၅၅ ကျပ် |
| (ခ) | အောက်တိန်း ၉၅ | တစ်လီတာ | ၉၁၀/၉၃၀ ကျပ်၊ | ၉၈၀/၁၀၀၀ ကျပ် |
| (ဂ) | အောက်တိန်း ၉၂ | တစ်လီတာ | ၈၅၅/၈၈၀ ကျပ်၊ | ၉၃၀/၉၆၀ ကျပ် |
| (ဃ) | အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၉၀၅/၉၃၀ ကျပ်၊ | ၉၅၀/၉၆၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၈၆၀/၈၆၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၈၇၀/၈၇၅ ကျပ်၊ အောက်တိန်း ၉၂ တစ်လီတာ ၈၁၀/၈၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၁၃၅၄. ၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၅၉၆. ၈ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၂၁၀. ၃၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၄၂. ၂၆၀ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၃၉. ၉၉ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၂၀. ၀၅၀ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၁၂၃၇. ၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၆. ၂၁ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၀၂၈. ၅ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၁၄. ၈ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးခင်မောင်ကျော်ဒင်
**စာတည်းမှူးများ** - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးကျော်ဇေယျာမြင့်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်မေလှဲ့သင်း

**သတင်းထောက်မှူး** - ဦးဌေးအောင်
**ဘာသာပြန်စာတည်းများ** - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဦးအောင်ကျော်ကျော်
**အကြီးတန်းသတင်းထောက်များ** - ဦးဟိန်းထက်လင်း၊ ဦးနိုင်လင်းကြည်၊ ဦးသက်ထွေး၊ ဒေါ်သီသီမင်း

**အငယ်တန်းသတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဒေါ်ခင်ဇာလီ၊ ဒေါ်ခင်စုစုလှိုင်
**ဓာတ်ပုံသတင်းထောက်** - ဦးခင်မောင်ဝင်း

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန်လ ၁၆ ရက် တွင် စတင်တည်ထောင်သည်။

Gmail themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

*(နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်းဌာနမှ သတင်းထောက် Orie Sugimoto က သီးသန့်တွေ့ဆုံမေးမြန်းခဲ့သည်။ ယင်းတွေ့ဆုံမေးမြန်းမှုကို NHK ၏ ခွင့်ပြုချက်ဖြင့် ဘာသာပြန်ဆို ဖော်ပြအပ်ပါသည်။)*

ဘာသာပြန် - အောင်ထိန်

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်အား ဂျပန်နိုင်ငံ NHK သတင်းဌာနက သီးသန့်တွေ့ဆုံမေးမြန်းခြင်း

**ဒေါ်အောင်ဆန်းစုကြည်နှင့် NHK တို့သီးသန့်တွေ့ဆုံမေးမြန်းခန်း ပြုလုပ်နိုင်ခြင်းမှာ ငါးနှစ်တာကာလအတွင်း ပထမဆုံးအကြိမ်ဖြစ်သည်။ မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် နက်ရှိုင်းစွာ အမြစ်တွယ်နေသောပြဿနာကို နေ့ချင်း၊ ညချင်း ဖြေရှင်းနိုင်မည်မဟုတ်ဟု ဒေါ်အောင်ဆန်းစုကြည်က ပြောကြားလိုက်သည်။**

(ယမန်နေ့မှ အဆက်)

**မေး ။ ။ သိပ်မကြာသေးမီက ဂျပန်သံအမတ်ကြီး Mr. Maruyama ကို မောင်တောနဲ့စစ်တွေကိုကွင်းဆင်းကြည့်ရှုဖို့ ဖိတ်ခေါ်ခဲ့ပါတယ်။ ဒီကိစ္စမှာ ဂျပန်နိုင်ငံရဲ့အခန်းကဏ္ဍကို ဘယ်ပုံဘယ်နည်း အကဲဖြတ် သုံးသပ်လိုပါသလဲ။**

ဖြေ ။ ။ ရခိုင်ပြည်နယ်မှာဖြစ်ပေါ်နေတဲ့ အခြေအနေနဲ့ပတ်သက်ပြီး ဖြေရှင်းနိုင်ဖို့ အလွန်အပြုသဘောဆောင်စွာနဲ့ လက်တွေ့ကျကျ အကူအညီပေးနေတဲ့ နိုင်ငံကတော့ ဂျပန်နိုင်ငံဖြစ်ပါတယ်။ အခုလို ကူညီပေးတဲ့အတွက် ကျွန်မတို့ လေးစားတန်ဖိုးထားပါတယ်။ ရခိုင်ဒေသအတွက် အကူအညီ အထောက်အပံ့ ပေးနေတဲ့နိုင်ငံတွေအနေနဲ့ အဲဒီမှာ ကျွန်မတို့ စီမံကိန်းတွေ ဘယ်လိုအကောင်အထည်ဖော်နေသလဲဆိုတာကို အသေအချာ မျက်မြင်ကြည့်ရှုနိုင်ဖို့ မကြာခဏသွားရောက်လေ့လာနိုင်အောင်လည်း မူဝါဒချမှတ်ထားပါတယ်။

**အစားထိုးလို့မရနိုင်**

**မေး ။ ။ ဂျပန်နိုင်ငံရဲ့ သဘောထားရပ်တည်ချက်ဟာ အခြားနိုင်ငံတွေနဲ့ နှိုင်းယှဉ်ကြည့်ရင် အနည်းငယ် ကွဲပြားခြားနားမှုရှိတယ်လို့ ယူဆပါသလား။**

ဖြေ ။ ။ နိုင်ငံတစ်နိုင်ငံချင်းစီရဲ့ သဘောထားရပ်တည်ချက်ဟာ တစ်မျိုးတစ်ဘာသာစီဖြစ်ပါတယ်။ နိုင်ငံအချို့က ဘုံသဘောထားရပ်တည်ချက်ကို ကိုင်စွဲကြသလို နိုင်ငံအချို့ကတော့ တစ်သီးပုဂ္ဂလသဘောထားရပ်တည်ချက်ကို ကိုင်စွဲကြတယ်။ ဒါပေမယ့် ကျွန်မတွေးမိတာကတော့ သဘောထားရပ်တည်ချက်တစ်ခုတည်းကို တစ်ထပ်တည်း လက်ခံထားတဲ့ နိုင်ငံနှစ်နိုင်ငံဆိုပြီး မရှိနိုင်ဘူးဆိုတာပါ။ ကွဲလွဲချက်အသေးအဖွဲ့ဆိုတာ ရှိစမြဲပေါ့။

**မေး။ ။ မြန်မာ-ဂျပန်ဆက်ဆံရေးရဲ့ ထူးခြားချက်အဖြစ် ဘယ်လိုယူဆပါသလဲ။**

ဖြေ ။ ။ ဂျပန်-မြန်မာဆက်ဆံရေးနဲ့ပတ်သက်ပြီး ထူးခြားချက်တစ်ရပ်လို့ ကျွန်မ မသတ်မှတ်ချင်ဘူး။ အဲဒီလိုသတ်မှတ်မယ်ဆိုရင် အခြားနိုင်ငံတွေနဲ့ ကျွန်မတို့နိုင်ငံ ဆက်ဆံရေးဟာမကောင်းဘူးလို့ အဓိပ္ပာယ်သက်ရောက်နေလိမ့်မယ်။ ဒါပေမယ့် နှစ်နိုင်ငံပြည်သူတွေအကြား ရင်းနှီးချစ်ကြည်မှုနဲ့ အပြန်အလှန်နားလည်မှုအပေါ် အခြေခံထားတဲ့ ဂျပန်နဲ့မြန်မာအကြား ဆက်ဆံရေး ခိုင်ကျည်မှုကို ကျွန်မတို့အနေနဲ့ အစဉ်အမြဲ တန်ဖိုးထားတယ်လို့ ဆိုနိုင်ပါတယ်။ ကျွန်မအမြဲပြောလေ့ရှိတာက နှစ်နိုင်ငံအကြား ရင်းနှီးချစ်ကြည်မှုဆိုတာ ပြည်သူတွေရဲ့ ရင်းနှီးချစ်ကြည်မှုအပေါ်မှာပဲ မူတည်ပါတယ်။

နှစ်နိုင်ငံပြည်သူတွေအကြား ရှိနေတဲ့ရင်းနှီးချစ်ကြည်မှုနဲ့ အပြန်အလှန်နားလည်မှုတို့ကို ဘာအရာနဲ့မှလည်း အစားထိုးလို့ မရနိုင်ပါဘူး။ အစိုးရတွေ ပြောင်းလဲသွားပေမယ့် ပြည်သူဆိုတာ ထာဝရရှိနေပါတယ်။ ရှင်ပြောဆိုနေတဲ့ ဂျပန်နဲ့ထူးခြားတဲ့ဆက်ဆံရေးဆိုတာ နှစ်နိုင်ငံပြည်သူတွေအကြား ရင်းနှီးချစ်ကြည်မှု နက်ရှိုင်းစွာတည်ရှိခြင်းကြောင့် တစ်စိတ်တစ်ဒေသ ဖြစ်ပေါ်လာတယ်လို့ ကျွန်မယူဆပါတယ်။

**ပြည်သူတိုင်းပါဝင်ဖို့လို**

**မေး ။ ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီနဲ့ဖွံ့ဖြိုးရေးတို့နဲ့ပတ်သက်ပြီး ဆက်ပါရစေ။ အစိုးရအဖွဲ့သစ်တာဝန်ယူခဲ့ပြီးတဲ့နောက် နှစ်နှစ်အကြာမှာ တိုးတက်အောင်မြင်မှု ကိန်းဂဏန်းတွေကို ပြောပြပေးပါဦး။**

ဖြေ ။ ။ တိုးတက်အောင်မြင်မှုတွေကို ရာခိုင်နှုန်းတွေ၊ ကိန်းဂဏန်းတွေနဲ့ ရှင်းပြဖို့ လုံးဝမဖြစ်နိုင်ဘူး။ ရာခိုင်နှုန်းတွေနဲ့ ကိန်းဂဏန်းတွေနဲ့ ယှဉ်ပြီးတော့လည်း ကျွန်မ မတွေးခဲ့ဘူး။ “လုပ်ငန်းစဉ်” ဆိုတဲ့အကြောင်းကိုပဲ ကျွန်မ ပြန်ပြောရလိမ့်မယ်။ နိုင်ငံတစ်နိုင်ငံရဲ့ ဖွံ့ဖြိုးရေးဆိုတာ လုပ်ငန်းစဉ်တစ်ခု ဖြစ်တယ်။ လုပ်ငန်းစဉ်ဆိုတာ ပြီးဆုံးခြင်းဆိုပြီး မရှိနိုင်ဘူး။ ဖွံ့ဖြိုးပြီး ဒီမိုကရေစီနိုင်ငံတွေမှာတောင် စိန်ခေါ်မှုတွေကို ထပ်တလဲလဲ ရင်ဆိုင်နေကြရဆဲဖြစ်ပါတယ်။ ကမ္ဘာကြီးပြောင်းလဲမှုနဲ့အတူ စိန်ခေါ်မှုအသစ်တွေ ပေါ်လာစမြဲပဲ။ ရှင် ပြောတဲ့အတိုင်း စံဒီမိုကရေစီအတွက် ပုံသေအတိုင်း ကျွန်မတို့ မလုပ်ဆောင်နိုင်ဘူး။ ဒီအရာဟာ အချိန်တိုင်းမှာ ပြောင်းလဲနေတယ်။

ဒါပေမယ့် ကျွန်မတို့အတွက် အခြေခံကျတဲ့ အရေးကြီးဆုံးအချက်ကတော့ ကျွန်မတို့ပြည်သူတွေအနေနဲ့ နိုင်ငံတော်အတွင်း ဒီမိုကရေစီတည်ဆောက်ရာမှာ ကျရာအခန်းကဏ္ဍကနေပြီး တစ်တပ်တစ်အား တာဝန်ယူဆောင်ရွက်ကြရမယ်ဆိုတာကို သိရှိထားကြဖို့ပါ။ ဒီမိုကရေစီတည်ဆောက်ရေးဆိုတာ အစိုးရအဖွဲ့ရဲ့ တာဝန်ဝတ္တရားမျှသာ မဟုတ်ပါဘူး။ အမှန်အတိုင်းဆိုရင် ဒီအချက်ဟာ ဆန့်ကျင်ဘက်သဘောတောင် သက်ရောက်နေပါတယ်။

ဒီမိုကရေစီလိုလားတယ်ဆိုရင် ဒီမိုကရေစီဟာ ပြည်သူအပေါ် အခြေခံတာကြောင့် ဒီမိုကရေစီစနစ်အောင်မြင်ရေးဆိုတာ အစိုးရအဖွဲ့ရဲ့ လက်ထဲမှာ လုံးလုံးလျားလျားရှိတယ်လို့ဆိုရင် လုံးဝဆန့်ကျင်ဘက် ဖြစ်နေလိမ့်မယ်။ ဒီမိုကရေစီလုပ်ငန်းစဉ်မှာ ပြည်သူတိုင်းပါဝင်ဖို့ လိုပါတယ်။ အဲဒီ လုပ်ငန်းစဉ်မှာ ပြည်သူဘယ်ရွေ့ဘယ်မျှ ပါဝင်နေတယ်၊ ဘယ်အတိုင်းအတာအထိ ပြည်သူတွေက ကိုယ်တိုင်ပါဝင်နေတယ်လို့ သတ်မှတ်ထားတယ်ဆိုပြီး ကျွန်မတို့အနေနဲ့ တွက်ချက်ဖို့တော့ ခက်ခဲပါလိမ့်မယ်။ ဒါပေမယ့် ၂၀၁၅ ရွေးကောက်ပွဲကို ပြန်ပြောင်းကြည့်ရင် ကျွန်မတို့ရဲ့ မဲဆန္ဒရှင်တွေ မဲရုံတွေဆီကိုသွားခဲ့ကြတဲ့ အချိုးအစားကတော့ ကောင်းမွန်တယ်ဆိုတာ ပြန်ပြောင်းသိနိုင်ပါတယ်။

မြန်မာနိုင်ငံဟာ နိုင်ငံတစ်ခုအနေနဲ့ ပညာရေးနိမ့်ကျခဲ့ပြီး ယခုထက်တိုင်အောင်လည်း ပညာရေးနိမ့်ကျမှုကို ခံစားနေကြရတုန်းပါပဲ။ လမ်းပန်းဆက်သွယ်ရေးမှာလည်း သာမန်လမ်းမျိုးတွေတောင် မတည်ဆောက်နိုင်လောက်အောင် နိမ့်ကျနေခဲ့ပါတယ်။ ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ခုရဲ့ နိုင်ငံသားများအဖြစ် သူတို့ရဲ့တာဝန်ဝတ္တရားကျေပွန်ဖို့ မဲရုံတွေဆီကိုသွားခဲ့တဲ့ ရာခိုင်နှုန်းမြင့်မားခဲ့တာကတော့ ကြီးမားတဲ့အောင်မြင်မှုတစ်ရပ်လို့ ကျွန်မ ထင်ပါတယ်။ ကျွန်မတို့အနေနဲ့ တင်းပြည့်ကျပ်ပြည့် ဒီမိုကရေစီနိုင်ငံတော် မဟုတ်သေးပါဘူး။ လွှတ်တော်ကိုကြည့်မယ်ဆိုရင် ဒီမိုကရေစီ ၇၅ ရာခိုင်နှုန်းပဲ ရှိတယ်ဆိုတာ ထင်ရှားစွာမြင်နိုင်ပါတယ်။ ဘာလို့လဲဆိုတော့ လွှတ်တော်ကိုယ်စားလှယ် ဦးရေရဲ့ ၇၅ ရာခိုင်နှုန်းကိုပဲ ပြည်သူတွေက ရွေးချယ်တင်မြှောက်ခဲ့လို့ပါပဲ။

> **“ကျွန်မတို့ရဲ့ ပြည်သူတွေဟာ ရွေးကောက်ပွဲ မတိုင်မီ အခြေအနေနဲ့ နှိုင်းယှဉ်ကြည့်ရင်တော့ အကြောက်တရားတွေ ပိုနည်းသွားတယ်။ ပြည်သူတွေအနေနဲ့ အတိတ်ကာလနဲ့ နှိုင်းယှဉ်ရင် သူတို့ရဲ့ အစိုးရအဖွဲ့ကိုရော အစိုးရနဲ့ ပတ်သက်နေသူတွေကိုပါ ယခင်ကထက် ပိုပြီး ပွင့်ပွင့်လင်းလင်းဝေဖန် လာနိုင်ကြတယ်ဆိုတာ ရှင် သတိပြုမိလိမ့်မယ်လို့ ကျွန်မ ထင်မြင်မိတယ်။ ဒီမိုကရေစီလွတ်လပ်ခွင့် တိုးတက်လာခဲ့ပြီဆိုတာကို ဒီအချက်က ဖော်ညွှန်း နေတာပါ။ ဒါပေမယ့် လွတ်လပ်မှုဆိုတာ တာဝန် ယူမှုနဲ့ ဒွန်တွဲနေတယ်ဆိုတာကို ကျွန်မတို့အားလုံး သိရှိနားလည်ကြရပါလိမ့်မယ်”**

ဒါပေမယ့်လည်း ဒီမိုကရေစီ ရပြီးတဲ့အဆင့်နဲ့ပတ်သက်လာရင် ဒီရာခိုင်နှုန်းနဲ့ ဆုံးဖြတ်နိုင်တယ်လို့တော့ ကျွန်မ မထင်ဘူး။ ကျွန်မတို့ရဲ့ပြည်သူတွေဟာ ရွေးကောက်ပွဲမတိုင်မီ အခြေအနေနဲ့နှိုင်းယှဉ်ကြည့်ရင်တော့ အကြောက်တရားတွေ ပိုနည်းသွားတယ်။ ပြည်သူတွေအနေနဲ့ အတိတ်ကာလနဲ့ နှိုင်းယှဉ်ရင် သူတို့ရဲ့အစိုးရအဖွဲ့ကိုရော အစိုးရနဲ့ပတ်သက်နေသူတွေကိုပါ ယခင်ကထက် ပိုပြီးပွင့်ပွင့်လင်းလင်း ဝေဖန်လာနိုင်ကြတယ်ဆိုတာ ရှင် သတိပြုမိလိမ့်မယ်လို့ ကျွန်မ ထင်မြင်မိတယ်။ ဒီမိုကရေစီလွတ်လပ်ခွင့် တိုးတက်လာခဲ့ပြီဆိုတာကို ဒီအချက်က ဖော်ညွှန်းနေတာပါ။ ဒါပေမယ့် လွတ်လပ်မှုဆိုတာ တာဝန်ယူမှုနဲ့ ဒွန်တွဲနေတယ်ဆိုတာကို ကျွန်မတို့အားလုံး သိရှိနားလည်ကြရပါလိမ့်မယ်။ ဒီမိုကရေစီလုပ်ငန်းစဉ်မှာ ပြည်သူတွေရဲ့ တာဝန်ယူမှုတွေ ဘယ်လောက်အတိုင်းအတာအထိ တိုးတက်လာပြီဆိုတာကို ကျွန်မတို့ အသေအချာ သိအောင်လုပ်ဖို့ လိုပါသေးတယ်။

**တာဝန်ယူမှုရှိကြဖို့**

**မေး ။ ။ ဒီမိုကရေစီဟာ ပြည်သူအပေါ် အခြေပြုတယ်လို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်ဖော်ပြခဲ့တဲ့အတိုင်း ပြည်သူတွေရဲ့စိတ်ဓာတ်တွေဟာ လွန်ခဲ့တဲ့ နှစ်နှစ်နဲ့နှိုင်းယှဉ်ရင် ပြောင်းလဲသွားခဲ့ပြီလို့ ထင်မြင်ယူဆပါသလား။**

ဖြေ ။ ။ အစောပိုင်း ကျွန်မပြောခဲ့တဲ့အတိုင်း ပြည်သူတွေဟာ အကြောက်တရား ပိုလျော့နည်းသွားပြီ။ ဒါကို ထောက်ချင့်ပြီး ပြည်သူတွေရဲ့စိတ်ဓာတ်ပြောင်းလဲနေတယ်လို့ ဆိုနိုင်တယ်။ ကျွန်မတို့အစိုးရဟာ တာဝန်ယူမှုဆိုတာကို အကြိမ်ကြိမ် သုံးစွဲခဲ့ပြီး ပြည်သူတွေအနေနဲ့ တာဝန်ယူမှုရှိကြဖို့ဆိုတဲ့အချက်ကို ကျွန်မတို့ ထပ်တလဲလဲ ပြောနေမှာပါ။ ကျွန်မတို့အစိုးရဟာ “တာဝန်ယူမှု”ဆိုတဲ့ ဝေါဟာရကို မကြာခဏသုံးစွဲလေ့ရှိတယ်။ ဒီလိုသုံးစွဲရတာဟာ အရေးကြီးတယ်လို့ ကျွန်မ ထင်မြင်မိပါတယ်။

**မေး ။ ။ မြန်မာနိုင်ငံဟာ ဒီမိုကရေစီအပြည့်အဝမရသေးဘူးလို့ နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ်က ပြောခဲ့ပါတယ်။ ဘာကြောင့်လဲဆိုတော့ နိုင်ငံရေးမှာ တပ်မတော်ရဲ့ ဩဇာလွှမ်းမိုးမှုရှိနေဆဲဖြစ်လို့။ ရခိုင်ပြဿနာ ဒါမှမဟုတ် တိုင်းရင်းသားလူမျိုးများ ပြန်လည်သင့်မြတ်ရေးတို့လို ကြီးကျယ်လှတဲ့ကိစ္စရပ်တွေကို ကိုင်တွယ်ဖြေရှင်းရာမှာ ဒီအချက်ကအတားအဆီး ပိုပြီးဖြစ်စေပါသလား။**

ဖြေ ။ ။ ကျွန်မတို့ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေကို ကိုင်တွယ်ဖြေရှင်းရာမှာ ဘူးလေးရာဖရုံဆင့် ဆိုတာမျိုးလို့ပဲ ပြောပါရစေ။ ရှင် ပြောခဲ့တဲ့အတိုင်း ကျွန်မရှင်းပြခဲ့သလို ကျွန်မတို့ရဲ့နိုင်ငံဟာ တင်းပြည့်ဒီမိုကရေစီလူ့ဘောင် မဟုတ်သေးဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်မတို့ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဟာ ဒီမိုကရေစီ အပြည့်အဝ မဆန်သေးတာကြောင့်ပါ။

**လမ်းပြမြေပုံတစ်ရပ်**

**မေး ။ ။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့မှာ ခိုင်မာတဲ့တိုးတက်မှုတွေကို ကျွန်မတို့ မတွေ့မြင်ရသေးပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့ဆိုတဲ့ ရည်မှန်းချက်ပေါက်မြောက်စေဖို့ လမ်းပြမြေပုံတစ်ရပ်ရပ် ရှိပါသလား။**

ဖြေ ။ ။ ကျွန်မတို့အနေနဲ့ လမ်းပြမြေပုံတစ်ရပ် သေချာပေါက် ရှိပါတယ်။ ပြည်သူကိုတော့ ချမပြပါဘူး။ ဒါပေမယ့် တစ်ချိန်တည်းမှာပဲ ပြောချင်တာကတော့ ၂၀၁၄ ခုနှစ်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ဖို့နဲ့ပတ်သက်ပြီး လွှတ်တော်မှာ အချေအတင်ဆွေးနွေးပွဲလုပ်ခဲ့ပါတယ်။ ငြိမ်းချမ်းစွာ ဆွေးနွေးညှိနှိုင်းခြင်းမှတစ်ဆင့် တရားဥပဒေမူဘောင်အတွင်းကနေ ပြင်ဆင်ချက်လုပ်နိုင်ဖို့ ကျွန်မတို့ လိုလားတယ်ဆိုတာ သိသာထင်ရှားစွာပြသခဲ့ပါတယ်။ ကျွန်မတို့ရဲ့နိုင်ငံမှာ ဒီမိုကရေစီယန္တရားလည်ပတ်ရေးအတွက် ခိုင်မာတောင့်တင်းတဲ့ အခြေခံမူတွေချမှတ်နိုင်ဖို့ ကျွန်မတို့လိုလားတဲ့အတွက်ကြောင့်ပဲ ဖြစ်ပါတယ်။

**မေး ။ ။ ရခိုင်ပြည်နယ်ရဲ့ ပကတိအခြေအနေကို တည်ငြိမ်အေးချမ်းအောင် ဒါမှမဟုတ် အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ပတ်သက်ပြီး ကိုင်တွယ်ဆောင်ရွက်ရာမှာ တပ်မတော်ရဲ့ဩဇာကြောင့် ထိန်းကျောင်းဖို့ ရံဖန်ရံခါ အခက်အခဲတွေ့ရပါသလား။**

ဖြေ ။ ။ ရှင် ဆိုလိုချင်တာကို ကျွန်မ နားမလည်ဘူး။ ဘာကြောင့်လဲဆိုတော့ ရခိုင်ပြည်နယ်မှာ ဖြစ်ပျက်နေသမျှအပေါ် တပ်မတော်ရဲ့အင်အားကြောင့် တိုက်ရိုက်အကျိုးသက်ရောက်မှုရှိတယ်လို့တော့ ကျွန်မ မထင်ဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ရွေးကောက်ခံအစိုးရအဖွဲ့ဟာ စစ်ဆင်ရေးလုပ်ငန်းတွေလုပ်ဖို့ ညွှန်ကြားခွင့်မရှိဘူးဆိုတာကို ကျွန်မလည်းသိတယ်၊ ရှင်သိမယ်လို့လည်းထင်တယ်။ အဲဒါကြောင့် တင်းပြည့်ဒီမိုကရေစီ အစိုးရအဖွဲ့တစ်ရပ် ကျင့်သုံးနိုင်တဲ့ အလုံးစုံထိန်းချုပ်မှုမျိုး ကျွန်မတို့မှာ မရှိပါဘူး။

**တရားစီရင်ရေးအပိုင်း**

**မေး။ ။ မကြာသေးမီက ရခိုင်ပြည်နယ်အရေး သတင်းရယူနေတုန်း ရိုက်တာသတင်းထောက်နှစ်ဦး အဖမ်းခံခဲ့ကြရပါတယ်။ လွတ်လပ်စွာ ပြောဆိုခွင့်အပေါ် ကန့်သတ်ပိတ်ပင်မှုနဲ့ ဒီမိုကရေစီနည်းလမ်းနဲ့အညီ လျော်ကန်မှုမရှိဘူးဆိုပြီး မြန်မာနိုင်ငံကို ဝေဖန်ကြပါတယ်။ ရခိုင်ပြည်နယ်မှာ လူ့အခွင့်အရေးကိစ္စနဲ့ပတ်သက်ပြီး သတင်းယူဖို့လုပ်ဆောင်နေချိန်မှာ သတင်းထောက်တွေ အဖမ်းခံခဲ့ရပါတယ်။ ဒီဝေဖန်ချက်တွေနဲ့ပတ်သက်ပြီး ဘယ်လိုတုံ့ပြန်ပြောချင်ပါသလဲ။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီဟာ နိုင်ငံတကာ အသိုက်အဝန်းက ယုံကြည်ယူဆတဲ့ ဒီမိုကရေစီနဲ့ ကွဲပြားခြားနားနေပါသလား။**

ဖြေ ။ ။ ရခိုင်အရေးသတင်းယူမှုအတွက် သူတို့အဖမ်းခံခဲ့ကြရတာ မဟုတ်ပါဘူး။ နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေကို သူတို့ချိုးဖောက်ခဲ့တာကြောင့် အဖမ်းခံခဲ့ကြရတာပါ။ ဘယ်သူမဆို တရားရုံးတော်ရဲ့ ကြားနာစစ်ဆေးမှုတွေကို လွတ်လပ်စွာ ရယူနိုင်တယ်ဆိုတာ ရှင်သိလိမ့်မယ်လို့ ကျွန်မထင်တယ်။ ဒါတွေအားလုံးဟာ လုပ်ထုံးလုပ်နည်းတွေနဲ့အညီ သွားနေတာပါ။ NHK သတင်းထောက်အနေနဲ့ တရားရုံးတော် ကြားနာစစ်ဆေးမှုတွေကို ပုံမှန်တက်ရောက်သတင်းရယူနေတယ်မဟုတ်ဘူးလား။

တရားဥပဒေနဲ့အညီ လုပ်ထုံးလုပ်နည်းများအတိုင်း တရားဥပဒေစိုးမိုးရေးနဲ့အညီ လုပ်ဆောင်နိုင်တဲ့အတိုင်း ကျွန်မတို့ လုပ်ဆောင်ရမှာကတော့ အရေးကြီးလှပါတယ်။ သူတို့ဟာ နိုင်ငံတော် လျှို့ဝှက်ချက်အက်ဥပဒေကို ချိုးဖောက်ခဲ့တာကြောင့် အဖမ်းခံခဲ့ကြရတယ်။ သူတို့ အပြစ်ရှိတယ်၊ မရှိဘူးဆိုတာကို လောလောဆယ် ကျွန်မတို့ မပြောနိုင်ပါဘူး။ အဲဒါကတော့ တရားစီရင်ရေးအပိုင်းပဲဖြစ်ပါတယ်။ တရားစီရင်ရေးအပိုင်းကပဲ ဆုံးဖြတ်ရမှာပါ။ ရခိုင်အရေး သတင်းရရှိဖို့လုပ်ဆောင်နေတာကြောင့် သူတို့အဖမ်းခံရတာ မဟုတ်ပါဘူး။

**မေး ။ ။ ဒီကိစ္စသတင်းရရှိဖို့ လုပ်ဆောင်နေတာကြောင့် အဖမ်းခံရတာ မဟုတ်ဘူး၊ ဒါပေမယ့် သူတို့သတင်းယူနေတုန်း . . . ။**

ဖြေ ။ ။ အခြားကိစ္စတွေလည်း ပါပါတယ်။ တရားရုံးတော်ရဲ့ ကြားနာစစ်ဆေးမှုတွေအတိုင်း ရှင်စောင့်ကြည့်ခဲ့မယ်ဆိုရင်၊ ကျွန်မထင်တယ် နိုင်ငံတော်လျှို့ဝှက်ချက် အက်ဥပဒေချိုးဖောက်မှုနဲ့ ပတ်သက်နေတဲ့ တခြားကိစ္စရပ်တွေနဲ့ ပတ်သက်နေတယ်ဆိုတာကို ရှင်နားလည်ပါလိမ့်မယ်။

**စာမျက်နှာ ၄ သို့ ❖**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် ထိုင်းနိုင်ငံသံအမတ်ကြီးအား လက်ခံတွေ့ဆုံ

**နေပြည်တော် ဇွန် ၁၁**

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Jukr Boon-Long အား ယနေ့ညနေ ၃ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ထိုင်း-မြန်မာ နှစ်နိုင်ငံအကြား လွှတ်တော်အချင်းချင်း၊ ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတိုးမြှင့်ဆောင်ရွက်ရေး၊ စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာကိစ္စ၊ ဘဏ်နှင့် အသေးစားနှင့် အလတ်စားလုပ်ငန်းများ (SMEs) ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စ၊ ခရီးသွားလုပ်ငန်းမြှင့်တင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စ၊ ထိုင်းနိုင်ငံရှိ မြန်မာအလုပ်သမားများ၏ အလုပ်သမားအခွင့်အရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**



**ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr.Jukr Boon-Long အား လက်ခံတွေ့ဆုံစဉ်။**



# အထူးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်း ထိုင်းသံအမတ်ကြီးအား လက်ခံတွေ့ဆုံ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ အမြင်ချင်းဖလှယ်

**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုလွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Jukr Boon-Long အား ယနေ့ညနေ ၃ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်ရေးရာဆောင်အမှတ် (I-11) ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံစဉ် ဥပဒေရေးရာကိစ္စရပ်များ၊ နှစ်နိုင်ငံဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးကြသည်။

**သတင်းစဉ်**

# ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့ ရန်ကုန်မြို့သို့ ရောက်ရှိ

**ရန်ကုန် ဇွန် ၁၁**

ဩစတြေးလျနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပစိဖိတ်ရေးရာဝန်ကြီး အထက်လွှတ်တော်အမတ် The Honourable Concetta Fierravanti-Wells ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ ညနေ ၄ နာရီ မိနစ် ၄၀ က လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိသည်။

ကိုယ်စားလှယ်အဖွဲ့အား မြန်မာနိုင်ငံဆိုင်ရာ ဩစတြေးလျနိုင်ငံ သံအမတ်ကြီး H.E. Mr. Nicholas Coppel၊ နိုင်ငံခြားရေးဝန်ကြီးဌာန မဟာဗျူဟာလေ့လာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ကေသီစိုးနှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။ **သတင်းစဉ်**



❖ စာမျက်နှာ ၃ မှ

**မေး ။ ။ အဲဒီသတင်းထောက် နှစ်ဦးကို ချက်ချင်းလွှတ်ပေးဖို့ နိုင်ငံတကာအသိုက်အဝန်းရှိ အမျိုးမျိုးသော အဖွဲ့အစည်းတွေက တောင်းဆိုနေပါတယ်။ နိုင်ငံတကာအသိုက်အဝန်းရဲ့ အသံတွေကို ဘယ်လို ရှုမြင်ပါသလဲ။**

ဖြေ။ ။ ကျွန်မပြောခဲ့တဲ့အတိုင်း လုပ်ထုံးလုပ်နည်းနဲ့အညီ သွားနေပြီး မည်သူမဆို တရားရုံးတော်ရဲ့ ကြားနာစစ်ဆေးမှုတွေကို လွတ်လပ်စွာရယူနိုင်မှာဖြစ်လို့ တရားမျှတမှု ရှိ၊ မရှိ၊ တရားဥပဒေစိုးမိုးရေးနဲ့ ညီ၊ မညီ စောင့်ကြည့်ရပါလိမ့်မယ်။

**မေး။ ။ မြန်မာ-ဂျပန် ဆက်ဆံရေးနဲ့ပတ်သက်ပြီး မြန်မာနိုင်ငံမှာ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှု ဖြစ်လာဖို့၊ အထူးသဖြင့်စီးပွားရေးဆက်ဆံမှု ကောင်းမွန်လာဖို့အတွက် ဂျပန်နိုင်ငံအနေနဲ့ ဘယ်လိုအခန်းကဏ္ဍမျိုးကနေ ရပ်တည်သင့်တယ်လို့ မျှော်လင့်ထားပါသလဲ။**

ဖြေ။ ။ ဂျပန်နိုင်ငံအနေနဲ့ နားလည်မှုရှိပြီး ထာဝရမိတ်ဆွေ နိုင်ငံတစ်နိုင်ငံအဖြစ် ရပ်တည်မယ့် အခန်းကဏ္ဍမျိုးကို ကျွန်မတို့ မျှော်လင့်ပါတယ်။

**မေး။ ။ ဂျပန်ကုမ္ပဏီအများအပြားဟာ မြန်မာနိုင်ငံကိုလာရောက်ဖို့ ဆန္ဒရှိနေကြပြီး မြန်မာ့စီးပွားရေးမှာ ပါဝင်လှုပ်ရှားချင်ကြပါတယ်။ ဒါပေမယ့် အထူးသဖြင့် လျှပ်စစ်ဓာတ်အားလိုမျိုး အခြေခံအဆောက်အအုံတွေနဲ့ ပတ်သက်လို့ ဂျပန်ကုမ္ပဏီတွေ စိုးရိမ်ပူပန်မှုတွေရှိနေပါတယ်။ ဒီကုမ္ပဏီတွေအတွက် ပိုမိုကောင်းမွန်တဲ့ပတ်ဝန်းကျင်တစ်ရပ်မျိုးကို ကျွန်မတို့ မျှော်လင့်နိုင်ပါ့မလား။**

ဖြေ။ ။ လွန်ခဲ့တဲ့ နှစ်နှစ်တာကာလအတွင်း အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးအတွက် ကျွန်မတို့ ဘာလုပ်ခဲ့တယ်ဆိုတာကို သူတို့လေ့လာသင့်တယ်။ သိသာသော တိုးတက်မှုတွေ ကျွန်မတို့ လုပ်ဆောင်နိုင်ခဲ့တယ်ဆိုတာကို သူတို့တွေ့မြင်လိမ့်မယ်လို့ ကျွန်မထင်ပါတယ်။ လွန်ခဲ့တဲ့ နှစ်နှစ်တာကာလမှာ ကျွန်မတို့ရဲ့ စီးပွားရေးလိုအပ်ချက်တွေထက် နိုင်ငံရေးလိုအပ်ချက်တွေအပေါ် ကျွန်မတို့ ပိုမိုအာရုံစိုက်ခဲ့ကြတယ်ဆိုတဲ့အချက်ကို ရှင်းသိစေချင်ပါတယ်။

ဆိုလိုတာကတော့ စီးပွားရေးအရ အကျိုးအမြတ် ဖြစ်ထွန်းစေဖို့ဆိုတဲ့ အကြောင်းပြချက်တွေထက် နိုင်ငံရေးလိုအပ်ချက်နဲ့အညီ မြန်မာနိုင်ငံရဲ့ ဒေသတွေမှာ လမ်းတွေဖောက်ပေးဖို့၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးဖို့ဆိုတာကို ဦးစားပေးလုပ်ငန်းအဖြစ် ကျွန်မတို့ သတ်မှတ်ခဲ့ပါတယ်။ ဒါပေမယ့် အခုအချိန်ထိ ပထမဦးစားပေးလုပ်ငန်းကို ကျွန်မတို့လိုသလောက်လုပ်ဆောင်နိုင်ခဲ့ပြီးဖြစ်လို့ ယခုအခါမှာ စီးပွားရေးအရ အကျိုးကျေးဇူး ပိုမိုရရှိနိုင်တဲ့ ကဏ္ဍတွေကို ကျွန်မတို့ အာရုံစိုက်နေပါတယ်။

**မေး။ ။ မြန်မာနဲ့ဂျပန်နိုင်ငံတို့ စီးပွားရေးဆက်ဆံမှုဟာ မြန်မာနိုင်ငံရဲ့ အနာဂတ်အတွက် ပံ့ပိုးလိမ့်မယ်လို့ ယုံကြည်ယူဆပါသလား။**

ဖြေ။ ။ ဒါကတော့ ကျွန်မတို့နိုင်ငံရဲ့ အနာဂတ်အတွက်သာမက ဂျပန်နိုင်ငံရဲ့ အနာဂတ်အတွက်လည်း ပံ့ပိုးပါလိမ့်မယ်။

**မေး။ ။ ဒါပေမယ့် မြန်မာနိုင်ငံအတွက်ရော။**

ဖြေ။ ။ နည်းမှန်လမ်းမှန် လုပ်ဆောင်ကြမယ်ဆိုရင် နှစ်နိုင်ငံစလုံးရဲ့ အနာဂတ်အတွက် ပံ့ပိုးမှုဖြစ်လာမှာပေါ့။ ကျွန်မပြောခဲ့တဲ့အတိုင်း ကျွန်မတို့ မျှမျှတတဖြစ်သင့်တယ်။ ကျွန်မတို့ နှစ်နိုင်ငံဟာ တစ်နိုင်ငံစီရဲ့လိုအပ်ချက်တွေနဲ့ အကျိုးစီးပွားတွေကို နှစ်ဦးနှစ်ဖက် ကြည့်ရမှာပါ။ ကိုယ့်နိုင်ငံအတွက်ပဲ တစ်ဖက်သတ် ကြည့်လို့တော့မရဘူး။ ။

**✻ G-7 ထိပ်သီးအစည်းအဝေးမှ**

ပြန်လည်ဝင်ရောက်နိုင်ရေးအတွက် ပံ့ပိုးကူညီပေးသွားမည်ဖြစ်ကြောင်း ဖော်ပြခဲ့သည်။

### လက်မှတ်ရေးထိုးခဲ့

နေရပ်စွန့်ခွာသွားသူများ ပြန်လည်လက်ခံရေးကိစ္စနှင့်ပတ်သက်၍ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံတို့အကြား သဘောတူညီချက်ကို အကောင်အထည်ဖော်ရန် မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုများတွင် အထောက်အကူပြုနိုင်ရေးအတွက် ဇွန် ၆ ရက်က မြန်မာအစိုးရနှင့် UNHCR၊ UNDP တို့အကြား နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့သည်။

### ခေါင်းဆောင်များက ကြိုဆို

ထို့အပြင် မေ ၃၁ ရက်ကလည်း ရခိုင်ပြည်နယ်အတွင်း ပြန်လည်သင့်မြတ်ရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ ဆောင်ရွက်ရာတွင် အမျိုးသားအစီအစဉ်တစ်ရပ်အနေဖြင့် မြန်မာအစိုးရသည် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ရပ် ဖွဲ့စည်းသွားရန် ဆုံးဖြတ်ကြောင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ ယင်းကတိကဝတ်များကို G-7 နိုင်ငံခေါင်းဆောင်များက ကြိုဆိုခဲ့ခြင်း ဖြစ်သည်။

### ထုတ်ပြန်ကြေညာ

မြန်မာအစိုးရ၏ အဆိုပါ ကြိုးပမ်းဆောင်ရွက်မှုများအပေါ် ကုလသမဂ္ဂနှင့် အမေရိကန်နိုင်ငံ၊ ပြင်သစ်နိုင်ငံ၊ တရုတ်နိုင်ငံ၊ ဂျပန်နိုင်ငံတို့ အပါအဝင် နိုင်ငံများကလည်း ကြိုဆိုကြောင်း ထုတ်ပြန်ကြေညာခဲ့ကြသည်။ **သတင်းစဉ်**

**✱ ရွှေ့ဖုံးမှ**

မြေ သုည ဒသမ ၉၁ ဧကအနက် မြေ သုည ဒသမ ၁၅ ဧကကို တစ်လလျှင် ငွေကျပ် ၃၀၀၀၀ ဖြင့် ပုဂ္ဂလိကလုပ်ငန်းရှင် ဦးယဉ်ထွေးနှင့် မြေ သုည ဒသမ ၆၈၈ ဧကကို တစ်လလျှင် ငွေကျပ် ၁၅၀၀၀၀ ဖြင့် ရွှေထီးရောမော်တော်ယာဉ်အသင်းတို့ကို အိတ်ဖွင့် တင်ဒါစနစ် ၃ နှစ်သက်တမ်းဖြင့် ၂၀၁၆ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် စတင်ငှားရမ်းခဲ့ပါကြောင်း၊ မူလငှားရမ်းခအပေါ်တွင် တစ်လလျှင် ၅ ရာခိုင်နှုန်းထက်မနည်း တိုးမြှင့်ပြီး တစ်နှစ်တစ်ကြိမ် စာချုပ်ဖြင့် ငှားရမ်းလျက်ရှိပါကြောင်း၊ ယင်းစာချုပ်သည် ၂၀၁၉ ခုနှစ် ဒီဇင်ဘာ ၁ ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါကြောင်း။

အဆိုပါမြေများကို စည်ပင်သာယာဈေးအဖြစ် ပြည်သူများအကျိုးအတွက် တည်ဆောက်မည်ဆိုပါက မြေယာစီမံခန့်ခွဲမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့က နိုင်ငံတော်သမ္မတရုံးထံ အသုံးပြုခွင့်ရရှိရေးကို တင်ပြနိုင်ပါကြောင်း၊ ယင်းမြေကွက်အား ထီးချိုင့်စည်ပင်သာယာဈေးအတွက် အသုံးချနိုင်ရန် နိုင်ငံတော်က သဘောတူညီပါက လက်ရှိငှားရမ်းစာချုပ်သက်တမ်းကုန်ဆုံးသည့်ရက် နောက်ပိုင်းတွင် မိမိဝန်ကြီးဌာနအနေဖြင့် စစ်ကိုင်းတိုင်းဒေသကြီး မြေယာစီမံခန့်ခွဲမှုအောက်သို့ လွှဲပြောင်းပေးနိုင်ရန် တည်ဆဲမြေအသုံးချမှုဆိုင်ရာ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ နိုင်ငံတော်သို့ အပ်နှံပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ငပလီရေလှောင်တမံ၏ ဆည်ရေပြင်နယ်နိမိတ်ဧရိယာကို ဒေသခံပြည်သူများ ထင်ရှားစွာ သိမြင်နိုင်စေရန် လုပ်ငန်းအစီအမံများ ချမှတ်ထားပြီးဖြစ်

သံတွဲ မဲဆန္ဒနယ်မှ ဦးမင်းကြည်၏ **ငပလီမြို့ အမှတ်(၃) လင်းသာရပ်ကွက်အတွင်းရှိ ငပလီရေလှောင်တမံ၏ တရားဝင်နယ်နိမိတ်သတ်မှတ် ဧရိယာကို ဒေသခံပြည်သူများ ထင်ရှားသိမြင်နိုင်အောင် သတ်မှတ်ပေးရန်နှင့် သတ်မှတ်ဧရိယာအတွင်း တရားမဝင် ကျူးကျော်ဝင်ရောက်နေထိုင်မှုများကို ရပ်တန့်အောင် မည်ကဲ့သို့ တားဆီးပေးမည်ကို သိလိုခြင်း**နှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရခိုင်ပြည်နယ် သံတွဲမြို့နယ်အတွင်း တည်ရှိသည့် ငပလီရေလှောင်တမံ( ငှက်ပျောချောင်းရေလှောင်တမံ)ကို ငပလီမြို့နှင့် ယင်းဒေသ ဟိုတယ်ဇုန် သောက်သုံးရေရရှိရေးအတွက် ရည်ရွယ်ပြီး ၁၉၇၀ ပြည့်နှစ်က တည်ဆောက်ပြီးစီးခဲ့ပါကြောင်း၊ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်းထားသည့် ရေလှောင်တမံဖြစ်ပါကြောင်း။

ငပလီရေလှောင်တမံ၏ ဆည်ရေပြင်နယ်နိမိတ်ဧရိယာကို ဒေသခံပြည်သူများ ထင်ရှားစွာ သိမြင်နိုင်စေရန် နယ်နိမိတ်မှတ်တိုင်များ စိုက်ထူသွားနိုင်ရေးအတွက် လုပ်ငန်းအစီအမံများ ချမှတ်ထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းဆောင်ရွက်ရန် လိုအပ်မည့်ရန်ပုံငွေအတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ရခိုင်ပြည်နယ် အစိုးရအဖွဲ့ ရန်ပုံငွေတွင် ထည့်သွင်းလျာထားတောင်းခံပြီး အကောင်ထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ငပလီရေလှောင်တမံ၏ သတ်မှတ်ဧရိယာအတွင်း ကျူးကျော်ဝင်ရောက်ပြီး ခြံကွက်ရိုက်ခြင်း၊ နေထိုင်ခြင်း၊ တစ်ဆင့် ပြန်ရောင်းခြင်းတို့ ပြုလုပ်နေသည့်ကိစ္စများနှင့် ပတ်သက်၍ ဆည်အဝင်လမ်းတွင် ဈေးဆိုင်ခန်းများ ကျူးကျော်ဆောက်လုပ်ထားမှုကို စိစစ်တွေ့ရှိရသည့်အတွက် ၂၀၁၈ ခုနှစ် မေလကုန်တွင် အပြီးရှင်းလင်းဖယ်ရှားဆောင်ရွက်ပေးခဲ့ကြောင်း။

သတ်မှတ်ဧရိယာအတွင်း တည်ရှိနေသည့် မြေအနေအထားကို စိစစ်ဆောင်ရွက်ခဲ့ရာ ဆည်မြောင်းနယ်နိမိတ်အတွင်း ယခင်က နယ်နိမိတ် သတ်မှတ်ခြင်းမရှိနိုင်သေးသည့်ကာလက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲမှုဗဟိုကော်မတီက မြေလွတ်၊ မြေရိုင်းများ လုပ်ပိုင်ခွင့်ပြုထားသည့် ဧရိယာအချို့ ပါဝင်ခဲ့မှုကို စိစစ်တွေ့ရှိခဲ့ရပါကြောင်း၊ ၂၀၁၅ ခုနှစ် ဇန်နဝါရီလအတွင်း ခွင့်ပြုပေးထားသည့် ကောင်းမြန်မာအောင်ကုမ္ပဏီ၏ မြေလွတ်၊ မြေရိုင်းဧရိယာ အစိတ်အပိုင်းအလိုက် စုစုပေါင်း ၇၆ ဧကနှင့် ပတ်သက်၍ စိစစ်ရန်ကိစ္စပေါ်ပေါက်လာခဲ့ပါကြောင်း၊ ကောင်းမြန်မာအောင်ကုမ္ပဏီကို ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲမှုဗဟိုကော်မတီက ၂၀၁၅ ခုနှစ် ဇန်နဝါရီ ၁၅ ရက်တွင် ခွင့်ပြုခဲ့ပါကြောင်း။

ခွင့်ပြုစဉ်က ငပလီရေလှောင်တမံ၏ ရေဝေရေလဲဧရိယာများသည် မြေလွတ်၊ မြေရိုင်းအဖြစ် တည်ရှိနေခဲ့ပါကြောင်း၊ ခွင့်ပြုပြီးနောက်ပိုင်း ငပလီရေလှောင်တမံ၏ နယ်နိမိတ်အပိုင်းအခြားကို အမိန့်ကြော်ငြာစာထုတ်ပြန်ခဲ့ရာ ကောင်းမြန်မာအောင် ကုမ္ပဏီသို့ ခွင့်ပြုခဲ့သည့်ဧရိယာများသည် ရေလှောင်တမံ၏ နယ်နိမိတ်အပိုင်းအခြားအတွင်း ပါဝင်ခဲ့ပါကြောင်း၊ မြေလွတ်၊ မြေရိုင်း ခွင့်ပြုချက်နှင့် စပ်လျဉ်း၍ ပြန်လည်စိစစ်သွားနိုင်ရန်အတွက် ၂၀၁၈ ခုနှစ် ဇွန် ၈ ရက်တွင် ကျင်းပသည့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများစီမံခန့်ခွဲရေးဗဟိုကော်မတီညှိနှိုင်းအစည်းအဝေးတွင် တင်ပြဆွေးနွေးပြီး အထူးအဖွဲ့ဖြင့် ကွင်းဆင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ထားပါကြောင်း၊ ကွင်းဆင်းစစ်ဆေးချက်နှင့်အညီ တည်ဆဲဥပဒေများအရ ပြန်လည်သုံးသပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

## ပြည်တွင်းတွင် ခိုင်းကျွဲ၊ နွား ပြတ်လပ်မှုမရှိစေရေးနှင့် ပြည်တွင်း နွားမွေးမြူရေး စဉ်ဆက်မပြတ်စေရန်အတွက် မည်ကဲ့သို့ စီစဉ်ထား

မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး၏ **ကျွဲ၊ နွားအရှင်များအား ပြည်ပသို့ တရားဝင်တင်ပို့ခွင့်ပြုခဲ့ပြီး ပြည်တွင်းတွင် ခိုင်းကျွဲ၊ နွား ပြတ်လပ်မှုမရှိစေရေးနှင့် ပြည်တွင်း နွားမွေးမြူရေး စဉ်ဆက်မပြတ်စေရန်အတွက် မည်ကဲ့သို့ စီစဉ်ထားကြောင်း သိလိုခြင်း**နှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ကျွဲ၊ နွား အရှင်များကို ပြည်ပသို့ တရားဝင်တင်ပို့ခြင်းဖြင့် နိုင်ငံတော်မှ ရသင့်ရထိုက်သော အခွန်အခများရရှိစေရန်၊ နယ်စပ်ဖြတ်ကျော် ကူးစက်ရောဂါများ ထိန်းချုပ်နိုင်ရန်၊ ပြည်သူများအနေဖြင့် ကျွဲ၊ နွားများ ပြည်ပတင်ပို့ ရောင်းချမှုမှ ရရှိသောဝင်ငွေဖြင့် မိသားစုစားဝတ်နေရေးကို တစ်ဖက်တစ်လမ်းမှ အထောက်အကူဖြစ်စေရန်၊ တရားမဝင် ကျွဲ၊ နွားများ ပြည်ပသို့တင်ပို့နေခြင်းကို ပပျောက်လာစေပြီး နိုင်ငံ၏ပို့ကုန်ဝင်ငွေကို မြှင့်တင်နိုင်စေရန်ရည်ရွယ်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှ ဈေးကွက်စီးပွားရေးနှင့်အညီ ကျွဲ၊ နွားများ ပြည်ပသို့ တရားဝင်ရောင်းချခွင့်ကို ၂၀၁၇ ခုနှစ် အောက်တိုဘာ ၉ ရက်က ခွင့်ပြုခဲ့ခြင်းဖြစ်ပါကြောင်း။



ထီးချိုင့်မဲဆန္ဒနယ်မှ ဦးမောင်မောင်



မင်းလှမဲဆန္ဒနယ်မှ ဒေါက်တာဦးသန်းအောင်စိုး

ပို့ကုန်ဈေးကွက် သဘောတရားနှင့်အညီ မိမိဘက်မှ ရောင်းလိုအား၊ တစ်ဖက်၏ လိုအပ်အားကို ချိန်ဆပြီး မွေးမြူထုတ်လုပ်ရေးအပိုင်းအတွက် ရေရှည် ကျွဲ၊ နွား၊ သယံဇာတများ ထိန်းသိမ်းစောင့်ရှောက်နိုင်ရန် ၅ နှစ် အစီအမံရေးဆွဲဆောင်ရွက်ထားရှိပါကြောင်း၊ တစ်နိုင်ငံလုံးရှိ သားစပ်နိုင်သော နွားမများ၏ ၉၅ ရာခိုင်နှုန်းကို သားစပ်ခြင်းနှင့် ကျန် ၅ ရာခိုင်နှုန်းကို မေထုန်မဲ့သားစပ်ခြင်းဆောင်ရွက်ရန် ရည်မှန်းချက်ထား ဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိဝန်ကြီးဌာနအနေဖြင့် ပုဂ္ဂလိကကဏ္ဍ တစ်ဖက်မှ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျွဲ၊ နွားမွေးမြူထုတ်လုပ်မှု ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် တင်ပို့သူသည် မိမိကိုယ်တိုင်မွေးမြူ၍လည်းကောင်း၊ မွေးမြူသူအား ထောက်ပံ့ပေးခြင်းဖြင့် လည်းကောင်း ထုတ်လုပ်သူအဖြစ် ပါဝင်ဆောင်ရွက်လာစေရန် စည်းရုံးဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျွဲ၊ နွားအရှင် ပြည်ပသို့တင်ပို့မှု လုပ်ငန်းစဉ်နှင့် ယှဉ်တွဲပြီး ပြည်တွင်း ခိုင်းကျွဲ၊ နွား ပြတ်လပ်မှုမရှိစေရန်အတွက် စနစ်တကျ အစီအမံ ချမှတ်ဆောင်ရွက်လျက်ရှိပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဘီးလင်းမဲဆန္ဒနယ်မှ ဦးတင်ကိုကိုဦး(ခ)ဦးအတွတ်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းနှင့် မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်တို့၏ မေးခွန်းများနှင့်စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလှကျော်က ရှင်းလင်းဖြေကြားသည်။

## အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂၁)ဦးက ဆွေးနွေး

ထို့နောက် မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး တင်သွင်းသည့် **နိုင်ငံတော်အစိုးရအနေဖြင့် ရခိုင်ပြည်နယ်အတွက် လွတ်လပ်သောကော်မရှင်တစ်ခုကို နိုင်ငံတကာမှ ပုဂ္ဂိုလ်ကြီးတစ်ဦး အပါအဝင် အဖွဲ့ဝင် ၃ ဦးဖြင့် ဖွဲ့စည်းခြင်းနှင့် စပ်လျဉ်း၍ UNSC ကိုယ်စားလှယ်အဖွဲ့၏ အကြံပြုချက်တွင် ပြည်ပအဖွဲ့ဖြင့် စစ်ဆေးခြင်းနှင့် ပြည်တွင်းအဖွဲ့ဖြင့် စစ်ဆေးခြင်းနည်းလမ်း နှစ်သွယ်ပါရှိရာ လွတ်လပ်သော နိုင်ငံတော်၏ အချုပ်အခြာအာဏာနှင့် နိုင်ငံသားပြည်သူများ၏ ဂုဏ်သိက္ခာကို လေးစားယုံကြည်သောအားဖြင့် ပြည်တွင်းမှ ကျွမ်းကျင်ပညာရှင်များဖြင့်သာ ဖွဲ့စည်းဆောင်ရွက်ရေးကို ပြန်လည် စဉ်းစားဆုံးဖြတ်ပေးရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း** အရေးကြီးအဆိုကို လွှတ်တော်ကိုယ်စားလှယ်(၂၁)ဦးက ဆွေးနွေးကြသည်။

ကျောက်ဖြူ မဲဆန္ဒနယ်မှ ဦးဘရှိန်က ARSA အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လုံခြုံမှုများ ပျက်ယွင်းသွားသည့် မောင်တော၊ ဘူးသီးတောင်နှင့် ရသေ့တောင်မြို့တို့တွင် ဒေသတည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးတို့အတွက် တပ်မတော်အပါအဝင် သက်ဆိုင်ရာဒေသများမှ အုပ်ချုပ်ရေး၊ စီမံခန့်ခွဲရေးတာဝန်ထမ်းဆောင်ကြသည့် ဝန်ထမ်းများ အသက်ပေးပြီး ဆောင်ရွက်ခဲ့ကြရပါကြောင်း၊ ယခုကော်မရှင်သည် ARSA အကြမ်းဖက်သမားများ၏ ပြစ်မှုကျူးလွန်သည်များကို ဖော်ထုတ်အရေးယူရန်မဟုတ်ဘဲ မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာ၊ နိုင်ငံတော်လုံခြုံရေးနှင့် နိုင်ငံသားများ၏ ဂုဏ်သိက္ခာကို ကမ္ဘာ့အလယ်တွင် မညှိုးနွမ်းစေရန် ကာကွယ်ခဲ့ကြသည့် မသေမပျောက်ဘဲ ကျန်သည့်သူများကို တစ်စုံတစ်ရာ အမှားအယွင်းရှိလျှင် အရေးယူရန် ရည်ရွယ်ပြီး ဖွဲ့စည်းမည့် ကော်မရှင်မျိုးဖြစ်နေပါကြောင်း။

ပြည်တွင်းရေးကို ပြည်တွင်းရေးဟု သဘောထားပြီး ဆောင်ရွက်သင့်ပါကြောင်း၊ လက်ရှိတွင် ဒုတိယသမ္မတ ဦးမြင့်ဆွေ ဦးဆောင်သည့် ကော်မရှင်က လိုအပ်သည်များကို စစ်ဆေးဆောင်ရွက်ပြီးဖြစ်ပါကြောင်း၊ ထို့ကြောင့် နိုင်ငံတော်သမ္မတရုံး၏ ထုတ်ပြန်ချက် ၃/ ၂၀၁၈ ပါ ကော်မရှင်ကို ဖွဲ့စည်းရန် မသင့်ပါကြောင်း၊ မလွှဲမသွေလိုအပ်သည်ဆိုလျှင်လည်း နိုင်ငံသားပညာရှင်များနှင့်သာ ဖွဲ့စည်းသင့်ပါကြောင်းနှင့် အဆိုကို ထောက်ခံပါကြောင်း ဆွေးနွေးသည်။

ပျော်ဘွယ်မဲဆန္ဒနယ်မှ ဦးသောင်းအေးက ကမ္ဘာ့နိုင်ငံတိုင်းသည် မိမိပိုင်နက်နယ်မြေ၊ မိမိပြည်သူ၊ မိမိအစိုးရ၊ မိမိ၏အချုပ်အခြာအာဏာနှင့် မိမိနိုင်ငံ၏ အမျိုးသားအကျိုးစီးပွားကို စောင့်ရှောက်ကာကွယ်လျက်ရှိကြပါကြောင်း၊ မိမိတို့နိုင်ငံတော်တွင် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် မိမိတို့ တစ်မျိုးသားလုံး၏ အမျိုးသားအကျိုးစီးပွားဖြစ်ပါကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၈) ပုဒ်မ ၃၈၃ တွင် နိုင်ငံသားတိုင်း ယင်းအရေး(၃)ပါးကို စောင့်ထိန်းရန် တာဝန်ရှိသည်ဟု ဖော်ပြထားပါကြောင်း၊ ထို့ကြောင့် ယင်းအရေး (၃)ပါးကို ပျက်စီးစေမည့် မည်သည့်အခြေအနေမျိုးကိုမဆို အမျိုးသားလုံခြုံရေးရှုထောင့်မှ ကြည့်ရှုကာကွယ်ရမည်မှာ မိမိတို့၏ သမိုင်းပေးတာဝန်ဖြစ်ပါကြောင်း။

လူ့အခွင့်အရေးနှင့် လူသားချင်းစာနာမှုဆိုသည်မှာ ဗုဒ္ဓဘာသာထွန်းကားသည့် မြန်မာနိုင်ငံတွင် မြန်မာ့ယဉ်ကျေးမှုနှင့် တစ်သားတည်းရှိသည့် နိုင်ငံသားများ၏ လူမှုကျင့်ဝတ်များဖြစ်ပါကြောင်း၊ တစ်ဖက်လူ့အဖွဲ့အစည်းများအပေါ် လူသားချင်းစာနာပါကြောင်း၊ ဖြစ်ပေါ်နေသည့် ဒုက္ခသည်အရေးသည် တမင်စီမံဖန်တီးနေသောကြောင့် အမျိုးသားအကျိုးစီးပွား ထိပါးမခံရအောင် ဆောင်ရွက်သင့်ပါကြောင်း၊ ရခိုင်ပြည်နယ်အရေးကို ကိုင်တွယ်မည်ဆိုလျှင် အစွန်းရောက်အကြမ်းဖက်အဖွဲ့အစည်းများ၏ လူမျိုး တစ်မျိုး၊ နယ်မြေတစ်ခု ရရှိရေးဆိုသည့် ဦးတည်ချက်ကို ထည့်တွက်ရန် လိုအပ်ပါကြောင်း၊ ကော်မရှင်ဖွဲ့စည်းခြင်းသည် မမှန်သတင်းများနှင့် အစိုးရ၊ တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့များကို UN လုံခြုံရေးကောင်စီနှင့် ICC သို့ ရောက်ရန် ဦးတည်ဆောင်ရွက်နေခြင်းနှင့် ထပ်တူဖြစ်သည့်အတွက် မိမိတို့အချုပ်အခြာအာဏာနှင့် အမျိုးသားအကျိုးစီးပွားမဆုံးရှုံးရအောင် နိုင်ငံတကာပုဂ္ဂိုလ်ကြီးတစ်ဦးပါဝင်သည့် ကော်မရှင်နှင့် စစ်ဆေးမည့်အစီအစဉ်ကို လုပ်ဆောင်ရန် မသင့်ပါကြောင်းနှင့် အဆိုအား ထောက်ခံပါကြောင်း ဆွေးနွေးသည်။

အလားတူ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ၊ ဇေယျာသီရိမဲဆန္ဒနယ်မှ ဦးလှဌေးဝင်း၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးခင်မောင်ချို၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ဒေါ်ယဉ်မင်းလှိုင်၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၊ မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးမင်းသော်အေး၊ ဝေါ မဲဆန္ဒနယ်မှ ဦးတင်ထွေး၊ ပေါက်တောမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဇံ၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးစိုးမြင့်အောင်၊ သန်လျင်မဲဆန္ဒနယ်မှ ဦးလွင်ကိုလတ်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးကြီးမြင့်ချို၊ ရသေ့တောင်မဲဆန္ဒနယ်မှ ဒေါ်ခင်စောဝေ၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ဝင်း၊ ပြည်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်ခင်စိုးစိုးကြည်၊ တပ်မတော်သားကိုယ်စားလှယ် ဒုတိယဗိုလ်မှူးကြီးဝင်းကို၊ ဆိပ်ကြီးခနောင်တိုမဲဆန္ဒနယ်မှ ဦးတင်ထွန်းနိုင်နှင့် မြစ်သားမဲဆန္ဒနယ်မှ ဒေါက်တာဦးလင်းလင်းကျော်တို့က ဆွေးနွေးကြသည်။

ယင်းအဆိုနှင့်စပ်လျဉ်း၍ နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးခင်မောင်တင်က သံသယများ၊ မယုံကြည်နိုင်မှုများ ဖြစ်ပေါ်နေသည့် နိုင်ငံတကာအသိုင်းအဝိုင်းကို တုံ့ပြန်ဖြေရှင်းရာတွင် အများယုံကြည် လက်ခံနိုင်သည့် အခြေအနေများကို ဦးတည်၍ မိမိနိုင်ငံ၏ အချုပ်အခြာအာဏာပိုင်မှုဘောင်အတွင်းနှင့် နိုင်ငံတကာ ဥပဒေရှုထောင့်အတွင်းမှ တုံ့ပြန်နိုင်ရန် အထူးအရေးကြီးပါကြောင်း၊ နိုင်ငံတကာအင်အားချိန်ခွင်လျှာ အနေအထားနှင့် နိုင်ငံမဟုတ်သည့် အဖွဲ့အစည်းများ၏ ဩဇာကြီးထွားလာမှုများက သက်ဆိုင်ရာနိုင်ငံများ၏ လုပ်ကိုင်ဆောင်ရွက်ချက်များအပေါ်တွင် သက်ရောက်မှုရှိလာသည်မှာ လွှတ်တော်ကိုယ်စားလှယ်များအားလုံးအသိပင် ဖြစ်ပါကြောင်း။

လုံခြုံရေးကောင်စီတွင် အဖွဲ့ဝင်နိုင်ငံ အများအပြားက ဖိအားပေးနေသည့်အချိန်၊ International Criminal Court-ICC တွင် အမှုဖွင့်အရေးယူနိုင်ရန် ကြိုးပမ်းနေသည့်အချိန်၊ လူ့အခွင့်အရေးအဖွဲ့အစည်းများ၏ စွပ်စွဲချက်များအရ မြန်မာနိုင်ငံအပေါ် နိုင်ငံတကာအရေးယူမှုများ တိုးမြှင့်ဖြစ်ပေါ်လာစေရန် လှုံ့ဆော်နေသည့်အချိန်၊ ယခုကဲ့သို့ အရေးကြီးလှသည့် အချိန်အခါမျိုးတွင် ထိပ်တိုက်ရင်ဆိုင်ခြင်းသည် မြန်မာနိုင်ငံနှင့် မြန်မာပြည်သူများအတွက် မည်သည့် အတိုင်းအတာအထိ အန္တရာယ်ကြီးမားနိုင်မည်ကို အရှိကိုအရှိတိုင်း သိမြင် နားလည်ကြစေလိုပါကြောင်း၊ အခြေအနေအရပ်ရပ်နှင့် ဖြစ်လာနိုင်သည့် အလားအလာများကို ဘက်စုံထောင့်စုံမှ ကြိုတင်ဆင်ခြင်သုံးသပ်ပြီး အကောင်းဆုံးဖြစ်နိုင်မည့် နည်းလမ်းကို ရွေးချယ်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြည်တွင်းမှ ကျွမ်းကျင်သူပညာရှင်များနှင့် ဖွဲ့စည်းဆောင်ရွက်ရန်ဆိုသည့် မိုင်းပန်မဲဆန္ဒနယ်မှ ဦးစိုင်းကျော်မိုး၏ အရေးကြီးအဆိုကို အတည်မပြုသင့်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆိုရှင် ဦးစိုင်းကျော်မိုးက မိမိအဆိုအား အတည်ပြုလိုကြောင်း တင်ပြသည်။

ယင်းနောက် လွှတ်တော်၏ သဘောထားရယူရန် စက်ခလုတ်နှိပ် မဲခွဲဆုံးဖြတ်ရာ ထောက်ခံမဲ ၁၃၈ မဲ၊ ကန့်ကွက်မဲ ၂၅၁ မဲနှင့် ကြားနေမဲ ၃ မဲဖြင့် ကန့်ကွက်မဲများသဖြင့် အဆိုအား အတည်မပြုကြောင်း ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးတီခွန်မြတ်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်မရှိ ပြန်လည်ပေးပို့သော ရုပ်မြင်သံကြားနှင့် အသံထုတ်လွှင့်မှုဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လက်ခံရရှိကြောင်းနှင့် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး(၁၄)ရက်မြောက်နေ့ကို ဇွန် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာသည်။

**အေးအေးသန့်(သတင်းစဉ်)**

○ ဒုတိယအကြိမ်မှ

ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဘော်ရယ်စိုးဝေ၏ **အသက် ၇၀ ပြည့်ပြီးသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစား သက်ကြီးရွယ်အို ပင်စင်စားများကို နိုင်ငံတော်မှ တစ်လုံးတစ်ခဲပင်စင် အပြီးပြတ်ထုတ်ပေးရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက အငြိမ်းစားများအနေဖြင့် တစ်လုံးတည်း ပင်စင်လဲလှယ်ခြင်းဖြင့် လဲလှယ်သည့်အချိန်တွင် ပမာဏတစ်ရပ်အထိ ငွေတစ်လုံးတစ်ခဲတည်း ရရှိနိုင်သော်လည်း ရေရှည်တွင် ပုံမှန်ဝင်ငွေရရှိမှုကို ထိခိုက်လာနိုင်ပြီး စားဝတ်နေရေး အသုံးစရိတ်အတွက် ထိခိုက်လာနိုင်သကဲ့သို့ နိုင်ငံ့ဝန်ထမ်းများအား အခါအားလျော်စွာ လစာတိုးမြှင့်မှုနှင့်အတူ ပင်စင်လစာများ တိုးမြှင့်ပေးသည့်အခါတွင် လဲလှယ်ပေးထားသည့်ပမာဏအတွက် တိုးမြှင့်ခံစားနိုင်ခြင်းမရှိဘဲ လဲလှယ်ပြီးနောက် ကျန်ရှိသည့် ပင်စင်လစာပမာဏကိုသာ အချိုးကျ ခံစားနိုင်မည်ဖြစ်ပါကြောင်း၊ နိုင်ငံတော်ဘက်မှကြည့်ပါက ရေရှည်ပင်စင်လစာ ပေးနေရခြင်းတွင် သက်သာနိုင်ပြီး လတ်တလော တစ်လုံးတစ်ခဲတည်း ပေးရခြင်းသည် အသုံးစရိတ်များစွာ သုံးစွဲရမည်ဖြစ်ပါကြောင်း။

## တစ်လုံးတစ်ခဲတည်း ပင်စင်ခံစားခွင့်နှင့်ပတ်သက်၍ တည်ဆဲအမိန့်၊ ညွှန်ကြားချက်များအပေါ် ပြင်ဆင်နိုင်မှု မရှိသေး

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနအနေဖြင့် တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်အား သတ်မှတ်နိုင်ရေးအတွက် တွက်ချက်သုံးသပ်မှုများ ပြုလုပ်ခဲ့ရာတွင် လက်ရှိအချိန်တွင် တစ်လုံးတည်း ပင်စင်လဲလှယ်ခွင့်ရှိသည့် ဦးရေ စုစုပေါင်း ၄၁၇၁၃၉ ဦး၊ ၎င်းတို့အား ငွေကျပ်၂၅၀၀ အထိ လဲလှယ်ခွင့်ပြုမည်ဆိုပါက ငွေကျပ် ၁၂၄ ဒသမ ၇၇ ဘီလီယံ၊ ငွေကျပ် ၂၀၀၀၀ လဲလှယ်ခွင့်ပြုမည်ဆိုပါက ငွေကျပ် ၉၁၀ ဒသမ ၆၀ ဘီလီယံနှင့် ငွေကျပ် ၅၀၀၀၀ လဲလှယ်ခွင့်ပြုမည်ဆိုပါက ငွေကျပ် ၁၉၆၁ ဒသမ ၆၉ ဘီလီယံ ကုန်ကျမည်ဖြစ်သည်ကို တွက်ချက်ရရှိပါကြောင်း၊ တစ်လုံးတည်းပင်စင်လဲလှယ်ခွင့်ကို မည်သည့်ငွေပမာဏအထိ လဲလှယ်ခွင့်ပြုနိုင်မည်၊ မည်သည့်အသက်အပိုင်းအခြားအထိ လဲလှယ်ခွင့်ပြုနိုင်မည် စသည်တို့အပါအဝင် အကန့်အသတ်ဖြင့်သာ ခွင့်ပြုခြင်းကို နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေ ကောင်းမွန်လာမှုအပေါ် မူတည်၍ သုံးသပ်ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ လက်ရှိအခြေအနေတွင် နိုင်ငံတော်၏ ဘဏ္ဍာရေးအခြေအနေအရ တစ်လုံးတစ်ခဲတည်း ပင်စင်ခံစားခွင့်နှင့်ပတ်သက်၍ တည်ဆဲအမိန့်၊ ညွှန်ကြားချက်များအပေါ် ပြင်ဆင်နိုင်မှု မရှိသေးပါကြောင်း။

အငြိမ်းစား ဝန်ထမ်းအင်အားအရေအတွက်မှာ ၂၀၁၈ ခုနှစ် မတ်လ ၃၁ ရက်တွင် စုစုပေါင်း ၉၃၈၅၁၁ ဦးရှိပြီး ၂၀၁၇ - ၂၀၁၈ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်မှ ကျခံသုံးစွဲရသည့် ပင်စင်လစာနှင့် ဆုကြေးအသုံးစရိတ်မှာ ငွေကျပ် ၇၄၂ ဘီလီယံခန့် ဖြစ်ပါကြောင်း၊ သို့ဖြစ်ပါ၍ အသက် ၇၀ ပြည့်ပြီးသော နိုင်ငံ့ဝန်ထမ်း အငြိမ်းစားများအား နိုင်ငံတော်မှ တစ်လုံးတစ်ခဲတည်း ပင်စင် အပြီးအပြတ်ထုတ်ပေးနိုင်ရန် လတ်တလောတွင် အစီအစဉ် မရှိသေးပါကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေ၊ ပင်စင်ဥပဒေ၊ နည်းဥပဒေများနှင့် နိုင်ငံတော်မှ ထုတ်ပြန်ထားသည့် တည်ဆဲအမိန့်၊ ညွှန်ကြားချက်များနှင့်အညီ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးထွန်းထွန်းဦး၏ **မြန်မာနိုင်ငံ၏ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်လာသော မိုဘိုင်းဘဏ္ဍာရေးဆိုင်ရာ ငွေကြေးဝန်ဆောင်မှုစနစ်များကို သတင်းအချက်အလက် ပေါက်ကြားမှုနှင့် ဆိုက်ဘာတိုက်ခိုက်ခံရမှုများမရှိဘဲ ပြည်သူအများစိတ်ချလုံခြုံစွာ အသုံးပြုနိုင်ရန်အတွက် ခိုင်မာသော နည်းပညာလုံခြုံရေးအစီအမံများ ဆောင်ရွက်ထားရှိစေရန် မြန်မာနိုင်ငံတော်ဗဟိုဘဏ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ ညွှန်ကြားထိန်းသိမ်း စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းက မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း (Mobile Financial Services) ဆိုသည်မှာ မိုဘိုင်းနည်းပညာကို အသုံးပြု၍ ငွေပေးချေမှုပြုလုပ်ခြင်း၊ ငွေရေးကြေးရေးဝန်ဆောင်မှုပေးခြင်း


ဦးကျော်နီနိုင်


ဦးထွန်းထွန်းဦး

လုပ်ငန်းများ ဖြစ်ပါကြောင်း၊ မိုဘိုင်းဖုန်းအသုံးပြု၍ ငွေသွင်းခြင်း၊ ငွေထုတ်ခြင်း၊ ပစ္စည်းဝယ်ယူမှုနှင့် ဝန်ဆောင်မှု ရယူသုံးစွဲခြင်းများအတွက် ငွေပေးချေခြင်း၊ ဝန်ထမ်းလစာများ ထုတ်ပေးခြင်း၊ သက်သာချောင်ချိရေး၊ လူမှုထောက်ပံ့ငွေများ ထုတ်ပေးခြင်း၊ ငွေကြေးများ လွှဲပြောင်းခြင်း၊ ဝန်ဆောင်မှုဘေလ်များအတွက် ငွေပေးချေခြင်း၊ Top up ပြုလုပ်ခြင်းစသည့် ဝန်ဆောင်မှုများ ပါဝင်ပါကြောင်း။

မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူသည် မိမိနှင့် ဆက်သွယ်ဆောင်ရွက်သူများထံမှ မိုဘိုင်းစာရင်းသို့ ကြိုတင်ပေးသွင်းထားငွေများနှင့် ညီမျှသည့် ငွေပမာဏကို ဘဏ်တစ်ခုခု သို့မဟုတ် တစ်ခုထက်ပိုသောဘဏ်များတွင် ယုံကြည်အပ်နှံ ငွေစာရင်းဖွင့်လှစ်၍ အစဉ်ထိန်းသိမ်းထားရှိရမည် ဖြစ်ပါကြောင်း၊ အဆိုပါ ငွေအား ငွေဖြစ်လွယ်သော ရပိုင်ခွင့်များအဖြစ် ထားရှိရမည်ဖြစ်ပြီး ယင်းမှရရှိလာသည့် အတိုး သို့မဟုတ် အကျိုးအမြတ် တစ်စုံတစ်ရာကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ တစ်နှစ်လျှင်တစ်ကြိမ် တင်ပြရမည် ဖြစ်ပါကြောင်း၊ ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုတိုက်ဖျက်ရေးဆိုင်ရာ လိုက်နာဆောင်ရွက်ရန် အချက်များကိုလည်း အဆင့် သုံးဆင့်ခွဲခြားသတ်မှတ်ထားပြီး အဆင့် ၁ နှင့် အဆင့် ၂ စာရင်းများသည် လူပုဂ္ဂိုလ်များအတွက်ဖြစ်၍ အဆင့် ၃ စာရင်းသည် မှတ်ပုံတင်ထားသည့် တရားဝင်အဖွဲ့အစည်းများအတွက် ဖြစ်ပါကြောင်း။

## စည်းမျဉ်းများကို လိုက်နာရန်ပျက်ကွက်သော မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုပေးသူကို လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည်

မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူသည် မြန်မာနိုင်ငံတော်ဗဟိုဘဏ်က သတ်မှတ်ထားသည့်အတိုင်း အစီရင်ခံစာများကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ ပုံမှန်တင်ပြရမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများဆိုင်ရာ စည်းမျဉ်းနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ အခါအားလျော်စွာ ထုတ်ပြန်ထားသည့် ကြပ်မတ်ကွပ်ကဲခြင်းဆိုင်ရာ စည်းမျဉ်းများကို လိုက်နာရန်ပျက်ကွက်သော မိုဘိုင်းငွေရေးကြေးရေးဝန်ဆောင်မှုပေးသူကို လိုအပ်သော အရေးယူဆောင်ရွက်မှုများ ပြုလုပ်သွားမည် ဖြစ်ပါကြောင်း။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥပဒေ ၇၉အရ မြန်မာနိုင်ငံတော်ဗဟိုဘဏ်သည် လုံခြုံမှုနှင့် ထိရောက်မှုရှိသော ငွေပေးချေစနစ်ဖြစ်စေရန် ဤဥပဒေနှင့် အခြားသက်ဆိုင်ရာ ဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လျှောက်ထားလာသည့် အဖွဲ့အစည်းတစ်ရပ်ရပ်အား လိုင်စင်ထုတ်ပေးခြင်း၊ ငြင်းပယ်ခြင်း၊ ရုပ်သိမ်းခြင်းနှင့် ယင်းလုပ်ငန်းကို ကြီးကြပ်စစ်ဆေးခြင်း၊ ကြပ်မတ်ကွပ်ကဲခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ မိုဘိုင်းငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်းများအတွက် ပြည်သူအများ စိတ်ချလုံခြုံစွာ အသုံးပြုနိုင်စေရန် ယင်းအဖွဲ့အစည်းများကို လုပ်ငန်းလုပ်ကိုင်ခွင့် လိုင်စင်ထုတ်ပေးသူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် စည်းမျဉ်းများ၊ ညွှန်ကြားချက်များ ထုတ်ပြန်ထားရှိ၍ ကွပ်ကဲကြပ်မတ် ဆောင်ရွက်လျက် ရှိပါကြောင်း၊ အဆိုပါ စည်းမျဉ်း၊ ညွှန်ကြားချက်များကိုလည်း ပြင်ဆင်ရန်၊ ဖြည့်စွက်ရန်၊ အသစ်ထပ်မံထည့်သွင်းရန် လိုအပ်လာပါက အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

အလားတူ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးစိုင်းစံအောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်းနှင့် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးဌေးတင်းတို့၏ မေးခွန်းများနှင့် စပ်လျဉ်း၍ နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်သန်းထွဋ် က ပြန်လည်ရှင်းလင်း ဖြေကြားခဲ့သည်။

## ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်းက **အမျိုးသားလွှတ်တော်ကအတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ ကြက်ခြေနီအသင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**နှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့်ဥပဒေကြမ်း

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေကို စတုတ္ထအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်း**ကို အသိပေးတင်ပြ၍ ယင်းပြင်ဆင်ချက်ကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

## ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီးပေးပို့လာသော ရုပ်မြင်သံကြားနှင့် ဗီဒီယိုဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား** အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူရာ လွှတ်တော်က သဘောတူအတည်ပြုကြောင်း ကြေညာသည်။

## မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီဥပဒေကြမ်း

ထို့နောက် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးအောင်ကြည်ညွန့်က **ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပေးပို့လာသော မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီ ဥပဒေကြမ်း**ကို အမျိုးသားလွှတ်တော်က ဆွေးနွေးနိုင်ရန် ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားရှင်းလင်းရာတွင် ကော်မတီသည် ယင်းဥပဒေကြမ်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းကောင်စီ၊ မြန်မာနိုင်ငံသွားဘက်ဆိုင်ရာ ဆရာဝန်များအသင်းတို့မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဖိတ်ကြားထားသည့် လွှတ်တော်ကိုယ်စားလှယ်များနှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အသေးစိတ်ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ယင်းဥပဒေကြမ်းကို ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် အမျိုးသားလွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေး ၁၄ ရက်မြောက်နေ့ကို ဇွန် ၁၃ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ရဲသွင် (သတင်းစဉ်)**

# ၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာ

**၂၀၁၈ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့သို့ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာန ကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ် အဆင့်၊ တက္ကသိုလ်ဝင်ခွင့်လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့် ပုံစံစာအိတ်ကို ဇွန်လ ၂၅ ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန် ဖြစ်ပါသည်။**

**အဆိုပါ တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာစာအိတ်ကို ဇွန်လ ၂၆ ရက်မှ ဇူလိုင်လ ၂၀ ရက်အထိ (သတ်မှတ်ရက်အတွင်း) စနေနေ့၊ တနင်္ဂနွေနေ့ ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်၊ ကောလိပ်များတွင် လျှောက်လွှာတင်နိုင်ပါသည်-**

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) လွိုင်ကော်တက္ကသိုလ်
(၃) ဘားအံတက္ကသိုလ်
(၄) ဟားခါးကောလိပ်
(၅) မုံရွာတက္ကသိုလ်
(၆) စစ်ကိုင်းတက္ကသိုလ်
(၇) ထားဝယ်တက္ကသိုလ်
(၈) တောင်ငူတက္ကသိုလ်
(၉) ပြည်တက္ကသိုလ်
(၁၀) ပဲခူးတက္ကသိုလ်
(၁၁) မကွေးတက္ကသိုလ်
(၁၂) ပခုက္ကူတက္ကသိုလ်
(၁၃) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၄) မိတ္ထီလာတက္ကသိုလ်
(၁၅) မော်လမြိုင်တက္ကသိုလ်
(၁၆) စစ်တွေတက္ကသိုလ်
(၁၇) တောင်ကုတ်ဒီဂရီကောလိပ်
(၁၈) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၁၉) တောင်ကြီးတက္ကသိုလ်
(၂၀) လားရှိုးတက္ကသိုလ်
(၂၁) ကျိုင်းတုံတက္ကသိုလ်
(၂၂) ပုသိမ်တက္ကသိုလ်
(၂၃) ဟင်္သာတတက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အောက်ဖော်ပြပါ တက္ကသိုလ် ၁၁ ကျောင်းသို့ တက်ရောက်လိုသူများသည် သက်ဆိုင်ရာ တက္ကသိုလ်မှ နိုင်ငံပိုင်သတင်းစာများတွင် သီးခြားကြော်ငြာခေါ်ယူမည်ဖြစ်ပြီး အဆိုပါတက္ကသိုလ်များ၏ သတ်မှတ်လျှောက်လွှာပုံစံများဖြင့် တိုက်ရိုက်လျှောက်ထားရမည်ဖြစ်ပါသည်-

(၁) ရန်ကုန်နည်းပညာတက္ကသိုလ်
(၂) မန္တလေးနည်းပညာတက္ကသိုလ်
(၃) နည်းပညာတက္ကသိုလ် (မန္တလေး)
(၄) သတင်းအချက်အလက်နည်းပညာတက္ကသိုလ်
(၅) မန္တလေးကွန်ပျူတာတက္ကသိုလ်
(၆) ရန်ကုန်တက္ကသိုလ်
(၇) မန္တလေးတက္ကသိုလ်
(၈) ရန်ကုန်စီးပွားရေးတက္ကသိုလ် (ရွာသာကြီးနယ်မြေ)
ရန်ကုန်စီးပွားရေးတက္ကသိုလ် (လှိုင်နယ်မြေ)
(၉) ရန်ကုန်ပညာရေးတက္ကသိုလ်
(၁၀) ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
(၁၁) မန္တလေးနိုင်ငံခြားဘာသာတက္ကသိုလ်

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ) သထုံလမ်း ကမာရွတ်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၃၇၆၇၇ နှင့် ၅၂၅၆၁၂ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံးခွဲ)**

## ပြည်သူ့သဘောထားစင်မြင့်

*တိုင်းပြည်၏နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးစသည်တို့နှင့်စပ်လျဉ်း၍ ရှုထောင့်စုံမှ သဘောထားအမြင်စုံတို့ကို အများပြည်သူသို့ တင်ပြပေးနိုင်ရန် ဤကဏ္ဍကို ဖွင့်လှစ်ခြင်းဖြစ်၍ စိတ်ဝင်စားသူ မည်သူမဆို ပါဝင်ရေးသားရန် ဖိတ်ခေါ်ပါသည်။ သို့သော် ကြမ်းတမ်းပြင်းထန်သော အယူအဆ၊ အရေးအသားများကိုမူ သတင်းစာ၏မူဝါဒအရ ဖော်ပြပေးနိုင်မည်မဟုတ်ကြောင်းနှင့် ဤကဏ္ဍတွင်ပါရှိသမျှတို့သည် သက်ဆိုင်ရာဆောင်းပါးရှင်အသီးသီး၏ အာဘော်များသာဖြစ်ပါကြောင်း အစီရင်ခံအပ်ပါသည်။ (စာတည်းအဖွဲ့)*

# ကိုယ်စားလှယ်များဆွေးနွေးခဲ့ကြသော Mobile Payment စနစ်

ဒေါက်တာမြတ်မိုး

ယခုကျင်းပနေသော ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် အဋ္ဌမပုံမှန်အစည်းအဝေးမှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဟာ ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း (Mobile Payment) စနစ်နှင့် ပတ်သက်ပြီး ဆွေးနွေးခဲ့ကြပါတယ်။ **"ပြည်သူများ၊ စီးပွားရေးလုပ်ငန်းများနှင့် အကျိုးဝင်ပတ်သက်သူများအားလုံးသည် ငွေရေးကြေးရေး ဝန်ဆောင်မှုလုပ်ငန်း (Mobile Payment) စနစ်ကို အသုံးပြုပြီး ဌာနဆိုင်ရာများ၏ ငွေပေးငွေယူကဏ္ဍများတွင် အသုံးပြုခွင့်ရရန် ပြည်ထောင်စုအစိုးရသို့ တိုက်တွန်းကြောင်း"** အဆိုကို ပုံမှန်အစည်းအဝေး၏ တတိယမြောက်ရက်မှာ **သိန္နီမဲဆန္ဒနယ်မှ ဦးစိုင်းဦးခမ်းက** တင်သွင်းခဲ့တာဖြစ်ပါတယ်။ အစည်းအဝေး ၁၁ ရက်မြောက်နေ့မှာတော့ ကိုယ်စားလှယ်ငါးဦးက အဆိုကို ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်ဗဟိုဘဏ်မှ တာဝန်ရှိပုဂ္ဂိုလ်က ပြန်လည်ဆွေးနွေးသုံးသပ်ခဲ့တာဖြစ်ပါတယ်။

**Mobile Payment နှင့်ပတ်သက်သည့်အဆို**

နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန်ဆိုတဲ့ စေတနာကောင်းနဲ့ တင်သွင်းခဲ့တဲ့ အဆိုနဲ့စပ်လျဉ်းပြီး ကိုယ်စားလှယ်များက ရှုထောင့်အမျိုးမျိုးနဲ့ ကျယ်ကျယ်ပြန့်ပြန့် ပါဝင်ဆွေးနွေးခဲ့ကြကာ သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်က ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နောက်မှာတော့ မှတ်တမ်းတင်စောင့်ကြည့်ရမယ့် အခြေအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်များက တညီတညွတ်တည်း ဆုံးဖြတ်ချက်ချခဲ့ကြပါတယ်။ ဒီနေရာမှာငွေကြေးဝန်ဆောင်မှုအပေါ် နားလည်မှု၊ အားသာချက်၊ အားနည်းချက်များ လက်ရှိအခြေအနေနဲ့ လိုအပ်ချက်များ၊ ဆက်လက်ဆောင်ရွက်ရန်များကို လေ့လာမိပါတယ်။

**Mobile Payment ဖွံ့ဖြိုးမှု**

Mobile Payment ဆိုတာကတော့ ဆက်သွယ်ရေးဝန်ဆောင်မှုနဲ့ ငွေကြေးဝန်ဆောင်မှုတို့ ပေါင်းစပ်ဝန်ဆောင်မှုတစ်ခုပါ။ ယနေ့ခေတ်မှာ ငွေပေးချေမှုနည်းလမ်းများစွာ ရှိလာပြီဖြစ်ရာမှာ ငွေသားကို လက်ကိုင်အသုံးပြုနေရာကနေ credit card / debit card များနဲ့ online ငွေပေးချေမှုစနစ်ဟာ တွင်ကျယ်လာပြီဖြစ်ပါတယ်။ အိမ်နီးချင်းနိုင်ငံတွေဖြစ်တဲ့ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်၊ ထိုင်းနိုင်ငံအပါအဝင် အာဖရိကတိုက်မှ ကင်ညာ၊ တန်ဇန်းနီးယားနိုင်ငံတွေမှာ နည်းပညာအထောက်အကူရယူပြီး လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး အဘက်ဘက်မှာ ထိထိရောက်ရောက်နဲ့ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေရာမှာ Mobile Payment ငွေပေးချေမှုဝန်ဆောင်မှုကို အမှန်တကယ် လက်ခံကျင့်သုံးနေတာတွေ့ရကြောင်းနဲ့ ကင်ညာနိုင်ငံ GDP ရဲ့ ၂၅ ရာခိုင်နှုန်းဟာ Mobile ငွေကြေးဝန်ဆောင်မှုနဲ့ပတ်သက်နေတဲ့အကြောင်း ကိုယ်စားလှယ်တစ်ဦးက ထောက်ခံဆွေးနွေးသွားပါတယ်။ Mobile Phone ဈေးကွက်ဖွံ့ဖြိုးတိုးတက်မှုနှုန်းကို ကြည့်လျှင်လည်း မြန်မာနိုင်ငံဟာ အိန္ဒိယနဲ့ တရုတ်ပြီးလျှင် တတိယမြောက်အဖွံ့ဖြိုးဆုံးဖြစ်လာနေပါတယ်။

**အခွင့်အလမ်းနှင့် အကျိုးကျေးဇူးများ**

ကိုယ်စားလှယ်အများစုကတော့ ဆွေးနွေးရာမှာ Mobile Payment အသုံးပြုခြင်းရဲ့ အကျိုးကျေးဇူးတွေကို အခြေခံဆွေးနွေးကြပါတယ်။ ၂၀၁၂ ခုနှစ်ကစပြီး လေးငါးနှစ်အတွင်းမှာ Mobile Phone နဲ့ sim card အရေအတွက်တွေကို တောရော မြို့ပါမကျန် တွင်ကျယ်စွာအသုံးပြုလာနိုင်ကြတာ၊ နိုင်ငံတော်ဗဟိုဘဏ်ကနေ မိုဘိုင်းငွေကြေးဝန်ဆောင်မှုနဲ့ပတ်သက်လို့ Mobile Financial Service(MFS) စည်းမျဉ်းစည်းကမ်းတွေ ထုတ်ပြန်ခဲ့တာ၊ ဘဏ်များကို လိုင်စင်တွေထောက်ခံခွင့်ပြုပေးတာတွေဟာလည်း Mobile Payment အတွက် အခွင့်အလမ်းကောင်းတွေအဖြစ် မြင်ပြီး ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပါတယ်။ Mobile Payment စနစ်ကြောင့် ရလာနိုင်တဲ့ အကျိုးကျေးဇူးတွေကို အဓိကထားဆွေးနွေးကြရာမှာ အချိန်နှင့်ငွေကြေးကုန်ကျမှုသက်သာပြီး ပြည်သူလူထုရဲ့ယုံကြည်ကိုးစားမှု ပိုမိုရရှိကာ ပိုမိုကောင်းမွန်တဲ့ ဝန်ဆောင်မှုစီမံခန့်ခွဲမှုကတစ်ဆင့် အဂတိလိုက်စားမှု၊ မသမာမှုများလျှော့ချရေးကို အထောက်အကူပြုခြင်း၊ စာရွက်စာတမ်းတွေ ထိန်းသိမ်းရတဲ့ကိစ္စတွေလျော့ပါးပြီး တာဝန်ခံနိုင်မှုနဲ့ ပွင့်လင်းမြင်သာမှု ရှိလာနိုင်တာတွေ စတဲ့အချက်တွေပါဝင်တာတွေ့ရပါတယ်။ တကယ်လည်း Mobile Payment စနစ်ဟာ ဘဏ်ကို လက်လှမ်းမမီတဲ့ ပြည်သူတွေ၊ ကျေးလက်နေပြည်သူတွေနဲ့ မြို့ပြနေပြည်သူများအကြား မိုဘိုင်းနည်းပညာအသုံးပြုပြီး ငွေကြေးဝန်ဆောင်မှုနဲ့ အခြားဝန်ဆောင်မှုများ ကျဉ်းမြောင်းစေပြီး မြို့ပြကျေးလက်ဖွံ့ဖြိုးမှု ကွာဟချက်ကိုလည်း လျှော့ချနိုင်ပါတယ်။ ပြည်သူတွေထံက အခွန်ကောက်ခံတဲ့နေရာမှာရော ဝန်ထမ်းတွေကို လစာပေးရာမှာပါ ပွင့်လင်းမြင်သာမှုနဲ့ ငွေသားအစားထိုးအသုံးပြုနိုင်တဲ့ အကျိုးကျေးဇူးတွေရရှိလာနိုင်ပါတယ်။ Paperless အစီအစဉ်ဟာ e-Government ကိုလည်း အထောက်အကူပြုပါတယ်။ အမျိုးသမီးတွေရဲ့ ဘဝလုံခြုံမှုနဲ့ အလုပ်အကိုင်အခွင့်အလမ်းတွေအတွက်လည်း အကူအညီဖြစ်စေပါတယ်။ လူငယ်တွေ ပညာဆည်းပူးလေ့လာရာမှာ အကျိုးကျေးဇူးပြုသလို အရောင်းအဝယ်ပြုလုပ်ပြီး ဝင်ငွေရှာဖွေရေးလည်း ပြုလုပ်နိုင်ပါတယ်။ အချိန်မရွေး၊ နေရာမရွေး ငွေပေးချေလက်ခံရယူပြီး ငွေအကြွေရှားပါးမှုပြဿနာကိုလည်း ဖြေရှင်းပေးနိုင်မှာ ဖြစ်ပါတယ်။

Mobile Payment စနစ်ဆိုတာ IT နည်းပညာကို အသုံးချပြီး လူမှုဘဝ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး၊ အထွေထွေဗဟုသုတနဲ့ ငွေကြေးဝန်ဆောင်မှုကဏ္ဍတွေကို ခေတ်မီအဆင့်တစ်ခုသို့ ရောက်ရှိအောင် မြှင့်တင်ပေးနိုင်တဲ့စနစ်တစ်ခုပါ။

**ဆောင်ရွက်နိုင်မှုအတိုင်းအတာ**

မြန်မာနိုင်ငံမှာ Mobile Payment နဲ့ ငွေပေးချေလို့ရတဲ့စနစ်တွေ၊ အေဂျင်စီတွေနဲ့ ကုမ္ပဏီတွေလည်းရှိနေပါပြီ။ ငွေကြေးမကိုင်ဆောင်ရတော့ဘဲ Point of Sale (POS) စက်တွေမှာပဲ ကတ်တွေနဲ့ ချိတ်ဆက်ပြီး မြန်မာပြည်အနှံ့ ငွေပေးချေတာ၊ ငွေလွှဲတာ၊ ငွေသွင်းငွေထုတ်တာ၊ ထိုင်းကနေ မြန်မာပြည်ကို ငွေလွှဲတာ၊ လျှပ်စစ်မီတာ၊ ရေမီတာ၊ ရုပ်သံလိုင်းဘီလ်တွေပေးဆောင်တာတွေ၊ ခရီးသွားလက်မှတ်ဝန်ဆောင်မှုတွေ၊ တယ်လီဖုန်းပြောဆိုခတွေ ဖြည့်တင်းတာ၊ အငြိမ်းစားလစာထုတ်ပေးတာ၊ online မှ ကုန်ပစ္စည်းဝယ်ယူမှုနှင့် ဝန်ဆောင်မှုရယူတာ၊ သတင်းစာလစဉ်ကြေးပေးဆောင်တာတွေ၊ online ဂိမ်းငွေကြေးများဝယ်ယူတာတွေ၊ ရုပ်ရှင်လက်မှတ်ဝယ်ယူတာ၊ ပြည်တွင်းပြည်ပမှာ internet ချိတ်ဆက်မထားသော ဖုန်းလိုင်းများကို viber အသုံးပြုပြီး viber out ခေါ်ဆိုမှုအတွက် ငွေဖြည့်သွင်းတာတွေစတဲ့ ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးနိုင်နေပြီလည်းဖြစ်ပါတယ်။ ဒီဝန်ဆောင်မှုတွေကို Myanmar Mobile Money (MMM)၊ True Money၊ My kyat၊ Wave Money၊ Red Dot Pay၊ Ok Dollar စတဲ့ အေဂျင်စီတွေက မြန်မာ့စီးပွားရေးဘဏ်၊ အင်းဝဘဏ်လီမိတက်၊ AGD ဘဏ်၊ ရိုးမဘဏ်၊ ပထမပုဂ္ဂလိကဘဏ်၊ ဧရာဝတီဘဏ်၊ ကမ္ဘောဇဘဏ်၊ United Amara ဘဏ်၊ CB ဘဏ် စသည့်ဘဏ်များနှင့်လည်းကောင်း၊ MPT၊ Telenor ၊ Ooredoo၊ Mytel စသည့် Operator များနှင့်လည်းကောင်း ချိတ်ဆက်၍ ငွေကြေးဝန်ဆောင်မှုများပေးလျက်ရှိပါတယ်။ ဆိုလိုသည်မှာ မြန်မာနိုင်ငံတွင်လည်း Mobile Payment ဝန်ဆောင်မှုနှင့်မစိမ်းသော၊ အလှမ်းမဝေးသောအခြေအနေနဲ့ လွယ်ကူမှု၊ ယုံကြည်စိတ်ချရမှု၊ လျင်မြန်မှု၊ ကုန်ကျစရိတ်သက်သာမှု၊ ရိုးရှင်းမှု၊ လုံခြုံမှုဟူသော အကျိုးကျေးဇူးများ ခံစားနေရမှုကို ဖော်ပြလိုရင်းဖြစ်ပါတယ်။

**နိုင်ငံအချို့အခြေအနေ**

ကမ္ဘာ့နိုင်ငံအခြေအနေတွေကို ကြည့်လျှင်လည်း ၂၀၁၅ ခုနှစ် Mobile Payment Report မှာ ၂၀၂၀ ပြည့်နှစ်တွင် Mobile Payment အများဆုံး အသုံးပြုလာမယ့် နိုင်ငံမှာ တရုတ်နိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံဖြစ်လာတော့မှာပါ။ အရှေ့တောင်အာရှ နိုင်ငံတွေမှာလည်း အင်ဒိုနီးရှား၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့က ဦးဆောင်နေပါတယ်။ ဒါပေမယ့်လည်း တိုးတက်နေတဲ့ တောင်ကိုရီးယား၊ ထိုင်ဝမ်နဲ့ ဂျပန်နိုင်ငံတို့မှာတော့ လူဦးရေ ၃၄ ရာခိုင်နှုန်းခန့်ဟာ Mobile Payment သုံးစွဲမှုကို နှစ်သက်မှုမရှိကြဘူးလို့ ဆိုပါတယ်။

**အားနည်းချက်များ**

မည်သို့ဆိုစေ စနစ်တစ်ခုမှာ အားသာချက်များ ရှိသလို အားနည်းချက်များလည်း ရှိနိုင်ပါတယ်။ မိုဘိုင်းငွေပေးချေရာမှာ နိုင်ငံ၏ငွေကြေးမူဝါဒအပိုင်း ချမှတ်အကောင်အထည်ဖော်ရာမှာ ဘယ်လိုဆောင်ရွက်သင့်တယ်ဆိုတာကို ချိန်ဆရတော့မှာပါ။ ဝန်ဆောင်မှုပေးနေတဲ့ အဖွဲ့တွေဟာ နိုင်ငံပြင်ပမှာရှိနေတဲ့အခါ အကြောင်းကိစ္စတစ်ခုခုဖြစ်လာခဲ့လျှင် လက်ထဲမှာ အချက်အလက်မရရှိနိုင်တာ၊ အချက်အလက်လိုအပ်ပါကလည်း နိုင်ငံဖြတ်ကျော်တောင်းခံယူရတာ၊ ဒုစရိုက်သမားတွေအတွက် ငွေကြေးခဝါချမှုများနဲ့ တရားမဝင်ငွေပေးချေနိုင်ဖို့ အခွင့်အရေးရသွားတာတွေ ရှိလာနိုင်ပါတယ်။ အခွန်ရှောင်လိုသူတွေအတွက်လည်း ကိရိယာတစ်ခုဖြစ်လာနိုင်ပါတယ်။ ဘားကုတ်အစစ်တွေကို အတုနဲ့ အစားထိုးပြီးဝယ်ယူတာ၊ သုံးစွဲသူရဲ့ ကိုယ်ရေးအချက်အလက်နဲ့ ဘဏ်စာရင်းငွေတွေကို Software နဲ့ ခိုးယူနိုင်မှာတွေအတွက် စိုးရိမ်မှုတွေရှိလာနိုင်ပါတယ်။

**လိုအပ်ချက်များ**

ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးခဲ့တဲ့ ယင်းအဆိုနဲ့ပတ်သက်ပြီး ကိုယ်စားလှယ်တစ်ဦးက အခြေခံလိုအပ်ချက်များရှိနေတဲ့အတွက် ဖြစ်နိုင်ခြေနည်းပါးနေမှုကို ဂရုပြုဖို့ ထောက်ပြဆွေးနွေးသွားတာလည်း တွေ့ရပါတယ်။ လက်ရှိကျင့်သုံးအကောင်အထည်ဖော်နေရတဲ့ e-Government စနစ်နဲ့လိုက်လျောညီထွေဖြစ်ရန် အခြေအနေ၊ ဌာနအချင်းချင်း၊ ဘဏ်အချင်းချင်းချိတ်ဆက်ပူးပေါင်းဆောင်ရွက်နိုင်စွမ်း၊ အမည်သတ်မှတ်ချက် ဝေါဟာရတွေကြားမှာပဲ ရှုပ်ထွေးနေဆဲအခြေအနေ၊ အခြေခံအဆောက်အအုံလိုအပ်ချက် ဒါတွေဟာ ကိုယ်စားလှယ် ထောက်ပြသလို သတိပြုရမယ့်အခြေအနေတွေပါ။

**ပြန်လည်ရှင်းလင်းချက်**

ဂရုပြုရမယ့်အချက်တွေကို ပြန်လည်ရှင်းလင်းသုံးသပ် ဆွေးနွေးသွားတာကတော့ မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဖြစ်ပါတယ်။ လက်ရှိ Operator များဖြစ်တဲ့ Telenor နဲ့ Ooredoo တို့ဟာ MFS အဖွဲ့အစည်းအောက်မှာရှိနေပေမယ့် MPT နဲ့ Mytel တို့ကတော့ လျှောက်ထားဆဲပါ။ Mobile Banking ရဲ့အခက်အခဲတစ်ခုက ငွေလွှဲပြောင်းမည့်သူက Bank Account ရှိရမှာဖြစ်တဲ့အတွက် ကျေးလက်ဒေသတွေအထိ ဘဏ်ခွဲတွေမရောက်နိုင်သေးတာ၊ ငွေကြေးပမာဏကြီးမားလာလျှင် အစိုးရဌာနအချင်းချင်း ငွေလွှဲပြောင်းဖို့ ပြင်ဆင်ရမယ့်အခက်အခဲတွေရှိပါသေးတယ်။ Mobile Phone ရှိရုံနဲ့လည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ဖို့ မလွယ်ကူသေးပါဘူး။ စက်ပစ္စည်းအဆောက်အအုံဆိုင်ရာ၊ လူ့အရင်းအမြစ်ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများစွာ ပြုလုပ်ဖို့လိုအပ်ပါသေးတယ်။ ဒီအတွက် တစ်မျိုးသားလုံးနဲ့သက်ဆိုင်တဲ့ မဟာဗျူဟာ ရည်မှန်းချက်ရေးဆွဲပြီး အမျိုးသားအဆင့် ဦးဆောင်ကြီးကြပ်မည့် အဖွဲ့အစည်းတစ်ရပ်ထူထောင်ဖို့လည်း လိုအပ်နိုင်ပါတယ်။ နည်းပညာအဆောက်အအုံများ တည်ဆောက်ဖို့လိုအပ်သလို ဝန်ထမ်းများကျွမ်းကျင်မှုအဆင့်တွေ မြှင့်တင်ပေးဖို့လည်း လိုအပ်ပါတယ်။

နည်းပညာဆိုတာက လူသားများအဆင်ပြေစေရန်အတွက် အကောင်းဘက်က ရည်ရွယ်ထုတ်လုပ်ထားတာ ဖြစ်တာကြောင့် ပိုကောင်းအောင်လုပ်နိုင်ရင်တော့ ပိုမိုကောင်းမွန်တဲ့ အကျိုးကျေးဇူးကို ခံစားရမှာပါ။ နိုင်ငံရဲ့ လက်ရှိတိုးပွားလာနေတဲ့ မိုဘိုင်းဖုန်းကိုင်နိုင်မှုနဲ့ နည်းပညာအတွက် ဖြစ်နိုင်ခြေရှိမှုများဟာ လုပ်ငန်းစဉ်ပြောင်းလဲဖို့အတွက် အခွင့်အလမ်းကောင်းတွေပါပဲ။ လက်တလောအခြေအနေမှာ လွှတ်တော်၏အဆုံးအဖြတ်ရယူ၍ တိုးတက်မှုကို လွှတ်တော်ကမှတ်တမ်းတင်သည့်အဆင့်ဖြင့် စောင့်ကြည့်ရမည့် အခြေအနေဖြစ်သော်လည်း နိုင်ငံတွင်လည်း လိုအပ်ချက်တစ်ခုဖြစ်နေတဲ့ အဆင်ပြေစွာ ငွေပေးချေမှုစနစ်များကို ကျယ်ပြန့်တိုးတက်ဖြစ်ပေါ်လာရေးကို မျှော်လင့်လျက် ဖွံ့ဖြိုးတိုးတက်မှုသို့ ဦးတည်သည့်တီထွင်ဆန်းသစ်မှု ခေတ်သစ်တစ်ရပ်သို့ ဝင်ရောက်ရန် အချိန်အခါကောင်းတစ်ခုဖြစ်ပါကြောင်း တင်ပြလိုက်ရပါတယ်။ ။

"ကမ္ဘာ့နိုင်ငံ အခြေအနေတွေကို ကြည့်လျှင်လည်း ၂၀၁၅ ခုနှစ် Mobile Payment Report မှာ ၂၀၂၀ ပြည့်နှစ်တွင် Mobile Payment အများဆုံး အသုံးပြုလာမယ့်နိုင်ငံမှာ တရုတ်နိုင်ငံပြီးလျှင် အိန္ဒိယနိုင်ငံ ဖြစ်လာတော့မှာပါ။ အရှေ့တောင်အာရှနိုင်ငံတွေမှာလည်း အင်ဒိုနီးရှား၊ ထိုင်းနဲ့ ဗီယက်နမ်နိုင်ငံတို့က ဦးဆောင်နေပါတယ်။ ဒါပေမယ့်လည်း တိုးတက်နေတဲ့ တောင်ကိုရီးယား၊ ထိုင်ဝမ်နဲ့ ဂျပန်နိုင်ငံတို့မှာတော့ လူဦးရေ ၃၄ ရာခိုင်နှုန်းခန့်ဟာ Mobile Payment သုံးစွဲမှုကို နှစ်သက်မှုမရှိကြဘူးလို့ ဆိုပါတယ်"

# ကျောင်းဖွံ့ဖြိုးရေး အဆင့်မြှင့်တင်ခြင်းနှင့် ပညာရည်မြင့်မားရေး သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခြင်းအခမ်းအနား ကျင်းပ

**ရန်ကုန် ဇွန် ၁၁**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံဆိပ်ကမ်းမြို့နယ် မြန်မာ့သားကောင်းစစ်မှုထမ်းဟောင်းအိမ်ရာ (လေးထောင့်ကန်)အနီးရှိ အခြေခံပညာအထက်တန်းကျောင်း ဇာတိမာန်ခန်းမ၌ ပြုလုပ်သည့် အမှတ်(၁)စိုက်ပျိုးမွေးမြူရေးရပ်ကွက် ကျောင်းဖွံ့ဖြိုးရေး အဆင့်မြှင့်တင်ခြင်းနှင့် ပညာရည်မြင့်မားရေး သင်ထောက်ကူပစ္စည်းများ ပေးအပ်လှူဒါန်းခြင်း အခမ်းအနားသို့ တက်ရောက်အမှာစကား ပြောကြားသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ၂၀၁၄ ခုနှစ်မှ ၂၀၁၈ ခုနှစ်အထိ ငါးနှစ်တာကာလအတွင်း တက္ကသိုလ်ဝင်တန်းစာမေးပွဲ ဖြေဆိုသူ ၃၂၈၂၁၅၂ ဦးရှိပြီး အောင်မြင်သူ ၁၁၄၈၇၀၁ ဦးရှိကာ စာမေးပွဲကျရှုံးသူ ၂၁၃၃၄၅၁ ဦးရှိသည်ကို တွေ့ရသဖြင့် ကျရှုံးသူ များပြားသည်ကို တွေ့ရှိရကြောင်း၊ တက္ကသိုလ်ဝင်တန်းတစ်ခုတည်းအတွက် ငါးနှစ်တာကျရှုံးမှုများကို အခြေခံ၍ ကျောင်းသားတစ်ယောက် စားသောက်စရိတ်အပါအဝင် နေ့စဉ်ပျမ်းမျှ ကုန်ကျစရိတ် ငွေကျပ် ၁၂၀၀ ခန့်ဖြင့် တွက်ပါက ကျောင်းတက်ရက် ၁၈၀ ရက် ငါးနှစ်တာ ကာလအတွက် ငွေကျပ် ၅၇၆ ဘီလီယံကျော်ရှိပြီး တစ်နှစ် ၃၆၅ ရက် အတွက်ဆိုပါက ငွေကျပ် ၁၁၅၀ ဘီလီယံခန့် ကျောင်းသားမိဘများက သုံးစွဲကုန်ကျခဲ့သည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ကျောင်းသားတိုင်း စာအမှန်တကယ်တတ်မြောက်ရန်နှင့် နှစ်စဉ်အတန်းမှန်မှန်တက်ရန် အရေးကြီးကြောင်း၊ မူလတန်းမှ အလယ်တန်း၊ နဝမတန်းအထိ အောင်ချက်မြင့်မားသော်လည်း တက္ကသိုလ်ဝင်တန်းတွင် အောင်ချက်များစွာ လျော့နည်းသွားခြင်းမှာ မည်သည့်အတွက်ကြောင့်ဖြစ်သည်ကို အဖြေရှာရန်လိုကြောင်း၊ နှစ်စဉ်အတန်းမှန်မှန် အောင်မြင်သွားစေရန်အတွက် ဆရာ ဆရာမများအနေဖြင့် ကျောင်းသား ကျောင်းသူများအား အမှန်တကယ်တတ်ကျွမ်းအောင် သင်ကြားပေးရန်လိုအပ်သကဲ့သို့ ကျောင်းသားကျောင်းသူများအနေဖြင့်လည်း ပညာရေးကို လိုလိုလားလားဖြင့် သင်ယူကြရန်လိုအပ်ကြောင်း၊ ပညာသင်ကြားချိန်တွင် အခြားအရာများအား စိတ်ဝင်စားပါက မိမိတို့၏ အနာဂတ်အတွက် ဆုံးရှုံးမှုများဖြစ်ပေါ်နိုင်ကြောင်း၊ မိဘများအနေဖြင့်လည်း မိမိတို့သားသမီးများ ပညာရည်မြင့်မားရေးအတွက် တတ်နိုင်သလောက် ဆောင်ရွက်ပေးစေလိုကြောင်း ပြောကြားသည်။




ထို့နောက်တိုင်းမှူးက ယခု အခြေခံပညာအထက်တန်းကျောင်းတွင် ပညာသင်ကြားလျက်ရှိသည့် စစ်မှုထမ်းဟောင်းအဖွဲ့ဝင်မိသားစုဝင်များ၏ သားသမီးများ အပါအဝင် ကျောင်းသား ကျောင်းသူများ ပညာရည်မြင့်မားရေးနှင့် ကောင်းမွန်စွာ ပညာသင်ကြားနိုင်ရေးအတွက် ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီးတို့က ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်း အလုံး ၃၀ နှင့် သုတ၊ ရသ စာအုပ်စာစောင်များအား ပေးအပ်ရာ ကျောင်းအုပ်ဆရာမကြီးက လက်ခံရယူသည်။**(ဓာတ်ပုံ)**

ယင်းနောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများက ကျောင်းအတွက် လိုအပ်သော အထောက်အကူပစ္စည်းများကို ပေးအပ်လှူဒါန်းသည်။

အခြေခံပညာကျောင်း အမှတ်(၁)စိုက်ပျိုးမွေးမြူရေးရပ်ကွက်အတွက် ကျောင်းဖွံ့ဖြိုးရေးအဆင့်မြှင့်တင်ခြင်း၊ ပညာရည်မြင့်မားရေး သင်ထောက်ကူပစ္စည်းများ လှူဒါန်းခြင်းအတွက် အလှူငွေကျပ် ၁၃၇၈၂၈၃၉၂ နှင့် ကျောင်းရန်ပုံငွေအတွက် အလှူငွေ ကျပ်သိန်း ၃၅၀ စုစုပေါင်း အလှူငွေကျပ် ၁၇၂၈၂၈၃၉၂ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် စာသင်ဆောင်များ၊ စာသင်ခန်းများနှင့် စာကြည့်တိုက်တို့ကို လိုက်လံကြည့်ရှုခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နှစ်(၁၂၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် ဇွန် ၁၁**

ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နှစ်(၁၂၀)ပြည့် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ယနေ့ညနေ ၆ နာရီခွဲတွင် နေပြည်တော်ရှိ Horizon Lake View ဟိုတယ်၌ ကျင်းပသည်။

အထိမ်းအမှတ်ညှော်ခံပွဲ အခမ်းအနားကို ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သီချင်းနှင့် ဖိလစ်ပိုင်သမ္မတနိုင်ငံ နိုင်ငံတော်သီချင်းတို့ဖြင့် ဖွင့်လှစ်ကြသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်သံအမတ်ကြီး H.E. Eduardo E. Kapunan Jr နှင့် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်တို့က အမှာစကားများ ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဇနီး၊ သံအမတ်ကြီးနှင့် ဇနီးတို့က ဖိလစ်ပိုင်သမ္မတနိုင်ငံ၏ နှစ်(၁၂၀)ပြည့် လွတ်လပ်ရေးနေ့အထိမ်းအမှတ်ကိတ်ကို လှီးဖြတ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်ဇနီး၊ သံအမတ်ကြီးနှင့်ဇနီးတို့က ညှော်ခံပွဲသို့ တက်ရောက်လာကြသူများနှင့် အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် ညှော်ခံပွဲသို့ တက်ရောက်လာကြသူများအား သံအမတ်ကြီးနှင့် ဇနီးတို့က ညစာစားပွဲဖြင့် တည်ခင်းညှော်ခံသည်။

ညှော်ခံပွဲအခမ်းအနားသို့ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်မော်နှင့်ဇနီး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**သတင်းစဉ်**



**ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်နှင့်ဇနီး ဖိလစ်ပိုင်သမ္မတနိုင်ငံ လွတ်လပ်ရေးနေ့ အထိမ်းအမှတ်ညှော်ခံပွဲသို့ တက်ရောက်ရာ ဖိလစ်ပိုင်သံအမတ်ကြီးနှင့်ဇနီးတို့က ကြိုဆိုနှုတ်ဆက်စဉ်။**



**ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်း အမှာစကားပြောကြားစဉ်။**

# ဒုတိယအကြိမ် သတင်းရေးသားထုတ်ပြန်ခြင်းသင်တန်းဖွင့် ဒုတိယဝန်ကြီး ဦးအောင်လှထွန်း တက်ရောက်အမှာစကားပြောကြား

**နေပြည်တော် ဇွန် ၁၁**

ဒုတိယအကြိမ်မြောက် သတင်းရေးသားထုတ်ပြန်ခြင်း သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးဌာန စုဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်လှထွန်းက ဒီမိုကရေစီလူ့ဘောင်တစ်ခုတွင် အုပ်ချုပ်သည့် အစိုးရကို ပြည်သူများက ရွေးချယ်ပြီး နိုင်ငံတော်အတွက် လိုအပ်သည့်အခွန်အခများကို ပြည်သူများက ထည့်သွင်းပေးရပါကြောင်း၊ ထို့ကြောင့် ပြည်သူများအနေဖြင့် မိမိတို့ရွေးချယ်လိုက်သည့် အစိုးရက တိုင်းပြည်ကို မည်သို့စီမံခန့်ခွဲအုပ်ချုပ်၍ မိမိတို့၏ အခွန်အခများကို မည်သို့ စီမံခန့်ခွဲသုံးစွဲနေသည်ကို သိရှိပိုင်ခွင့်ရှိပါကြောင်း။

ပြည်သူ့ဘဏ္ဍာဖြင့် လုပ်ငန်းလည်ပတ်သော အဖွဲ့အစည်းများ၊ ဌာနများနှင့် အများပြည်သူဝန်ဆောင်မှုအတွက် ရင်းနှီးမြှုပ်နှံလုပ်ကိုင်နေသည့် လုပ်ငန်းကြီးများအနေဖြင့် ပြည်သူများသိရှိလိုသည့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးရန် တာဝန်ရှိပါကြောင်း၊ အများပြည်သူသိသင့်သိထိုက်သည့် သတင်းအချက်အလက်များကို စနစ်တကျ ထုတ်ပြန်နိုင်ရန်အတွက် သတင်းထုတ်ပြန်ရန် တာဝန်ရှိသည့် အဖွဲ့အစည်းများ၊ ဌာနများနှင့် လုပ်ငန်းများတွင် သတင်းထုတ်ပြန်ရေးအဖွဲ့များ ဖွဲ့စည်းထားရှိပြီး ဆောင်ရွက်ရပါကြောင်း။

ယခုသင်တန်းတွင် သတင်းထုတ်ပြန်ခြင်းနှင့် ပတ်သက်၍ သိသင့်သိထိုက်သည်အားလုံးကို စနစ်တကျ ပို့ချသွားရန် ရည်ရွယ်ဖွင့်လှစ်ခြင်းဖြစ်သဖြင့် အလေးအနက်ထား လေ့လာသင်ယူသွားကြစေလိုကြောင်း မှာကြားသည်။

သင်တန်းသို့ ပြည်ထောင်စုဝန်ကြီးဌာနများနှင့် ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်ရုံးတို့မှ သင်တန်းသား သင်တန်းသူ ၂၂ ဦး တက်ရောက်ကြပြီး ဇွန် ၁၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

**○ မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းမှ**

ဇာဇာမြင့်(အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သင်းသင်းစိုး(ဖွဲ့ကပင်)၊ နောက်တန်း ခင်သန်းဝေ၊ အေးအေးမိုး(မြဝတီ)၊ အိရတနာဖြိုး၊ ဝေဝေအောင်၊ ခင်မျိုးဝင်း(အားကစားနှင့် ကာယပညာဦးစီးဌာန)၊ ဇင်မာဝင်း၊ ငယ်ငယ်ထွေး၊ ယမင်းလွင် (သစ္စာအားမာန်)၊ အလယ်တန်း ခင်မိုးဝေ၊ နော်အားလိုဝါးဖော၊ ခင်မိုမိုထွန်း၊ နီလာမြင့်၊ သန္တာမိုး(သစ္စာအားမာန်)၊ နုနု၊ ခင်မာလာထွန်း၊ သင်းသင်းယု(အားကစားနှင့် ကာယပညာဦးစီးဌာန)၊ သန်းသန်းထွေး(ဖွဲ့ကပင်)၊ ရွှေ့တန်း နီလာဝင်း၊ ဂျူလိုင်ကျော်(သစ္စာအားမာန်)၊ ရီရီဦး(အားကစားနှင့် ကာယပညာဦးစီးဌာန)နှင့် ဝင်းသိင်္ဂီထွန်း(မြဝတီ)တို့ လိုက်ပါသွားကြသည်။

**ရှိုင်းထက်ဇော်**

## ဘင်္ဂလားပင်လယ်အော် အခြေအနေ

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအလွန်ကောင်းနေသည်။

# သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ လစဉ်တိုးမြှင့်ထုတ်ဝေဖြန့်ချိလျက်ရှိ

**ရန်ကုန် ဇွန် ၁၁**
သတင်းစာ၊ ဂျာနယ်နှင့် မဂ္ဂဇင်းများ လစဉ်တိုးမြှင့်ထုတ်ဝေလျက်ရှိရာ ယခုနှစ် မေလချုပ်စာရင်းများအရ သတင်းစာ ၂၆ စောင်၊ ဂျာနယ် ၂၁၆ စောင်နှင့် မဂ္ဂဇင်း ၂၁၂ စောင် ဈေးကွက်အတွင်း ထုတ်ဝေဖြန့်ချိလျက်ရှိကြောင်း သိရသည်။

အဆိုပါ စာအုပ်စာစောင်အရေအတွက်မှာ အတည်ပြုပြဋ္ဌာန်းထားသည့် ပုံနှိပ်ခြင်းနှင့်ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ လုပ်ငန်းအသိအမှတ်ပြုလက်မှတ် ခွင့်ပြုပေးထားမှုများအနက် ယင်းဥပဒေပုဒ်မ ၁၁၊ နည်းဥပဒေအပိုဒ် ၁၅ အရ ဌာနသို့ အဖိုးအခလွတ်ပေးပို့လာသည့် စာအုပ်စာစောင်အရေအတွက်သာဖြစ်ကြောင်း ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝက်ပါလမ်း အမှတ်(၄)ရှိ မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲမှ ခေတ္တာညွှန်ကြားရေးမှူး ဒေါ်ယုယုဝင်းထံမှ သိရသည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ၊ နည်းဥပဒေများအရ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် လုပ်ငန်းအသိအမှတ်ပြုလက်မှတ်များ ခွင့်ပြုပေးလျက်ရှိရာ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ မေ ၃၁ ရက်အထိ သတင်းအေဂျင်စီလုပ်ငန်း ၁၁ ခုနှင့် ပုံနှိပ်လုပ်ငန်း ၃၃ ခု၊ ထုတ်ဝေခြင်းလုပ်ငန်းတွင် ဂျာနယ် ၁၅ စောင်၊ မဂ္ဂဇင်း ၁၇ စောင်၊ အထွေထွေထုတ်ဝေခွင့် ၁၀၀ ခွင့်ပြုပေးထားပြီး ဖြစ်သည်။

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းနည်းဥပဒေများ စတင်ပြဋ္ဌာန်းခဲ့သည့် ၂၀၁၄ ခုနှစ် အောက်တိုဘာ ၁၀ ရက်မှ ယနေ့အထိ ခွင့်ပြုပေးခဲ့မှုများမှာ သတင်းအေဂျင်စီလုပ်ငန်း ၁၀၄ ခု၊ ပုံနှိပ်လုပ်ငန်း ၁၅၁၄ ခု၊ ထုတ်ဝေမှုလုပ်ငန်းတွင် သတင်းစာ ၄၆ စောင်၊ ဂျာနယ် ၅၃၉ စောင်၊ မဂ္ဂဇင်း ၄၄၂ စောင်နှင့် အထွေထွေထုတ်ဝေခွင့် ၁၃၅၄ ခု စုစုပေါင်း ၂၃၈၁ ရှိပြီဖြစ်ကြောင်း၊ ယင်းအခြေအနေကို ပြန်ကြားရေးဝန်ကြီးဌာန၏ Website www.moi.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

### သတင်းအေဂျင်စီလုပ်ငန်း (၁၁) ခု

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| ၁ | Myanmar Note သတင်းအေဂျင်စီ | ၇ | Media Top - 4 သတင်းအေဂျင်စီ |
| ၂ | The Nyang သတင်းအေဂျင်စီ | ၈ | MFN (Myanmar Future News) သတင်းအေဂျင်စီ |
| ၃ | MoMoLay သတင်းအေဂျင်စီ | | |
| ၄ | Super Star Online Media သတင်းအေဂျင်စီ | ၉ | Channel Z သတင်းအေဂျင်စီ |
| ၅ | mfv (Media for Value) သတင်းအေဂျင်စီ | ၁၀ | Sunday Online Media သတင်းအေဂျင်စီ |
| ၆ | BEE PRESS. CO သတင်းအေဂျင်စီ | ၁၁ | Milky Way Media သတင်းအေဂျင်စီ |

### ပုံနှိပ်ခြင်းလုပ်ငန်း (၃၃) ခု

| စဉ် | အမည် | စဉ် | အမည် |
|---|---|---|---|
| ၁ | ရတနာညွန့်ပုံနှိပ်တိုက် | ၁၇ | အရှေ့အိမ်ပုံနှိပ်တိုက်(၂) |
| ၂ | သန်းမေတ္တာပုံနှိပ်တိုက် | ၁၈ | အောင်ဇော်ထွန်းပုံနှိပ်တိုက် |
| ၃ | မိုးသောက်ပုံနှိပ်တိုက် | ၁၉ | Global Conquered King Co., Ltd Printing |
| ၄ | ဇေယျာသုခပုံနှိပ်တိုက်(၃) | ၂၀ | ဆန်းသစ်အောင်ပုံနှိပ်တိုက် |
| ၅ | Myanmar Deco-TBSP Special Products Co., Ltd Printing | ၂၁ | မွန်းလိုက်အော့ဖ်ဆက် |
| | | ၂၂ | အောင်စည်ဟိန်းပုံနှိပ်တိုက် |
| ၆ | စစ်သည်တော်ပုံနှိပ်တိုက် | ၂၃ | ရွှေသစ်ပုံနှိပ်တိုက် |
| ၇ | Full Colour ပုံနှိပ်တိုက် | ၂၄ | သွန်းသီရိပုံနှိပ်တိုက် |
| ၈ | ခုနစ်စဉ်ကြယ် Smart အော့ဖ်ဆက် | ၂၅ | Magic Colour Vinyl ပုံနှိပ်လုပ်ငန်း |
| ၉ | စွမ်းပြည့်အော့ဖ်ဆက် | ၂၆ | အပါးတော်မြဲပုံနှိပ်တိုက် |
| ၁၀ | Rhythm Force ပုံနှိပ်တိုက် | ၂၇ | ဖွန်ဖွန်ပုံနှိပ်တိုက် |
| ၁၁ | ပန်းဆက်လမ်းပုံနှိပ်တိုက် | ၂၈ | ချယ်ရီခိုင်ပုံနှိပ်တိုက် |
| ၁၂ | Cyber Web Media Printing | ၂၉ | အောင်ပညာမြင့်ပုံနှိပ်တိုက် |
| ၁၃ | ရာဇာပုံနှိပ်တိုက်(၂) | ၃၀ | April ပုံနှိပ်တိုက် |
| ၁၄ | မားနဂါးပုံနှိပ်တိုက် | ၃၁ | မိုးပြည့်ဟိန်းပုံနှိပ်တိုက် |
| ၁၅ | Sunn Color Separation | ၃၂ | မန်းငွေလရောင်ပုံနှိပ်တိုက် |
| ၁၆ | ရွှေဆုပိုင်ပုံနှိပ်တိုက် | ၃၃ | i-Dream ဇိနိုင်းပုံနှိပ်လုပ်ငန်း။ |

### ထုတ်ဝေခြင်းလုပ်ငန်း (၁၀၀)

| သတင်းစာ ၂ စောင် | | | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | go daily | ၂ | The Cherry Hill Times |

| ဂျာနယ် ၁၅ စောင် | | | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | Travelling Journal | ၉ | Super English Journal |
| ၂ | ရွှေပျူမြေမှုခင်းသတင်းဂျာနယ် | ၁၀ | Performance Journal |
| ၃ | နေရာတကာဂျာနယ် | ၁၁ | သတင်းနဂါးသတင်းစုံဂျာနယ် |
| ၄ | Zolai Zunna Journal | ၁၂ | ဖမ္မူဒိပ်ဂုမ္ဗီရဂျာနယ် |
| ၅ | အာမခံသတင်းလွှာ (Insurance Newsletter) | ၁၃ | တိုင်းရင်းသားရေးရာဂျာနယ် |
| | | ၁၄ | Inya Economic Journal |
| ၆ | သုတကမ္ဘာဂျာနယ် | ၁၅ | Thousand Stars Journal (မန္တလေးအလုပ်အကိုင်အခွင့်အလမ်းဂျာနယ်) |
| ၇ | MERGUI Post Journal | | |
| ၈ | တောင်ဇလပ်တိုင်းမ်ဂျာနယ် | | |

| မဂ္ဂဇင်း ၁၇ စောင် | | | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | အထက(၁)သံတွဲမြို့လမ်းပြကြယ်မဂ္ဂဇင်း | ၁၀ | UG Magazine |
| ၂ | အထကမြေပုံမဂ္ဂဇင်း | ၁၁ | ပညာ့ခေတ်ပညာရေးမဂ္ဂဇင်း |
| ၃ | APEXAND Myanmar Business Magazine | ၁၂ | နေပြည်တော်စည်ပင်သာယာရေးကော်မတီ နှစ်ပတ်လည်မဂ္ဂဇင်း |
| ၄ | မြန်မာမင်္ဂလာမဂ္ဂဇင်း | | |
| ၅ | Civilization Magazine | ၁၃ | edu International Myanmar Magazine |
| ၆ | ရခိုင်တင်းခွန်မဂ္ဂဇင်း | ၁၄ | အကုန်သိမဂ္ဂဇင်း |
| ၇ | IELTS Myanmar Magazine | ၁၅ | ပညာ့ကြေးမုံမဂ္ဂဇင်း |
| ၈ | ကာယပညာကျောင်းကျန်းမာမဂ္ဂဇင်း | ၁၆ | THE EAST Ideas for the People Magazine |
| ၉ | 3 ACT ရုပ်ရှင်မဂ္ဂဇင်း | ၁၇ | The Muslim Reader Magazine |

| အထွေထွေထုတ်ဝေခွင့် ၆၆ ခု | | | |
|---|---|---|---|
| စဉ် | အမည် | စဉ် | အမည် |
| ၁ | Kyaw Kyinn စာပေ | ၃၄ | ဇိုမီးခရစ်ယာန် စာပေအသင်း(Zomi Christian Literature Society)မှ ထုတ်ဝေသည့် စာပေ |
| ၂ | J-SAT Media Publishing၊ | | |
| ၃ | မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းမှ ထုတ်ဝေသည့်စာပေ | ၃၅ | Cyber Web Media Publishing |
| | | ၃၆ | မြို့စားကြီးစာပေ |
| ၄ | ကောင်းကင်မေ စာပေ | ၃၇ | လေလွင့်မြစ်စာပေ |
| ၅ | သမ္မာကျမ်းစာရေးခရစ်ယာန်မိတ်သဟာယအဖွဲ့မှ ထုတ်ဝေသည့်စာပေ | ၃၈ | ဗုဒ္ဓဂံသရက္ခိတစာပေ |
| | | ၃၉ | သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ထုတ်ဝေသည့် စာပေ |
| ၆ | The Big Nine Publishing House | | |
| ၇ | အောင်ခေတ်ဆန်းစာပေ | ၄၀ | စာအုပ်အိမ်-၄၆စာပေ |
| ၈ | Htun Generation စာပေ | ၄၁ | နေမခစာပေ |
| ၉ | မိုးစာပေ | ၄၂ | ထေရီလင်းစာပေ |
| ၁၀ | သင်းမြန်မာ စာပေတိုက် | ၄၃ | သစ်ခက်အလင်းစာပေ |
| ၁၁ | ဓပြီဦးစာပေတိုက် | ၄၄ | New Myanmar Publishing House |
| ၁၂ | New Mind စာပေ | ၄၅ | ပြဒါးလင်းစာပေတိုက် |
| ၁၃ | သုခမကောင်းကင်စာပေတိုက် | ၄၆ | Bagan Star စာပေတိုက် |
| ၁၄ | ဖအောင်စာပေ | ၄၇ | အိမ်ချက်စာပေ |
| ၁၅ | စောလွင်စာပေ | ၄၈ | ကိုသက်စာပေ |
| ၁၆ | သံလွင်စာပေ | ၄၉ | မြန်မာ သတင်းပညာသိပ္ပံ |
| ၁၇ | Black Swan Publishing House | ၅၀ | Mariner Publications |
| ၁၈ | The Eco Book စာပေ | ၅၁ | လှိုက်ကော်နိုင်စာပေ |
| ၁၉ | မြတ်သာဂီစာပေ | ၅၂ | ရွှေနလုံးသားစာပေ |
| ၂၀ | ဓမ္မပန်းခင်းစာပေ | ၅၃ | ထက်ထက်စာပေ |
| ၂၁ | တက္ကသိုလ်ဘာသာပြန်နှင့်စာအုပ်ထုတ်ဝေရေးဌာနမှထုတ်ဝေသည့်စာပေ | ၅၄ | K စာပေတိုက် |
| | | ၅၅ | ကြည်သန့်စင် စာပေတိုက် |
| ၂၂ | စာပေ | ၅၆ | ဓမ္မရသစာပေ |
| ၂၃ | မားနဂါးစာပေတိုက် | ၅၇ | နွယ်မြက်သစ္စာ စာပေတိုက် |
| ၂၄ | ပန်းရွှေမွန်စာပေ | ၅၈ | MIPS(Myanmar Institute for Peace and Security) |
| ၂၅ | လက်ရာရှင်စာပေ | | |
| ၂၆ | ဂန္ဓဝင်သစ်စာပေ | ၅၉ | ရဲမာန်စာပေတိုက် |
| ၂၇ | ဓားတောင်စာပေတိုက် | ၆၀ | ပြတင်းပေါက်များစာပေ |
| ၂၈ | အပါးတော်မြဲစာပေတိုက် | ၆၁ | ဘဝတက်လမ်းစာပေ |
| ၂၉ | ဓစာပေအနုပညာစာအုပ်တိုက် | ၆၂ | နေသန့်စာပေ |
| ၃၀ | စိတ်ကူးယဉ်စာပေ | ၆၃ | မျိုးမျိုးစာပေ |
| ၃၁ | ပဒေသာပိဋကတ်စာပေ | ၆၄ | မိုးစက်ပွင့်စာပေ |
| ၃၂ | ယဉ်ကျေးမှု ရုပ်ဝန်းစာအုပ်ထုတ်ဝေရေး | ၆၅ | Milky Way Publishing |
| ၃၃ | ဓာစ်မြစ်စာအုပ်ထုတ်ဝေရေး ဂင်းဂင်းစာပေ | ၆၆ | ရွှေဒေါင်းတောင်စာအုပ်ထုတ်ဝေရေး |

## Miss Myanmar World 2018 အလှမယ်များ ရွေးချယ်




**ရန်ကုန် ဇွန် ၁၁။** ။ Miss Myanmar World 2018 ပြိုင်ပွဲအတွက် ဆန်ခါတင် အလှမယ် ၂၀ ရွေးချယ်ပွဲကို ဇွန် ၁၁ ရက်က ရန်ကုန်မြို့ Chatrium Hotel ၌ ပြုလုပ်ခဲ့သည်။

အလှမယ်များကို လျှောက်လွှာများမှတစ်ဆင့် အဆင့်ဆင့် စိစစ်ရွေးချယ်ခဲ့ကာ လူတွေ့စစ်ဆေးမှုများ၊ ကျန်းမာရေးစစ်ဆေးမှုများ ပြုလုပ်ခဲ့ပြီး ဆန်ခါတင် အလှမယ် ၄၀ ကို ရွေးချယ်ခဲ့သည်။ ၎င်းတို့အနက်မှ အလှမယ် ၂၀ ကို ယခု ထပ်မံစိစစ်ရွေးချယ်ခဲ့ခြင်းဖြစ်သည်။

ရွေးချယ်ခံရသည့် အလှမယ်များမှာ ခါးနံပါတ် (၁) ဂျာထွယ်လု၊ ခါးနံပါတ် (၂) စုရည်မွန်၊ ခါးနံပါတ်(၃) ဟန်သီ၊ ခါးနံပါတ်(၄) မေယုံကြည်၊ ခါးနံပါတ်(၅) မေမြင့်မွန်၊ ခါးနံပါတ်(၆) လင်းလက်အောင်၊ ခါးနံပါတ်(၇) ပန်စုဟေသီ၊ ခါးနံပါတ်(၈) Nan Saing Hom၊ ခါးနံပါတ်(၉) မေနန္ဒ၊ ခါးနံပါတ် (၁၀) သုသက်စုညွန့်၊ ခါးနံပါတ် (၁၁) လင်းကလျာဦး၊ ခါးနံပါတ် (၁၂) မေဖူးမြင့်မိုရ်၊ ခါးနံပါတ်(၁၃) Seng Nu Aung၊ ခါးနံပါတ်(၁၄) ပြည့်ကောင်းစုသန့်၊ ခါးနံပါတ် (၁၅) ယမုံ၊ ခါးနံပါတ် (၁၆) Jessy၊ ခါးနံပါတ် (၁၇) Rakhel၊ ခါးနံပါတ် (၁၈) အိန္ဒြာချစ်စု၊ ခါးနံပါတ် (၁၉) ဖြူသန့်ချော၊ ခါးနံပါတ်(၂၀) နန္ဒာဝင်းလက်တို့ ဖြစ်သည်။ (၆၈)ကြိမ်မြောက် Miss World 2018 ပြိုင်ပွဲကြီးကို တရုတ်နိုင်ငံတွင် ကျင်းပသွားမည် ဖြစ်သည်။ **မေနှင်းဆီ၊ ဓာတ်ပုံ-မီချိုကိုဟန်**

## မြန်မာ့ရုပ်မြင်သံကြား

**၁၂-၆-၂၀၁၈ (အင်္ဂါနေ့)**

**နံနက်ပိုင်း**
- ၆း၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇း၀၀ Breakfast News
- ၈း၃၅ "ရခိုင်ပြည်နယ် ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၈)
- ၈း၄၅ ဥပဒေရေးရာ အဖြာဖြာ "ခုခံပိုင်ခွင့်" (ဒိတ်ဒိတ်၊ ဝေဖြိုးဟိန်း၊ စိုင်းရာဇာ၊ ဦးစံပေါ၊ ခင်ဖြူဖြူသန့်၊ မိုးမိုးသိန်း၊ မေနန္ဒာစိုး) [ဒါရိုက်တာ-ဝေဠု(ဝသန်)]
- ၉း၂၀ ဘဒ္ဒန္တဂုဏိကာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ) တွဲဖက်အကျိုးတော်ဆောင်ဆရာတော်၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ကံသုံးဆင့်ကျောင်းတိုက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးထံမှ နဝင်္ဂဥပေါသထ သီလခံယူဆောက်တည်ခြင်း
- ၉း၃၀ မြန်မာ့ရုပ်မြင်သံကြား လူငယ်အစီအစဉ်
- ၁၀း၃၀ ရာဇဝင်ထဲက သမိုင်းအနုပညာ "ဆယ်ပွင့်ပန်း" (ပန်းပဲလုပ်ငန်း)
- ၁၁း၀၀ "ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သရေခေတ္တရာပျူမြို့ဟောင်းဆီသို့"
- ၁၁း၂၅ "သွေးသစ္စာ" (မင်းသွေး၊ ပုလဲဝင်း) [ဒါရိုက်တာ-အောင်မိုး(ပဲရစ်)]
- ၁၁း၄၀ "ဂရုပြုလိုက်နာဖွယ် ရထားလမ်းကူးအန္တရာယ်"
- ၁၂း၃၀ ဓမ္မဒူတသိမ်ဇရပ်ဆရာတော် (ဦးပညာဝရ) ဟောကြားတော်မူသော "ကံနှင့် တူသောအကျိုး" တရားတော်
- ၁၃း၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၁၅)
- ၁၄း၂၀ Yes or No Talk Show
- ၁၅း၀၀ နိုင်ငံခြားဇာတ်လမ်းတွဲ "မကြွေတဲ့နှင်းဆီ" (အပိုင်း-၃၉)

**ညပိုင်း**
- ၁၆း၂၅ YTN (Science) "ကင်ဆာဆန့်ကျင်လက်နက်"
- ၁၇း၀၅ "ရင်ဆိုင်ကျော်လွှားအဖြူရောင်အန္တရာယ်များ"
- ၁၇း၂၅ မြန်မာ့ငွေကြေးဈေးကွက်ဆိုင်ရာ စကားဝိုင်း
- ၁၈း၂၀ Football Magazine
- ၁၈း၃၅ ကြယ်ပွင့်များရဲ့ ရင်ခုန်သံ (အကယ်ဒမီ ခန့်စည်သူ)
- ၁၈း၅၀ "CHOICE" (အပိုင်း-၆၉)
- ၁၉း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "မဟာကာလီ" (အပိုင်း-၁၆)
- ၂၀း၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
- ၂၀း၃၅ "ရခိုင်ပြည်နယ်ပြန်လည်ထူထောင်ရန်အတွက် ကဏ္ဍအသီးသီးမှ ဆောင်ရွက်ချက်များ"(၅၉)
  -"မူပိုင်ခွင့်အကြောင်း သိကောင်းစရာ" (စက်မှုဒီဇိုင်းမူပိုင်ခွင့်ကို အကာအကွယ်ပေးခြင်းဖြင့် ရရှိမည့်အကျိုးကျေးဇူးများ)
  -အနုပညာခန်းရိပ်သာ "သတင်းစာဆရာ၊ စာရေးဆရာ မောင်ဝံသအကြောင်းတွေ့ဆုံမေးမြန်းခြင်း" (အပိုင်း-၂)
  -နိုင်ငံခြားဇာတ်လမ်းတွဲ "မျဉ်းဖြောင့်တစ်ကြောင်းရဲ့မှတ်တမ်း" (အပိုင်း-၂၂)
  အစီအစဉ်ပြီး၏။

# တိုင်းဒေသကြီးဘတ်ဂျက်နှင့်ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် တွေ့ဆုံမေးမြန်းခြင်း

ရန်ကုန် ဇွန် ၁၁

**၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် တိုင်းဒေသကြီးဘတ်ဂျက်နှင့် ပတ်သက်ပြီး ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့အနေဖြင့် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများအပေါ် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်းနှင့် မြန်မာ့သတင်းစဉ်က တွေ့ဆုံမေးမြန်းခဲ့မှုများကို ကောက်နုတ်ဖော်ပြပေးလိုက်ပါသည်။**

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီး၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် ဘတ်ဂျက်ရရှိမှု အခြေအနေနဲ့ သုံးစွဲသွားမယ့် လျာထားချက်တွေနဲ့ ပတ်သက်ပြီး သိပါရစေခင်ဗျာ။**

ဖြေ။ ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ တာဝန်ယူရတဲ့အချိန်မှာ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်ကို စတင်ပြီးတာဝန်ယူခဲ့ပါတယ်။ အခုဆိုရင် ၂၀၁၈-၂၀၁၉ ဘတ်ဂျက်ဖြစ်ပါတယ်။ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာတော့ ခြောက်လ ဘတ်ဂျက်တစ်ခုနဲ့ အောက်တိုဘာလုပ်မယ့် ဘတ်ဂျက်ဖြစ်ပါတယ်။ ကျွန်တော်တို့ စတင်တာဝန်ယူခဲ့စဉ်ကာလမှာ ဘတ်ဂျက်သုံးစွဲနိုင်မှုဟာ ဘီလီယံ ၄၀၀ ကျော်လောက်ပဲ ရှိပါတယ်။ ကျွန်တော်တို့ နှစ်နှစ်တာ တာဝန်ယူပြီးတဲ့ အခုအချိန်မှာတော့ ကျွန်တော်တို့ သုံးစွဲနိုင်တဲ့အခြေအနေက ၂၀၁၈-၂၀၁၉ အတွက် လျာထားချက်ဟာ ဘီလီယံ ၆၀၀ ကျော်လောက် ကျွန်တော်တို့ လျာထားနိုင်ခဲ့ပါတယ်။ ဒါဟာကျွန်တော်တို့ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေနဲ့ ကြိုးပမ်းဆောင်ရွက်လာခဲ့တဲ့ ဆောင်ရွက်မှုတစ်ခု ဖြစ်ပါတယ်။

### မဲခွဲဆုံးဖြတ်စရာမလို

ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်း ဒီတစ်နှစ်မှာ ဘီလီယံ ၁၀၀ ကျော်လောက် ပိုပြီးသုံးနိုင်အောင် ကြိုးစားပြီးတော့ ရှာဖွေခဲ့ပါတယ်။ ဒီအပေါ်မူတည်ပြီး လာမယ့် ၂၀၁၈-၂၀၁၉ အောက်တိုဘာလ ဘတ်ဂျက်မှာ ဘီလီယံ ၆၀၀ ကျော်လောက်သုံးစွဲဖို့အတွက် ဘတ်ဂျက်လျာထားချက်ကို ပြင်ဆင်ဆောင်ရွက်ခဲ့ပါတယ်။

ဒီဘတ်ဂျက်လျာထားမှုတွေနဲ့ပတ်သက်ရင် ကျွန်တော်တို့ရဲ့ အဓိကမူဝါဒက ကျေးလက်နဲ့ မြို့ပြကို အချိုးညီ ဖွံ့ဖြိုးတိုးတက်စေလိုမှုကို ရည်ရွယ်ပါတယ်။ မြန်မာနိုင်ငံတစ်ဝန်းမှာပဲဖြစ်ဖြစ်၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းမှာပဲဖြစ်ဖြစ် ကျေးလက်ဒေသမှာရှိတဲ့ ပြည်သူလူထုတွေရဲ့ နေထိုင်မှုဘဝကို မြှင့်တင်အောင် ဆောင်ရွက်ပေးနိုင်ဖို့ လိုအပ်ပါတယ်။ အဲဒီအတွက်ဆိုရင် အဓိကကတော့ လျှပ်စစ်မီးရယ်၊ လမ်းတွေရယ်၊ ရေကောင်းရေသန့်သုံးစွဲနိုင်ဖို့ ကိစ္စဖြစ်ပါတယ်။ ဒီအခြေအနေတွေကို ဆောင်ရွက်နိုင်ဖို့အတွက် ကျွန်တော်တို့ တိုင်းဒေသကြီးအနေနဲ့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ ဒါဟာ ကျွန်တော်တို့ရဲ့ အဓိကကျတဲ့ ကြိုးပမ်းဆောင်ရွက်မှုပဲ ဖြစ်ပါတယ်။ ဒါဟာတစ်ချက်ဖြစ်ပါတယ်။

နောက်တစ်ခုကတော့ ဘတ်ဂျက်ကို ရေးဆွဲတဲ့နေရာမှာ ခေတ်အဆက်ဆက် ဘတ်ဂျက်ရေးဆွဲခဲ့တဲ့စနစ်ဟာ ဝန်ကြီးဌာနတွေကပဲ ရေးဆွဲတာဖြစ်ပါတယ်။ ဝန်ကြီးဌာနတွေက ရေးဆွဲတာဖြစ်တဲ့အတွက် ဌာနကို အခြေပြုပြီး ဌာနက လုပ်သင့်လုပ်ထိုက်တာတွေကို ရေးဆွဲတဲ့ပုံစံမျိုး ဖြစ်ခဲ့ပါတယ်။ အခု ကျွန်တော်တို့ မျှော်မှန်းတာက ပြည်သူတွေပါဝင်ရေးဆွဲတဲ့ ဘတ်ဂျက်စနစ်မျိုး ဖြစ်ချင်ပါတယ်။ ဒီအတွက် ပြည်သူလူထုတွေ ပါဝင်နိုင်တဲ့၊ အားလုံးပါဝင်ခွင့်ရနိုင်တဲ့ ဘတ်ဂျက်ရေးဆွဲနည်းစနစ်နဲ့ ကျွန်တော်တို့ ပြုပြင်ပြောင်းလဲပြီးတော့ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်မှာ ကျွန်တော်တို့ ဆောင်ရွက်လာခဲ့တာ ရှိပါတယ်။ ဒီ ၂၀၁၈-၂၀၁၉ ဘတ်ဂျက်နဲ့ပတ်သက်ပြီးတော့လည်း ပထမအဆင့် ဘာတွေဆောင်ရွက်သင့်သလဲဆိုပြီး ကျွန်တော်တို့ တိုင်းဒေသကြီးလွှတ်တော်မှာ အကြံပြုချက်ရယူတာ ဖြစ်ပါတယ်။ ဒီအကြံပြုချက်ရယူမှုနဲ့ ပတ်သက်ရင် မဲခွဲဆုံးဖြတ်စရာ မလိုပါဘူး။

### အကြိုပြင်ဆင်မှု

တိုင်းဒေသကြီး လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၁၄၀ အရ လွှတ်တော်မှာ အကြံပြုချက်တွေကို စုစည်းပြီးရင် အစိုးရအဖွဲ့ဝန်ကြီးချုပ်ဆီကို တင်ပြဖို့ပဲ ဖြစ်ပါတယ်။ မဲခွဲဆုံးဖြတ်မှုမျိုးဆောင်ရွက်ဖို့ မလိုအပ်ပါဘူး။ ပုဒ်မ ၁၄၁ အရ ပြည်ထောင်စုလွှတ်တော်မှာ ဒီဥပဒေတွေအားလုံးဟာ ဘဏ္ဍာရေးကော်မရှင်ကို ဖြတ်ရမယ်။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုပြီးတဲ့နောက် ပြည်ထောင်စုလွှတ်တော်မှာအတည်ပြုပြီးမှ တိုင်းဒေသကြီးရဲ့ ဥပဒေကြမ်းအဖြစ်နဲ့ တိုင်းဒေသကြီးလွှတ်တော်ကို ပြန်လည်တင်ပြရမှာ ဖြစ်ပါတယ်။ အဲဒီအချိန်ကျရင် တိုင်းဒေသကြီးလွှတ်တော် ဥပဒေပုဒ်မ ၁၄၁ အရ လွှတ်တော်မှာဆွေးနွေးပြီးတော့ အားလုံးရဲ့ အများဆန္ဒသဘောထားနဲ့ အတည်ပြုကြရမှာ ဖြစ်ပါတယ်။ အခုကျွန်တော်တို့ စတင်ဆောင်ရွက်တာက အောက်တိုဘာလမှာစတင်မယ့် ဘဏ္ဍာရေးနှစ်အတွက် အကြိုပြင်ဆင်မှုတွေ ဖြစ်ပါတယ်။

**မေး။ ။ အောက်တိုဘာလမှာစမယ့် ဘတ်ဂျက်နဲ့ပတ်သက်ပြီး ကြိုတင်ပြင်ဆင်မှုတွေကို ရှင်းပြပေးပါဦးခင်ဗျာ။**

ဖြေ။ ။ အကြိုပြင်ဆင်မှုနဲ့ပတ်သက်ရင် အချက်နှစ်ချက်ရှိပါတယ်။ တစ်ချက်ကတော့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ (YCDC)ပိုင် စီးတီးဘဏ်ကိစ္စ ဖြစ်ပါတယ်။ YCDC ပိုင် စီးတီးဘဏ်မှာ စရန်ငွေ(ငွေပေါင်) ထားရှိဖို့ကိစ္စ ဖြစ်ပါတယ်။ ဒီငွေပမာဏဟာ ဘာကြောင့်ထားရှိရသလဲဆိုရင် နိုင်ငံခြားငွေ သုံးစွဲခွင့်ရဖို့အတွက် ဖြစ်ပါတယ်။ နိုင်ငံခြားငွေ သုံးစွဲခွင့်ဆိုတာ ဗဟိုဘဏ်မှာ ငွေပေါင်ထားရပါတယ်။ နိုင်ငံခြားငွေသုံးစွဲမယ်ဆိုရင် နိုင်ငံခြားငွေသုံးစွဲမှုအတွက် သတ်မှတ်ထားတဲ့ငွေပေါင်ကို ထားရပါတယ်။

### ချေးငွေတွေချေးချင်

ဒီငွေဟာ ဗဟိုဘဏ်မှာ ကျွန်တော်တို့က အပ်နှံထားရတဲ့ငွေ ဖြစ်ပါတယ်။ ဒီအတွက်ကိုလည်း ဗဟိုဘဏ်ကနေ ကျွန်တော်တို့ကို သင့်တင့်မျှတတဲ့ အကျိုးခံစားခွင့်တစ်ခုကို ပြန်ပေးမှာပဲဖြစ်ပါတယ်။ ဒီငွေကို မတင်ပြထားဘူးဆိုရင် နိုင်ငံခြားငွေကို စီမံခန့်ခွဲသုံးစွဲဖို့အတွက် သုံးစွဲခွင့်ရမှာ မဟုတ်ပါဘူး။ အခုအခြေအနေမှာ ကျွန်တော်တို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ အဓိက စီးပွားရေးကျောရိုးတစ်ခုဖြစ်နေတဲ့ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်တွေကို ချေးငွေတွေ ချေးချင်ပါတယ်။ ဒီချေးငွေချေးမယ်ဆိုရင် နိုင်ငံခြား




ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဖြိုးမင်းသိန်း

ကနေ နှစ်ဆင့်ချေးငွေလုပ်ဖို့ မျှော်မှန်းရမှာ ဖြစ်ပါတယ်။ ဥပမာ ကျွန်တော်တို့ကို JICA ကနေ ချေးငွေတစ်ခုပေးမယ်ဆိုရင် ဒီချေးငွေဟာ နိုင်ငံခြားငွေစီမံခန့်ခွဲမှုကို လုပ်ဆောင်နိုင်တဲ့ဘဏ်ဖြစ်မှ ဒီငွေကို ကျွန်တော်တို့ လက်ခံယူလို့ရမယ်။ ဒီငွေကို လက်ခံယူပြီးမှ ကျွန်တော်တို့ဟာ မြန်မာငွေနဲ့ ကျွန်တော်တို့ဆီမှာရှိတဲ့ SME တွေကို အတိုးနှုန်းသက်သာစွာနဲ့ ပြန်ချေးပေးနိုင်မှာ ဖြစ်ပါတယ်။ ဒီအတွက် ကျွန်တော်တို့ တိုင်းဒေသကြီးတွေမှာ အဓိကကျတဲ့ SME တွေကို အတိုးနှုန်းသက်သာစွာနဲ့ ချေးငွေပေးနိုင်ဖို့အတွက်ဆိုရင် စီးတီးဘဏ်ရဲ့ လည်ပတ်နိုင်မှုဟာ နိုင်ငံခြားငွေ စီမံခန့်ခွဲနိုင်မှုရှိဖို့ လိုအပ်ပါတယ်။ ဒီအတွက် ဒီငွေကို လျာထားသုံးစွဲဖို့ ကျွန်တော်တို့ ပြင်ဆင်ပါတယ်။ ဒါဟာတစ်ချက် ဖြစ်ပါတယ်။

### အဆောင်အယောင်

နောက်တစ်ချက်ကတော့ ကျွန်တော်တို့ တိုင်းဒေသကြီးဝန်ကြီးတွေရဲ့ အဆောင်အယောင် ကားဝယ်ယူမှု ကိစ္စဖြစ်ပါတယ်။ ဒီကိစ္စဟာ အဆောင်အယောင် ဥပဒေအရ ကျွန်တော်တို့ ဝယ်ယူခြင်းပဲဖြစ်ပါတယ်။ ဒါဟာ ဥပဒေအရ ဝန်ကြီးတွေဟာ ရုံးတက်တဲ့အခါမျိုးမှာ ဒီကားကိုပဲ စီးရမှာဖြစ်ပါတယ်။ ဒါပေမယ့် ကျွန်တော်တို့ တိုင်းဒေသကြီးဝန်ကြီးတွေကိုပေးထားတဲ့ ကားတွေဟာ ပြီးခဲ့တဲ့ အစိုးရသက်တမ်းမှာ သုံးစွဲခဲ့တဲ့ကားတွေ ဖြစ်ပါတယ်။ အဲဒီကားတွေဟာ MSW တွေ ဖြစ်ပါတယ်။ ဒီကားတွေအားလုံးဟာ စက်မှုဝန်ကြီးဌာနက ထုတ်လုပ်ထားတဲ့ကားတွေပဲ ဖြစ်ပါတယ်။ ကားတွေဟာ တော်တော်ကို ဟောင်းနွမ်းနေပါပြီ။ ဒီအတွက် ဝန်ကြီးတွေဟာ သူတို့ရဲ့ ကိုယ်ပိုင်ကားတွေကို သုံးစွဲပြီးတော့ ရုံးတက်ကြပါတယ်။ ဒီကိစ္စဟာ ရန်ကုန်အတွက် မသင့်တော်ပါဘူး။ ဘာကြောင့်လဲဆိုရင် ရန်ကုန်ဟာ ယာဉ်ကြောပိတ်ဆို့မှုပြဿနာတွေ ရှိပါတယ်။ ဒီနေရာမှာ ယာဉ်ထိန်းရဲတွေ၊ ရဲတပ်ဖွဲ့တွေသိထားတာက အစိုးရရဲ့ တရားဝင်ကားတွေကိုပဲ အသိအမှတ်ပြုထားတာ ဖြစ်ပါတယ်။ သူတို့အတွက် လုံခြုံရေးကိစ္စတွေကို ကျင့်သုံးမယ်ဆိုရင် ကိုယ်ပိုင်ကားတွေကို စီးနင်းနေခြင်းဟာ မသင့်တော်ပါဘူး။

### ပိုငွေကို ပြန်လည်အပ်နှံ

ဒါကြောင့် ကျွန်တော်တို့က ကိုယ်ပိုင်ကားတွေမဟုတ်ဘဲ အဆောင်အယောင် ဥပဒေအရ ပေးကိုပေးရမယ့် ကားတွေရှိပါတယ်။ အဲဒီပေးတဲ့နေရာမှာလည်း အိမ်သုံးဖို့တစ်စီးပေးသလို ရုံးစီးဖို့ တစ်စီးပေးပါတယ်။ ရုံးစီးဖို့ကားကို ဆလွန်းကားမျိုး ကျွန်တော်တို့မပေးပါဘူး။ Wagon လို ကားမျိုးပဲ ကျွန်တော်တို့ ပေးပါတယ်။ ဒါဘာကြောင့်လဲဆိုရင် နယ်မြို့တွေကိုသွားလာပြီးတော့ စစ်ဆေးရေးတွေလုပ်မယ်ဆိုရင် ဆလွန်းကားတွေက အဆင်မပြေပါဘူး။ Wagon ကလည်း ဇိမ်ခံကား မဟုတ်ပါဘူး။ ဒီနေရာမှာ တိုင်းဒေသကြီးရဲ့ မော်တော်ယာဉ်လုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချမှတ်ထားတဲ့မူဝါဒတွေအရ ကျွန်တော်တို့က မြန်မာပြည်မှာလာပြီး assembly လုပ်မယ့် ကားတွေကို ဦးစားပေးပြီး ဝယ်ချင်ပါတယ်။ ဒါမှသာလျှင် ပြည်တွင်းထုတ်လုပ်တဲ့ လုပ်ငန်းတွေကို အားပေးရာရောက်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့က TOYOTA ကားထဲက လည်းကောင်း၊ Nissan ထဲကသော်လည်းကောင်း၊ Ford ထဲကသော်လည်းကောင်း ဒီလိုဝယ်ယူဖို့အတွက် လျာထားငွေ သတ်မှတ်ခြင်းပဲ ဖြစ်ပါတယ်။ လျာထားငွေဆိုတာ ပိုရင်လည်းပိုနေနိုင်ပါတယ်။ ပိုရင်ဝယ်ပြီးရင် ပွင့်လင်းမြင်သာအောင်ဆောင်ရွက်ပြီး ဝယ်ယူပြီးတဲ့အချိန်မှာ ပိုငွေကို ပြန်လည်အပ်နှံရမှာပဲ ဖြစ်ပါတယ်။

အဆောင်အယောင် ဥပဒေအရ ကျွန်တော်က ဒီကိစ္စကို မဖြစ်မနေ ဝယ်ယူမယ်ဆိုတဲ့သဘောမျိုး မဟုတ်ပါဘူး။ ဘာကြောင့်လဲဆို အဆောင်အယောင် ဥပဒေအရ ကျွန်တော်တို့တိုင်းဒေသကြီးရဲ့ ဘတ်ဂျက်ကနေ ဝယ်ရတာ မဟုတ်ပါဘူး။ ဒါက ပြည်ထောင်စုကနေပြီးတော့ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဘက်ကနေ ကျွန်တော်တို့ကို ချပေးရမှာဖြစ်ပါတယ်။ ဒီအတွက် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ကျွန်တော်တို့ ဆွေးနွေးနေပါတယ်။ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနဘက်ကနေ ဆောင်ရွက်ပေးနိုင်တယ်ဆိုရင် ဒီကားတွေကို ဝယ်ယူစရာမလိုအပ်တော့ပါဘူး။ ဒီငွေတွေကို ကျွန်တော်တို့ တိုင်းဒေသကြီးအတွင်းမှာ လိုအပ်တဲ့ အခြားနေရာတွေ သုံးစွဲခွင့်ရသွားမှာဖြစ်သလို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုသုံးစွဲနိုင်ခွင့်ရသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ဟာ ဒီငွေကို စနစ်တကျစီမံခန့်ခွဲသုံးစွဲနိုင်ဖို့အတွက် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

### ဆောင်ရွက်သွားမှာဖြစ်

အခုလည်း စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနနဲ့ ဆွေးနွေးနေပါတယ်။ ဘာကြောင့်လဲဆိုရင် ဒီကားတွေဟာ အဆောင်အယောင်ကားတွေဖြစ်တဲ့အတွက် ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန(CESID)ကနေ ကျွန်တော်တို့ကို ထုတ်ပေးရမှာဖြစ်ပါတယ်။ CESID ကနေ ကားထုတ်ပေးမယ်ဆိုရင် ကျွန်တော်တို့အနေနဲ့ ဒီကားတွေကို ဝယ်ယူစရာမလိုပါဘူး။ ဒါနဲ့ပတ်သက်ပြီးတော့ လွှတ်တော်မှာ မဲခွဲဆုံးဖြတ်မယ်ဆိုပြီးတော့ လွှတ်တော်ကိုယ်စားလှယ်ဘက်ကနေ အဆိုပြုမှုတစ်ခု ကျွန်တော်တွေ့ပါတယ်။ ဒါဟာ ဥပဒေနဲ့ ညီညွတ်မှုမရှိပါဘူး။ ဒီကိစ္စဟာ အကြံပြုချက်ပဲ ပြုရမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေအရ အစိုးရကနေတင်သွင်းမယ့် ဥပဒေဖြစ်ပြီး ဒီဥပဒေကို တိုင်းဒေသကြီးလွှတ်တော်ရဲ့ ပုဒ်မ ၁၄၁ အရ ဥပဒေကြမ်းကို အတည်ပြုတဲ့အချိန်မှသာ အများသဘောဆန္ဒအရ အတည်ပြုရမှာ ဖြစ်ပါတယ်။ အခုကျွန်တော်တို့က လျာထားချက်ကိုပဲ တင်ပြတာဖြစ်ပါတယ်။ လျာထားတင်ပြမှုကိုတော့ တိုင်းဒေသကြီးလွှတ်တော် ဥပဒေပုဒ်မ ၁၄၀ အရ အကြံပြုချက်တွေကို ဆွေးနွေးကြပြီးရင် ဒီအကြံပြုချက်တွေကို ဝန်ကြီးချုပ်ဆီပေးပို့ဖို့ပဲ ဖြစ်ပါတယ်။ ဥပဒေအတိုင်း ကျွန်တော်တို့ ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး။ ။ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးတွေ သုံးစွဲဖို့ ကားဝယ်ယူမယ့်ကိစ္စနဲ့ပတ်သက်ပြီး ဘယ်လိုဆက်လက်ဆောင်ရွက်သွားမလဲဆိုတာ သိပါရစေခင်ဗျာ။**

ဖြေ။ ။ ကျွန်တော့်ဆီကတစ်ဆင့် ဒီကိစ္စကို ဘဏ္ဍာရေးကော်မရှင်ကိုတင်ပြမယ်။ ဘဏ္ဍာရေးကော်မရှင်က အတည်ပြုချက်ရရှိပြီဆိုမှ ပြည်ထောင်စုအစိုးရက ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၀၀ အရ ပြည်ထောင်စုလွှတ်တော်ကို တင်ပြရမှာ ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်ကနေ အတည်ပြုပြီဆိုမှ ကျွန်တော်တို့ တိုင်းဒေသကြီးမှာ ပြန်လည်ဆွေးနွေးဖို့အတွက် တိုင်းဒေသကြီးအစိုးရကနေ လွှတ်တော်ကို တင်ပြရမှာဖြစ်ပါတယ်။ အဲဒီအချိန်ကျရင် တိုင်းဒေသကြီး လွှတ်တော် ဥပဒေပုဒ်မ ၁၄၁ အရ လွှတ်တော်မှာ အတည်ပြုချက်ရယူကြရမှာ ဖြစ်ပါတယ်။

### ပြည်သူလူထုရဲ့ ဘဏ္ဍာငွေ

နောက်တစ်ချက် ကျွန်တော်ပြောချင်တာကတော့ ကျွန်တော်တို့ဟာ နိုင်ငံရေးတာဝန်တွေကို လာပြီးထမ်းဆောင်နေတာဖြစ်ပါတယ်။ ကျွန်တော်တို့ဟာ တာဝန်လာယူနေတာ ဖြစ်ပါတယ်။ အခွင့်အရေး လာယူနေတာမျိုး မဟုတ်ပါဘူး။ ဒီအတွက် ကျွန်တော်တို့တွေ ဒီတာဝန်တွေကို ယူနေကြတယ်၊ ဝန်ကြီးတွေကို တာဝန်ပေးတယ်ဆိုရာမှာ ကျွန်တော်တို့ဟာ ဒီတာဝန်တွေနဲ့အတူ အခွင့်အရေး ယူပြီး ပြည်သူလူထုရဲ့ဘဏ္ဍာငွေတွေကို အလွဲပြုလုပ်လို့မရနိုင်ပါဘူး။ ကျွန်တော်တို့အားလုံးရဲ့ ယုံကြည်မှုတွေအတွက် နိုင်ငံတော်ကြီး ဖွံ့ဖြိုးတိုးတက်အောင်၊ တိုင်းပြည်တိုးတက်အောင်၊ ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတွေအတွက် ကျွန်တော်တို့ ကြိုးပမ်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီအတွက် ကားစီးဖို့ဆောင်ရွက်နေတဲ့ အစိုးရအဖွဲ့ မဟုတ်ဘူးဆိုတာကိုတော့ ကျွန်တော်ရှင်းရှင်းလင်းလင်း ပြောချင်ပါတယ်။ အဆောင်အယောင် ဥပဒေအရ သတ်မှတ်ထားတဲ့ဥပဒေကိုတော့ ဝန်ကြီးတွေ လိုက်နာရပါမယ်။ ကျွန်တော်တို့ဘက်ကလည်း လိုက်နာနိုင်အောင်အတွက် သူတို့ကို သတ်မှတ်ထားတဲ့ အခွင့်အရေးတွေကို ပေးရပါမယ်။ ဒါမှသာ ဥပဒေအတိုင်း ဆောင်ရွက်နိုင်မှာဖြစ်ပါတယ်။ ဥပဒေ မပါတာကိုလည်း မလုပ်ဖို့လိုသလို ဥပဒေမှာပါဝင်တာကိုလည်း လုပ်ကိုလုပ်ရမှာ ဖြစ်ပါတယ်။ ဒါဟာ ဥပဒေစိုးမိုးရေးကိုဦးထိပ်ထားတဲ့ အစိုးရတစ်ရပ်အနေနဲ့ ဒီအတိုင်းပဲ ကျွန်တော်တို့ ဆောင်ရွက်သွားကြရမှာ ဖြစ်ပါတယ်။

**တွေ့ဆုံမေးမြန်း- ဇော်ကြီး(ပဏီတ)၊ ဓာတ်ပုံ- ဖေဇော်**

---

## မိုးညှင်းမြို့နယ်တွင် ပြည်သူ့စကားဝိုင်း ကျင်းပ

**မိုးညှင်း ဇွန် ၁၁**

ကျေးလက်ဒေသဖွံ့ဖြိုးရေး အစီအစဉ်အရ ပြည်သူ့စကားဝိုင်းကို ယနေ့ နံနက် ၉ နာရီခွဲတွင် ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ဘီလူးမြို့ကျေးရွာ၌ ကျင်းပသည်။

အခမ်းအနားတွင် ကချင်ပြည်နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်တို့က အမှာစကား ပြောကြားပြီး မိုးညှင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းမေဆုအောင်က ဦးဆောင်၍ ပြည်သူ့စကားဝိုင်း အစီအစဉ်ကို စတင်ခဲ့သည်။

အစီအစဉ်အရ ကချင်ပြည်နယ် လွှတ်တော်ကိုယ်စားလှယ် ဦးတင်အေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲအောင်၊ မြို့နယ် စိုက်ပျိုးရေးသုတေသနခွဲ မန်နေဂျာ ဦးမြင့်သောင်း၊ မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မန်နေဂျာ ဦးထင်အောင်ဇော်၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာဝေမွန်ထက်၊ မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာန ဦးစီးမှူး ဦးဇင်မင်းထွဋ်တို့က မိမိတို့ဌာန အသီးသီးက ပြည်သူလူထုအတွက် လုပ်ကိုင်ဆောင်ရွက်ပေးနိုင်သည့် လုပ်ငန်းများအကြောင်း ရှင်းလင်း ပြောကြားခဲ့သည်။ **၀၅၈**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးညိုပု သံတွဲမြို့နယ်ရှိ ဒေသခံပြည်သူများနှင့်တွေ့ဆုံ

**သံတွဲ ဇွန် ၁၁**
ရခိုင်ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ယနေ့နံနက် ၈ နာရီတွင် သံတွဲမြို့ ဒွါရာဝတီခန်းမ၌ သံတွဲမြို့နယ်ရှိ ရပ်ကွက်နှင့်ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ဒေသခံပြည်သူများနှင့်တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်နယ်ဝန်ကြီးချုပ်က နှစ်နှစ်တာကာလအတွင်း ဆောင်ရွက်ခဲ့သည့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ၏ အားနည်းချက်များနှင့် အားသာချက်များကို ပွင့်လင်းမြင်သာစွာ ဝေဖန်ထောက်ပြ အကြံပြုဆွေးနွေးနိုင်ကြရန် လာရောက်ရခြင်းဖြစ်ပါကြောင်း၊ ပြည်နယ်အစိုးရအနေဖြင့် ရခိုင်ပြည်နယ် တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွား အခြေခံအဆောက်အအုံများကို ဦးစားပေးဆောင်ရွက်ခဲ့ပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ရာတွင် တစ်ဦးကောင်းတစ်ယောက်ကောင်း၊ အဖွဲ့အစည်းတစ်ရပ်ကောင်းဖြင့် လုပ်ဆောင်၍မရဘဲ ပြည်သူများ ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီဆောင်ရွက်မှသာ အလျင်အမြန် ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း။

တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးသည် ပြည်နယ်အစိုးရ၏ အရေးကြီးသည့် ရည်မှန်းချက်တစ်ရပ်ဖြစ်ကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးသည် အပြန်အလှန်အကျိုးသက်ရောက်မှုရှိနေကြောင်း၊ အလားတူ အမျိုးသားပြန်လည်သင့်မြတ်ရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေးသည်လည်း အဓိကအရေးပါသည့် အခန်းကဏ္ဍတစ်ရပ်ဖြစ်ကြောင်း၊ ဖက်ဒရယ်ဒီမိုကရေစီစနစ် ပီပြင်စွာပေါ်ပေါက်လာရေးအတွက် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အပြန်အလှန်လေးစားမှု၊ ယုံကြည်မှု၊ ပွင့်လင်းမြင်သာမှုများဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို အပြုသဘောဆောင်၍ အကြံပြုဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် သံတွဲခရိုင်အုပ်ချုပ်ရေးမှူး ဦးညီညီထွေးက ၂၀၁၈ ခုနှစ် ကာလတိုဘဏ္ဍာရေးနှစ် စီမံကိန်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုများ၊ ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကိုလည်းကောင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်ကျော်သန်းက ဒေသဆိုင်ရာ အချက်အလက်များနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ဒေသခံပြည်သူများက ဒေသဖွံ့ဖြိုးရေးဆိုင်ရာလိုအပ်ချက်များ၊ ပညာရေး၊ ကျန်းမာရေးနှင့် သိမ်းဆည်းခံမြေယာဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ ပြည်နယ်ဝန်ကြီး ဦးကျော်လွင်၊ ဦးအောင်ကျော်ဇံ၊ ဒေါက်တာချမ်းသာ၊ ဦးဝင်းမြင့်နှင့် တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ဒေသခံပြည်သူများအနေဖြင့် ဆွေးနွေးတင်ပြလိုသည်များကို တိုက်ရိုက်ဖြစ်စေ၊ ရုံးလုပ်ထုံးလုပ်နည်းအရဖြစ်စေ တင်ပြဆွေးနွေးနိုင်ပါကြောင်း၊ ဒေသတွင်းတည်ငြိမ်အေးချမ်းရေး၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် လူ့အခွင့်အရေးအပြည့်အဝရရှိရေးတို့အတွက် တက်ညီလက်ညီဝိုင်းဝန်းကြိုးပမ်းအားထုတ် ဆောင်ရွက်ကြစေလိုကြောင်း၊ သဘာဝသယံဇာတအရင်းအမြစ်များနှင့် ရရှိဖြစ်ပေါ်နေသည့် အခွင့်အရေးများကို မိမိအကျိုး၊ အများအကျိုးမျှတစွာဖြင့် ဒေသဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

**သတင်းစဉ်**



အစ္စလာမ်ဘာသာဝင် ၁၀၄ ဦးအား ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ရေးဆောင်ရွက်ပေးစဉ်။



ဝမ်းဗိုက်ထက်ခြမ်းကွဲ ပျက်စီးနေသော စက်လှေအပျက်အစီးများကို တွေ့ရစဉ်။

# ပင်လယ်ကမ်းစပ်၌ လူ ၁၀၄ ဦးနှင့် စက်လှေတစ်စင်း တွေ့ရှိ

**နေပြည်တော် ဇွန် ၁၁**
ယနေ့ နံနက် ၇ နာရီ ၄၅ မိနစ်ခန့်တွင် ရသေ့တောင်မြို့နယ် အောင်ဗလချောင်းဝ အငူမော်ကျေးရွာနှင့် ဒုံးပိုက်ကျေးရွာအကြား ပင်လယ်ကမ်းစပ်တွင် စက်လှေတစ်စင်းနှင့် လူများရောက်ရှိနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သည့် ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ သွားရောက်စစ်ဆေးခဲ့ရာ ယနေ့နံနက် ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် သာစည်ကျေးရွာအနီး ပင်လယ်ကမ်းစပ်၌ စက်လှေ အလျား ပေ ၄၀၊ အနံ ပေ ၂၀၊ ဇောက် အနက် ခြောက်ပေရှိ ဝမ်းဗိုက်ထက်ခြမ်းကွဲ ပျက်စီးနေသော စက်လှေတစ်စင်းနှင့် အမျိုးသား ၄၄ ဦး၊ အမျိုးသမီး ၆၀ စုစုပေါင်း ၁၀၄ ဦးတို့အား စိစစ်တွေ့ရှိရသည်။

အဆိုပါ အစ္စလာမ်ဘာသာဝင် ၁၀၄ ဦးအား လုံခြုံရေးတပ်ဖွဲ့ဝင်များက မော်တော်ယာဉ် လေးစီးဖြင့် ငါးခူရပြန်လည်လက်ခံရေးစခန်းသို့ ပို့ဆောင်ပေးခဲ့ရာ ညနေ ၅ နာရီ ၃၅ မိနစ်တွင် ရောက်ရှိခဲ့ပြီး လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ တာဝန်ရှိသူများက စိစစ်မှုများ ပြုလုပ်လျက်ရှိသည်။

၂၀၁၅ ခုနှစ် မေ ၂၁ ရက်တွင် ရခိုင်ပြည်နယ် မောင်တောမြို့နယ် သဘော်ကွေ့ကျေးရွာအနီး ပင်လယ်ပြင်တွင် လှေစီးဒုက္ခသည် ၂၂၈ ဦး တွေ့ရှိခဲ့သဖြင့် စိစစ်ခဲ့ရာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသား ၂၀၈ ဦး ပါဝင်နေကြောင်း တွေ့ရှိရသဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ ပေးအပ်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စနစ်တကျလွှဲပြောင်းပေးခဲ့ကြောင်း သိရသည်။

အလားတူ ၂၀၁၅ ခုနှစ် မေ ၂၉ ရက်ကလည်း ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့အရှေ့တောင်ဘက် ပင်လယ်ပြင်အတွင်း ဘင်္ဂလားဒေ့ရှ်နိုင်ငံမှ လှေစီးဒုက္ခသည် ၇၃၄ ဦး တွေ့ရှိခဲ့ရသဖြင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ကာ ဘင်္ဂလားဒေ့ရှ်နိုင်ငံသို့ စနစ်တကျ လွှဲပြောင်းပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# စစ်တွေမြို့၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပ

**စစ်တွေ ဇွန် ၁၁**
အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် (၃၁) ကြိမ်မြောက် တက္ကသိုလ်၊ အထက်တန်း၊ အလယ်တန်းအဆင့် စာစီစာကုံးပြိုင်ပွဲနှင့် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက် ၈ နာရီက စစ်တွေမြို့ ဦးဥတ္တမခန်းမ၌ ကျင်းပသည်။

ပြိုင်ပွဲတွင် တက္ကသိုလ်အဆင့် ပြည်နယ်တစ်ခွင်၊ ကင်းစင်မူးယစ်၊ တိုက်ဖျက်ပစ်" ခေါင်းစဉ်ဖြင့် စစ်တွေတက္ကသိုလ်မှ ကျောင်းသား ကျောင်းသူ ၃၄ ဦး နှင့် စစ်တွေ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသား သင်တန်းသူ ၁၇ ဦး၊ အထက်တန်းအဆင့်တွင် "အနာဂတ်ပန်းများ ပွင့်လင်းဖို့ မူးယစ်ဆေးဝါးတိုက်ဖျက်စို့" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၃၅ ဦး၊ အလယ်တန်းအဆင့်တွင် "လူငယ်ဘဝတိုးတက်ဖို့ မူးယစ်အန္တရာယ်ကာကွယ်စို့" ခေါင်းစဉ်ဖြင့် ကျောင်းသား ကျောင်းသူ ၂၅ ဦးနှင့် ကျပန်းစကားပြောပြိုင်ပွဲတွင် ကျောင်းသား ကျောင်းသူ ၁၂ ဦး စုစုပေါင်း ၁၂၃ ဦး ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲသို့ ရခိုင်ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးကျော်၊ ရခိုင်ပြည်နယ် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဖုန်းတင့်၊ ပြည်နယ်ဥပဒေချုပ် ဦးကျော်လှထွန်း၊ အမှတ် (၄) လုံခြုံရေးကွပ်ကဲရေးမှူး ရဲမှူးချုပ်မြဝင်း၊ ရခိုင်ပြည်နယ် ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးအောင်မြတ်မိုး၊ အမှတ် (၃) မူးယစ်တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီးညွန့်လွင်၊ စစ်တွေတက္ကသိုလ် ဒုတိယပါမောက္ခချုပ် (ပါမောက္ခချုပ်တာဝန်) ဒေါက်တာဝင်းနိုင်၊ စစ်တွေကွန်ပျူတာတက္ကသိုလ် ကျောင်းအုပ်ကြီး ဒေါက်တာဇော်ထွန်း၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ တက်ရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

**ဝင်းမင်းစိုး(ပြန်/ဆက်)**

## မွေးမြူရေးတိရစ္ဆာန်များ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

မိုးရာသီသို့ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ မိုးဦးကာလတွင်လေပြင်းတိုက်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ ရေကြီးရေလျှံခြင်း၊ မိုးကြိုးပစ်ခြင်းများဖြစ်ပေါ်နိုင်သဖြင့် ဒေသအလိုက်ကျရောက်နိုင်သည့် သဘာဝဘေးအန္တရာယ်များကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် အောက်ပါအတိုင်းလိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(၁) ရေဒီယို၊ ရုပ်မြင်သံကြားမှ မိုးလေဝ သတိပေးချက်များကို ဂရုပြုနားထောင် စောင့်ကြည့်ရန်၊
(၂) ရေကြီးရေလျှံမှုဖြစ်ပေါ်လေ့ရှိသောဒေသများ၌ တိရစ္ဆာန်များအား ရေဘေးအန္တရာယ်မှကင်းလွတ်နိုင်ရေး ကြိုတင်ပြင်ဆင်ထားရန်၊
(၃) တိရစ္ဆာန်များအတွက် ဒေသတွင်းရရှိနိုင်သည့် ကောက်ရိုး၊ ပြောင်းရိုး၊ ပဲရိုး၊ ပဲမှော် အစရှိသည့် တိရစ္ဆာန်အစာနှင့်သောက်သုံးရေများအား လုံလောက်စွာကြိုတင်စုဆောင်းထားရန်၊
(၄) ရေဘေးအန္တရာယ်ကျရောက်သည်မှလွဲ၍ အခြားသဘာဝဘေးများဒဏ်မှကာကွယ်ရန် တိရစ္ဆာန်များအား အကာအကွယ်ရှိသောခြံများအတွင်း စနစ်တကျမွေးမြူထားရှိရန်၊
(၅) ရေဘေးအန္တရာယ်ကျရောက်လာပါက တိရစ္ဆာန်များအား ရေလွတ်သောနေရာများသို့ အလျင်အမြန် ရွှေ့ပြောင်းနေရာချထားရန်အတွက် ကြိုတင်ပြင်ဆင်စီမံထားရန်၊
(၆) သိုလှောင်ထားသောတိရစ္ဆာန်အစာများအား ရေဘေးကင်းလွတ်ရာသို့ အချိန်မီပြောင်းရွှေ့သယ်ယူနိုင်ရေး ကြိုတင်စီစဉ်ထားရန်၊
(၇) ရေဘေးအန္တရာယ်ကျရောက်ချိန်နှင့် ရေပြန်ကျချိန်များတွင် ကူးစက်ရောဂါများဖြစ်ပွားတတ်သဖြင့် တိရစ္ဆာန်များအား ဦးစီးဌာနကသတ်မှတ်ထားသည့်အတိုင်း ရောဂါကာကွယ်ဆေးများ ကြိုတင်ထိုးနှံထားရန်၊
(၈) တိရစ္ဆာန်များကူးစက်ရောဂါ၊ သာမန်ရောဂါနှင့် ထိခိုက်ဒဏ်ရာများရရှိပါက ဆေးကုသမှုအမြန်ဆောင်ရွက်နိုင်ရန် နီးစပ်ရာမွေးမြူရေးနှင့်ကုသရေးဦးစီးဌာနသို့ ဆက်သွယ်ရန်၊
(၉) တိရစ္ဆာန်ကျန်းမာရေးဆိုင်ရာ ထူးခြားဖြစ်စဉ်များရှိပါက သက်ဆိုင်ရာမွေးမြူရေးနှင့် ကုသရေးဦးစီးဌာနသို့ အကြောင်းကြားဆက်သွယ်ရန်၊ သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန**

# အမေရိကန်-မြောက်ကိုရီးယား ထိပ်သီးဆွေးနွေးပွဲ အောင်မြင်မည်ဟု တောင်ကိုရီးယားသမ္မတ မျှော်မှန်း

**ဆိုးလ် ဇွန် ၁၁**

ဇွန် ၁၂ ရက်တွင် ကျင်းပမည့် မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့၏ ထိပ်သီးဆွေးနွေးပွဲသည် ကိုရီးယားကျွန်းဆွယ် ငြိမ်းချမ်းရေးရရှိရေးအတွက် သမိုင်းမှတ်တိုင်တစ်ခုဖြစ်လာမည်ဖြစ်ပြီး အဆိုပါထိပ်သီးဆွေးနွေးပွဲ အောင်မြင် မှုရရှိမည်ဟု မျှော်မှန်းကြောင်း တောင်ကိုရီးယားသမ္မတ မွန်းဂျယ်အင်းက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

သမ္မတ ထရန့်နှင့် ကင်ဂျုံအန်တို့ ထိပ်သီးဆွေးနွေးပွဲ မကျင်းပမီ တစ်ရက်အလိုတွင် သမ္မတအိမ်ပြာတော်၌ တောင်ကိုရီးယားသမ္မတနှင့် ၎င်း၏ ထိပ်တန်းဝန်ကြီးများ၏ အပတ်စဉ်အစည်းအဝေးကျင်းပရာတွင် သမ္မတ မွန်းဂျယ်အင်းက မှတ်ချက်ပြုပြောကြားခဲ့ခြင်းဖြစ်သည်။

မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန်နှင့် အမေရိကန်သမ္မတ ဒေါ်နယ်ထရန့်တို့သည် ထိပ်သီးအစည်းအဝေးကျင်းပမည့် စင်ကာပူသို့ ဇွန် ၁၀ ရက်တွင် ရောက်ရှိလာကြပြီး ဇွန် ၁၂ ရက် ဒေသစံတော်ချိန် နံနက် ၉နာရီတွင် စင်ကာပူနိုင်ငံ ဆန်တိုဆာအပန်းဖြေကျွန်းရှိ ကာပီလာဟိုတယ်၌ ထိပ်သီးအစည်းအဝေးကျင်းပရန် စီစဉ်ထားသည်။

အမေရိကန်နှင့်မြောက်ကိုရီးယား နှစ်နိုင်ငံအကြား ရန်လိုသောဆက်ဆံရေးများ အဆုံးသတ်နိုင်ရေးနှင့် ကိုရီးယားကျွန်းဆွယ်ဒေသတွင်း အဏုမြူလက်နက်ကင်းစင်ရေးတို့အတွက် ကြီးကျယ်သော သဘောတူညီချက်ရရှိရန် မြောက်ကိုရီးယားခေါင်းဆောင်ကင်နှင့် အမေရိကန် သမ္မတ ထရန့်တို့က ရဲရင့်သောသန္နိဋ္ဌာန်ချမှတ်မှုများအပေါ် တောင်ကိုရီးယားသမ္မတက ချီးကျူး ပြောကြားခဲ့သည်။

အမေရိကန်သမ္မတနှင့် မြောက်ကိုရီးယားခေါင်းဆောင်တို့၏ ထိပ်သီးဆွေးနွေးပွဲတွင် နောက်ဆုံးအဆင့် သဘောတူညီမှုများ ရရှိရေးအတွက် အမေရိကန်နှင့် မြောက်ကိုရီးယားနိုင်ငံတို့မှ တာဝန်ရှိသူများသည် အလုပ်သဘောဆွေးနွေးမှုများကို စင်ကာပူတွင် ပြုလုပ်လျက်ရှိကြောင်း သတင်းများထွက်ပေါ်နေသည်။

**အေအက်ဖ်ပီ**



ထိပ်သီးအစည်းအဝေးမကျင်းပမီ စင်ကာပူ၌ လုံခြုံရေးတင်းကျပ်ထားစဉ်။



# ဆီးရီးယားနိုင်ငံ အိုင်ဒီလစ်မြို့၌ ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုအတွက် ကုလအကြီးအကဲစိုးရိမ်

**ကုလသမဂ္ဂ ဇွန် ၁၁**

ဆီးရီးယားနိုင်ငံ အိုင်ဒီလစ်မြို့၌ မကြာသေးမီက ဖြစ်ပွားခဲ့သော လေကြောင်းတိုက်ခိုက်မှုနှင့်ပတ်သက်၍ မိမိအလွန်အမင်းစိုးရိမ် ပူပန်မိသည်ဟု ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်သော်နီယိုဂူတဲရက်ရှ်က ပြောကြားလိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက ဇွန် ၁၁ ရက်တွင် သတင်းထုတ်ပြန်သည်။

ဇွန် ၇ ရက် ညပိုင်းမှ ၈ ရက်အထိ လေကြောင်းတိုက်ခိုက်မှုများပြုလုပ်ခဲ့ရာတွင် အိုင်ဒီလစ်မြို့ မြောက်ပိုင်းဆင်ခြေဖုံးဒေသ ဇာဒါနာကျေးရွာမှာ ပစ်မှတ်ထားခံခဲ့ရပြီး ကလေးသူငယ်များ အပါအဝင် အရပ်သူ အရပ်သား ဒါဇင်ပေါင်းများစွာ သေဆုံးခဲ့ကြရသည်ဆို၏။

ယင်း လေကြောင်းတိုက်ခိုက်မှုများနှင့် ပတ်သက်၍ မည်သူတို့တွင် တာဝန်ရှိသည်ကို ဖော်ထုတ်နိုင်ရေးအတွက် စုံစမ်းစစ်ဆေးရန် ကုလသမဂ္ဂအကြီးအကဲက တိုက်တွန်းကြောင်း ၎င်း၏ပြောရေးဆိုခွင့်ရှိသူ စတီဖင်ဒူဂျားရစ်က ထုတ်ပြန်သော ကြေညာချက်တွင် ဖော်ပြသည်။

အိုင်ဒီလစ်ဒေသသည် တင်းမာမှု အဆုံးသတ်ရေး သဘောတူညီချက်နှင့် အကျုံးဝင်သောဒေသ ဖြစ်ခြင်းကြောင့် ယင်းသဘောတူညီချက်တွင် ပါဝင်လက်မှတ်ရေးထိုးထားသူအားလုံးက သဘောတူညီချက်ပါ ကတိကဝတ်များအတိုင်း လိုက်နာဆောင်ရွက်ကြရန် ကုလသမဂ္ဂ အကြီးအကဲက တိုက်တွန်းကြောင်း ကာဇက်စတန်နိုင်ငံမြို့တော် အက်စတာနာ၌ ရရှိခဲ့သော သဘောတူညီချက်ကို ရည်ညွှန်း၍ အဆိုပါကြေညာချက်တွင် ဖော်ပြထားသည်။

အိုင်ဒီလစ် အုပ်ချုပ်ရေးဒေသအတွင်း ပြည်သူ ၂ ဒသမ ၃ သန်းခန့် နေထိုင်ကြပြီး ၎င်းတို့အနက် ၆၀ ရာခိုင်နှုန်းမှာ စစ်ဘေးရှောင်ဒုက္ခသည်များဖြစ်ကြသည်။

**အေအက်ဖ်ပီ**

# အီရတ်၌ မဲလက်မှတ်များ ပြန်လည်ရေတွက်ရန် ရှိနေစဉ် ရွေးကောက်ပွဲ မဲလက်မှတ်သိုလှောင်ရုံ၌ မီးလောင်မှုဖြစ်ပွား

**ဘဂ္ဂဒက် ဇွန် ၁၁**

အီရတ်နိုင်ငံရှိ ရွေးကောက်ပွဲ မဲလက်မှတ်သိုလှောင်ရုံတစ်ရုံတွင် ဇွန် ၁၀ ရက်က မီးလောင်မှုဖြစ်ပွားကြောင်း၊ လွှတ်တော်၏ ညွှန်ကြားချက်အရ မဲလက်မှတ်များကို ပြန်လည်ရေတွက်ရန် ရှိနေချိန်အတွင်း ယင်းသို့မီးလောင်မှုဖြစ်ပွားခြင်းဖြစ်ကြောင်း လုံခြုံရေးဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

ဘဂ္ဂဒက် အရှေ့ပိုင်းခရိုင်၏ မဲရုံများ၌ မဲပေးခဲ့ကြသူများ၏ မဲလက်မှတ်များ ထားရှိသည့် သိုလှောင်ရုံတွင် မီးလောင်မှု ဖြစ်ပွားခဲ့သည်။ အဘယ်ကြောင့် မီးလောင်မှုဖြစ်ရသည်ကို လတ်တလော မသိရသေးပေ။

အီရတ်နိုင်ငံရှိ မဲလက်မှတ်သိုလှောင်ရုံများအနက် အကြီးဆုံးသော သိုလှောင်ရုံတွင် မီးလောင်မှုဖြစ်ပွားခဲ့သည်။ မေ ၁၂ ရက် လွှတ်တော် ရွေးကောက်ပွဲကာလအတွင်း မဲမသမာမှုများပြုလုပ်ခဲ့သည်ဟု စွပ်စွဲချက်များပေါ်ထွက်ခဲ့ပြီးနောက် မဲလက်မှတ် ၁၀ သန်းခန့်ကို လက်ဖြင့် ပြန်လည်ရေတွက်ရန် လွှတ်တော်ကဆုံးဖြတ်ခဲ့သည်။

ဘဂ္ဂဒက် အရှေ့ပိုင်းရှိ ခရိုင်များအနက် ခရိုင်တစ်ခုဖြစ်သော အယ်လ်ရူဆာဖာခရိုင်၌ တည်ရှိသည့် မဲလက်မှတ်သိုလှောင်ရုံတွင် မီးလောင်ခဲ့ခြင်းဖြစ်သည်။

မေ ၁၂ရက် လွှတ်တော်ရွေးကောက်ပွဲ၌ ပြည်သူအတွင်းရေပန်းစားသော ရှီးယိုက်တရားဟောဆရာ မိုတာဒါးဆာဒါး၏ညွှန့်ပေါင်းအုပ်စုက အနိုင်ရရှိခဲ့သော်လည်း ရွေးကောက်ပွဲတွင် မဲမသမာမှုများပြုလုပ်ခဲ့သည်ဟု စွပ်စွဲမှုများပေါ်ထွက်ခဲ့သည်။

မြို့တော် ဘဂ္ဂဒက်၏ မဲပေးပိုင်ခွင့်ရှိသူ ပြည်သူ နှစ်သန်းအနက် ၆၀ ရာခိုင်နှုန်းခန့်က လွှတ်တော်ရွေးကောက်ပွဲတွင် မဲပေးခဲ့ကြသည်။

မဲပေးရာတွင် အသုံးပြုသော စက်ကိရိယာများနှင့် ရွေးကောက်ပွဲလုပ်ငန်းသုံးကိရိယာများ သိုလှောင်သောအခန်းမှာ မီးလောင်ပျက်စီးခဲ့ရကြောင်း၊ မဲပုံးများကိုမူ အခြားအခန်းတစ်ခန်းတွင် ထားရှိကြောင်း၊ မီးလောင်မှုဖြစ်ရပ်ကြောင့် မဲပြားများကို ပြန်လည်ရေတွက်မည့် လုပ်ငန်းအပေါ် ထိခိုက်မည်မဟုတ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူ ဗိုလ်ချုပ်ကြီး ဆာဒါးမာအန်က ပြောကြားသည်။

**အေအက်ဖ်ပီ**



# တရုတ်နိုင်ငံ အနောက်တောင်ပိုင်းရှိ ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွား ၂၄ဦး ဒဏ်ရာရ

**ကွေ့ယန်း ဇွန် ၁၁**

တရုတ်နိုင်ငံအနောက်တောင်ပိုင်း ကွေ့ကျိုးပြည်နယ်တွင် ဇွန် ၁၀ ရက် ညက သဘာဝဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲမှုဖြစ်ပွားရာ လူ ၂၄ ဦး ပြင်းထန်စွာဒဏ်ရာရရှိခဲ့ကြောင်း ဒေသဆိုင်ရာတာဝန်ရှိသူများက ဇွန် ၁၁ ရက်တွင် ပြောကြားသည်။

ချင်လောင်းစီရင်စု ရှာဇီမြို့၌ ပက်ထရိုချိုင်းနား ကုမ္ပဏီက လုပ်ကိုင်နေသည့် သဘာဝဓာတ်ငွေ့ပိုက်လိုင်းတွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားရာမှ ဇွန် ၁၀ ရက် ဒေသစံတော်ချိန် ည ၁၁ နာရီ မိနစ် ၂၀ ခန့်တွင် ပေါက်ကွဲမှုဖြစ်ပွားပြီး မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ကြောင်း စီရင်စုအုပ်ချုပ်ရေးအဖွဲ့က ပြောကြားသည်။

သဘာဝဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် အလိုအလျောက်စနစ်ဖြင့် ပိတ်ထားလိုက်ပြီး မီးလောင်ကျွမ်းမှုကို ဇွန် ၁၁ ရက် နံနက် ၂ နာရီခွဲတွင် ငြိမ်းသတ်နိုင်ခဲ့သည်။ ယင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုကြောင့် သေဆုံးသူမရှိဘဲ ထိခိုက်ဒဏ်ရာရသူ ၂၄ ဦးကို ဆေးရုံသို့ တင်ပို့ထားပြီး ဒဏ်ရာရရှိသူများထဲမှ ရှစ်ဦးမှာ အသက်အန္တရာယ်စိုးရိမ်ရသည့် အခြေအနေရှိကာ အခြား ၁၆ ဦးမှာ ဒဏ်ရာပြင်းထန်သော်လည်း အသက်ဘေးအန္တရာယ် မစိုးရိမ်ရကြောင်း သတင်းတွင်ဖော်ပြသည်။

ဒေသတွင်းရှိ ကယ်ဆယ်ရေးသမားများက ထိခိုက်ဒဏ်ရာရရှိသူများအား ရှာဖွေမှုများဆက်လက်ပြုလုပ်နေသော်လည်း ထပ်မံတွေ့ရှိရခြင်းမရှိပေ။

ယင်းသဘာဝဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုဖြစ်ပွားရခြင်းအကြောင်းရင်းကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်နေကြောင်း သတင်းတွင်ဖော်ပြသည်။

**ဆင်ဟွာ**

# ၂၀၁၈ ကမ္ဘာ့ဖလားနှင့်ပတ်သက်သမျှ အပိုင်း(၂)


**ကမ္ဘာ့ဖလားဆိုတာ ဂုဏ်သိက္ခာအကြီးဆုံးပြိုင်ပွဲဖြစ်သလို လေးနှစ်မှတစ်ကြိမ်သာ ကျင်းပတာကြောင့် ဒီပြိုင်ပွဲကြီးနဲ့ပတ်သက်သမျှ အချက်အလက်တိုင်းဟာ ထူးခြားမှုရှိတယ်လို့ သတ်မှတ်ရမှာဖြစ်ပါတယ်။ ယခုဆိုရင် ကမ္ဘာ့ဖလားကျင်းပဖို့ နီးကပ်လာပြီဖြစ်တာကြောင့် ၂၀၁၈ ကမ္ဘာ့ဖလားပြိုင်ပွဲနဲ့ သက်ဆိုင်တဲ့ အရေးကြီးအချက်အလက်တွေကို ကြေးမုံပရိသတ်တွေအတွက် ကောက်နုတ်တင်ဆက်လိုက်ပါတယ်။**

## ကွင်းကြီးများ

မြို့ကြီး ၁၁ မြို့ ကွင်းကြီး ၁၂ ကွင်းမှာ ပွဲပေါင်း ၆၄ ပွဲကို ညှော်ခံကျင်းပသွားမှာဖြစ်ပါတယ်။ ရုရှားနိုင်ငံက အိမ်ရှင်အဖြစ် ကျင်းပဖို့ လျှောက်ထားစဉ်က မြို့ကြီး ၁၃ မြို့ရှိ ကွင်းကြီး ၁၆ ကွင်းမှာ ကျင်းပမယ်ဆိုပြီး လျှောက်ထားခဲ့ပေမယ့် ပထဝီအနေအထားအားဖြင့် ကျယ်ဝန်းတဲ့ နိုင်ငံတွေမှာ ကြုံတွေ့ရလေ့ရှိတဲ့ ပြဿနာအတိုင်း အကွာအဝေးကို ချုံ့နိုင်ဖို့အတွက် ကွင်းအရေအတွက်ကို လျှော့ချခဲ့တယ်လို့ ဆိုပါတယ်။ ဒါပေမယ့် ယူကရိန်းကို ကျူးကျော်ခဲ့တဲ့ ဖြစ်ရပ်အတွက် စီးပွားရေးပိတ်ပင်ခံရတာကြောင့်လည်း ကွင်းအရေအတွက်ကို လျှော့ချခဲ့ရတာ ဖြစ်ပါတယ်။

ရုရှားရဲ့ မူလအဆိုပြုချက်အရ ကွင်း ၁၆ ကွင်းမှာ သုံးကွင်းကသာ ပြန်လည်ပြုပြင်ရမယ့် အနေအထားရှိပြီး ကျန် ၁၃ ကွင်းက အသစ်တည်ဆောက်ရမှာဖြစ်ပါတယ်။ အဲဒီနောက် ရုရှားနိုင်ငံရဲ့ စီးပွားရေးကျဆင်းလာမှုကြောင့် ကွင်း ၁၀ ကွင်းသာ ကျင်းပဖို့ စီစဉ်ခဲ့ပေမယ့် အဲဒီအချိန်က ဖီဖာဥက္ကဋ္ဌ ဆပ်ဘလတာရဲ့ ကန့်ကွက်မှုကြောင့် နှစ်ကွင်းထပ်တိုးပြီး ၁၂ ကွင်း ဖြစ်လာခဲ့တာဖြစ်ပါတယ်။

၂၀၁၄ ခုနှစ် အောက်တိုဘာလအတွင်းမှာ ခရစ်အန်ဂါဦးဆောင်တဲ့ စိစစ်ရေးအဖွဲ့အစည်းက စိန့်ပီတာစဘတ်၊ ဆိုချီ၊ ကာဇန်နဲ့ မော်စကိုမြို့တွေမှာရှိတဲ့ ကွင်းတွေကို သွားရောက်စစ်ဆေးခဲ့ပြီး တိုးတက်မှုများစွာ ရှိလာတယ်ဆိုတာကို ထောက်ခံချက်ပေးခဲ့ပါတယ်။ ၂၀၁၅ ခုနှစ် အောက်တိုဘာ ၈ ရက်မှာတော့ ပြိုင်ပွဲကျင်းပမယ့် ကွင်း ၁၂ ကွင်းကို အတည်ပြုကြေညာနိုင်ခဲ့ပြီး မော်စကိုမြို့ မှာရှိတဲ့ လွှန်နန်ကီကွင်းကြီးနဲ့ စိန့်ပီတာစဘတ်ကွင်းတွေမှာ တစ်ကွင်းကို ခုနစ်ပွဲစီနဲ့ အများဆုံးယှဉ်ပြိုင်စေမှာ ဖြစ်ပါတယ်။



အဖွင့်ပွဲစဉ်နှင့် ဗိုလ်လုပွဲယှဉ်ပြိုင်မည့် ပရိသတ် ၈၁၀၀၀ ဆံ့ လွှန်နန်ကီကွင်းကြီး။

ဒီကွင်းနှစ်ကွင်းဟာ ရုရှားနိုင်ငံမှာ အကြီးဆုံးကွင်းကြီးနှစ်ကွင်းဖြစ်ပြီး ဖွင့်ပွဲနဲ့ ဗိုလ်လုပွဲကျင်းပမယ့် လွှန်နန်ကီကွင်းကြီးကတော့ ပရိသတ် ၈၁၀၀၀ ဆံ့ ကွင်းကြီးပါ။ ဒီကွင်းကြီးမှာ မန်ယူနဲ့ ချယ်လ်ဆီးတို့ ၂၀၀၈ ချန်ပီယံလိဂ် ဗိုလ်လုပွဲ ကျင်းပခဲ့ဖူးတာကြောင့် မန်ယူ၊ ချယ်လ်ဆီး ပရိသတ်တွေနဲ့ ရင်းနှီးမှုရှိပါလိမ့်မယ်။ ဒီကွင်းကြီးကို ၁၉၉၆ ခုနှစ်မှာ တည်ဆောက်ခဲ့ပေမယ့် အတွင်းပိုင်းကို ဖြိုချဖျက်ဆီးကာ ၂၀၁၃ ခုနှစ်မှာ ပြန်လည်တည်ဆောက်ခဲ့တာ ဖြစ်ပါတယ်။




## လာဘ်ကောင်ရုပ်

လာဘ်ကောင်ရုပ်ကို ကမ္ဘာ့ဖလားတွေမှာ အသုံးပြုမှုစတင်ခဲ့တာက ၁၉၆၆ အင်္ဂလန်ကမ္ဘာ့ဖလားကဖြစ်ပြီး ယခုကာလအထိ စဉ်ဆက်မပြတ် အသုံးပြုလာခဲ့တာ ဖြစ်ပါတယ်။ ဇာဗီဘာကာလို့ အမည်ပေးထားတဲ့ ဝံပုလွေလာဘ်ကောင်ရုပ်ဟာ ၂၀၁၈ ကမ္ဘာ့ဖလား အမှတ်သင်္ကေတတွေထဲက တစ်ခုလို့ ဆိုရမှာဖြစ်ပါတယ်။ ဇာဗီဘာကာကို ဘာသာပြန်ရမယ်ဆိုရင်တော့ ဂိုးသွင်းသူလို့ အဓိပ္ပာယ်ထွက်မှာပါ။ လိမ္မော်ရောင်မျက်မှန်၊ အဖြူ၊ အပြာ၊ အနီရောင်စပ် အင်္ကျီကို ဝတ်ဆင်ထားတဲ့ ဇာဗီဘာကာကို ၂၀၁၆ ခုနှစ် နိုဝင်ဘာ ၂၁ ရက်က တရားဝင်ထုတ်ပြန်ကြေညာနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒီဇိုင်နာကျောင်းသား ဗိုချာရိုဗာရဲ့ လာဘ်ကောင်ရုပ်ဟာ အင်တာနက်မဲပေးမှုအရ ၂၀၁၈ ကမ္ဘာ့ဖလား လာဘ်ကောင်အဖြစ် ရွေးချယ်ခြင်းခံခဲ့ရတာ ဖြစ်ပါတယ်။ ဖီဖာပလက်ဖောင်းတစ်ခုဖြစ်တဲ့ Channel One ကနေ လူဦးရေ တစ်သန်းကျော် ဝင်ရောက်မဲပေးမှုကို တိုက်ရိုက်ထုတ်လွှင့်ပြီး မဲရရှိမှုနှုန်းကတော့ ဝံပုလွေ ၅၃ ရာခိုင်နှုန်း၊ ကျား ၂၇ ရာခိုင်နှုန်းနဲ့ ကြောင် ၂၀ ရာခိုင်နှုန်းတို့ဖြစ်တယ်လို့ သိရပါတယ်။

## လက်မှတ်ရရှိနိုင်မှု

လက်မှတ်ရောင်းချမှု ပထမအဆင့်ကို ရုရှား ဒေသစံတော်ချိန် မွန်းတည့် ၁၂ နာရီ ၂၀၁၇ ခုနှစ် စက်တင်ဘာ ၁၄ ရက်ကနေ အောက်တိုဘာ ၁၂ ရက်အထိ စတင်ခဲ့ပြီးဖြစ်ပါတယ်။ ကမ္ဘာ့ဖလားကြည့်ရှုခွင့် လွယ်ကူစေဖို့ ရုရှားနိုင်ငံရဲ့ ဗီဇာမူဝါဒကို ကျင့်သုံးခြင်းမရှိဘဲ ပြိုင်ပွဲမစခင်နဲ့ ပြိုင်ပွဲကာလအတွင်း ဗီဇာမပါဘဲ ဝင်ခွင့်ရရှိမှာ ဖြစ်ပါတယ်။ ဒါပေမယ့် တကယ်တမ်းမှာ ရုရှားနိုင်ငံရဲ့ တင်းကျပ်တဲ့ ဗီဇာမူဝါဒကြောင့် ဩစတြေးလျလို နိုင်ငံက ပရိသတ်တွေအတွက် ပွဲကြည့်ဖို့ အခက်အခဲရှိနေတယ်လို့ အေဘီစီသတင်းဌာနက တင်ဆက်သွားပါတယ်။ ပရိသတ်တွေဟာ Fan ID(ပရိသတ်သက်သေခံကတ်)ကို ပြသရုံနဲ့ ပွဲကြည့်စင်ကို အလွယ်တကူ သွားရောက်နိုင်ပါလိမ့်မယ်။ လက်မှတ်ဒီဇိုင်းကို ၂၀၁၈ ခုနှစ် ဧပြီ ၆ ရက်မှာ ထုတ်ပြခဲ့ရာမှာ လုံခြုံရေးအမှတ်အသားတွေဖြစ်တဲ့ ဘားကုတ်၊ ဟိုလိုဂရမ်၊ ပွဲကြည့်စင်အလိုက် အညွှန်းမြေပုံတို့ပါရှိတာကို တွေ့ရပါတယ်။

**ဆက်လက်ဖော်ပြပါမည်**




**မေလှသင်း-ရေးသားသည်**



# အမ်းမြို့၌ တောင်ကျရေတိုက်စားမှုကြောင့် ကားလမ်းပြိုကျပျက်စီး

**အမ်း ဇွန် ၁၁**
ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင် အမ်းမြို့နယ်၌ ဇွန် ၈ ရက်မှ ၁၁ ရက်ထိ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် တောင်ကျရေများစီးဆင်းပြီး ရေတိုက်စားခဲ့ရာ ကားလမ်းပြိုကျပျက်စီး၍ မြေနိမ့်ကားလမ်းနေရာများတွင် ရေကျော်နစ်မြုပ်ပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာမှု ခေတ္တရပ်တန့်လျက်ရှိသည်။

အမ်းမြို့နယ် မဲလက်မောင်းကျေးရွာအုပ်စု မဲလက်မောင်းကျေးရွာနှင့် ကံ့ကော်မြိုင်ကျေးရွာကြား ရန်ကုန်-စစ်တွေကားလမ်း မိုင်တိုင် (၁၇/၃)နှင့် (၁၇/၅)ကြား ကားလမ်းပေါ်၌ အမြင့် လေးပေ၊ အကျယ် ပေ ၂၀၀ ခန့် ကားလမ်းရေကျော်လျက်ရှိပြီး မွားကျေးရွာအုပ်စု ပဒဲကြောကျေးရွာအနီး အမ်း-မအီကားလမ်း မိုင်တိုင် (၂၂/၆)ကြား တောင်ကျရေများ စီးဆင်းပြီး ရေတိုက်စားမှုကြောင့် ကားလမ်းမှာ ပေ ၂၀ ခန့် ကျိုးပဲ့ပျက်စီးခဲ့သဖြင့် မော်တော်ယာဉ်သွားလာမှုများ ပြတ်တောက်လျက်ရှိသည်။ ယာယီဘေလီတံတား ဆောက်လုပ်နိုင်ရန်အတွက် ကားလမ်းပြိုကျသည့်နေရာသို့ ဆောက်လုပ်ရေးပစ္စည်းများ ရောက်ရှိပြီးဖြစ်သော်လည်း တံတားတည်ဆောက်ရန် အချိန် နှစ်ရက်ခန့်ကြာမည်ဖြစ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုမြတ် ဦးဆောင်၍ လမ်းအထူးအဖွဲ့(၁၆)မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ ပူးပေါင်း၍မော်တော်ယာဉ်များ ပုံမှန်ဖြတ်သန်းသွားလာနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



# ပွင့်ဖြူမြို့နယ်၌ ချောင်းရေလျှံတက်မှုများဖြစ်ပေါ်ပြီး လူတစ်ဦး ချောင်းရေထဲမျောပါ

**ပွင့်ဖြူ ဇွန် ၁၁**
မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ပွင့်ဖြူမြို့နယ် သစ်ပုတီးကုန်းကျေးရွာ၊ အနောက်အင်းကုန်းကျေးရွာ၊ ဆင်လူးကျေးရွာနှင့် ချောင်းဆုံကျေးရွာတို့တွင် ချောင်းဖြူချောင်းရေများလျှံတက်၍ ကျေးရွာများအတွင်း ချောင်းရေများ ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

မိုးသည်းထန်စွာရွာသွန်းပြီး ချောင်းရေလျှံမှုကြောင့် ပွင့်ဖြူမြို့နယ် ရေပုတ်ကြီးကျေးရွာတွင် အသက်(၁၇)နှစ်အရွယ် အမျိုးသားတစ်ဦး နွားကျောင်းရာမှ အပြန် ရေပုတ်ကြီးချောင်းအတွင်းမျောပါသွားပြီး ပွင့်ဖြူမြို့နယ် ကနီကျေးရွာအုပ်စု ချင်းကုန်းကျေးရွာတွင် နေအိမ်တစ်လုံး သစ်ပင်ပိ၍ ထိခိုက်ပျက်စီးမှုများ ဖြစ်ပွားခဲ့သည်။

ပွင့်ဖြူမြို့နယ်အတွင်းရှိ မုန်းချောင်းဘေးကျေးရွာဖြစ်သည့် မဲဇလီကျေးရွာအုပ်စု အနောက်အင်းကုန်းကျေးရွာတွင် ကမ်းပါးများ ပြိုကျနေမှုကြောင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များက လူနေအိမ် ခြောက်လုံးအား ဘေးလွတ်ရာသို့ ပြောင်းရွှေ့ပေးလျက်ရှိကြောင်း ပွင့်ဖြူမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးမှ သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# မင်းလှမြို့နယ်၌ မိုးရွာသွန်းမှုကြောင့် ချောင်းကူးတံတားနှစ်စင်း နိမ့်ကျ

**မင်းလှ ဇွန် ၁၁**
သရက်ခရိုင် မင်းလှမြို့နယ်အတွင်း၌ ဇွန် ၁၁ ရက်တွင် မိုးရွာသွန်းမှုကြောင့် ချောင်းကူးတံတားနှစ်စင်း နိမ့်ကျပြီး ဆည်ရေတိုး၍ ကျိုးပေါက်မည်ကို စိုးရိမ်သည့်အတွက် စောင့်ကြပ်လျက်ရှိကြောင်း သိရသည်။



မိုးရွာသွန်းမှုကြောင့် လက်ပံတံခါးကျေးရွာနှင့် လယ်ယားရှည်ကျေးရွာချင်းဆက် လယ်ယားရှည် ကြိုးတံတား၏ ချဉ်းကပ်သစ်သားတံတား အလျား ပေ ၂၀၊ အနံ ခြောက်ပေခန့် မျောပါသွားသည်။ ရှမ်းတပ်ငယ်ကျေးရွာနှင့် ရှမ်းတပ်ကျင်းကျေးရွာချင်းဆက် ပနီချောင်းကူးတံတား ရေလယ်တိုင် နှစ်ပေခန့် နိမ့်ကျခဲ့ရာ ကျေးရွာသူ ကျေးရွာသားများက စောင့်ကြည့်လျက်ရှိသည်။

ထို့ပြင် ပနီချောင်း ရေဝင်ရောက်မှုကြောင့် ရွာသာယာကျေးရွာ ချောင်းကမ်းပါးနေ အိမ်ထောင်စုလေးစုကို ရေဘေးလွတ်ရာနေရာသို့ ပြောင်းရွှေ့နေရာချထားပေးလျက်ရှိသည်။ လယ်လှကျေးရွာ ယင်ရိုးကြီးဆည်ရေများမှုကြောင့် အန္တရာယ်ဖြစ်နိုင်သည့်အတွက် ရေဝင်ရောက်နိုင်သည့် နေအိမ်များကို ဆွေမျိုးသားချင်းများထံတွင် ပြောင်းရွှေ့နေရာချထားပေးပြီး သခွတ်ရင်းကျေးရွာ မဒိုင်းဆည် စိုးရိမ်ရေအမှတ်ထက် ကျော်လွန်မှုကြောင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးများ၊ ရဲတပ်ဖွဲ့ဝင်များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များက စောင့်ကြည့်လျက်ရှိကြောင်း သိရသည်။

**ကိုသက်(အထက်မင်းလှ)**

# ဖြူးမြို့နယ် ဇေယျဝတီမြို့၌ စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိ

**ဖြူး ဇွန် ၁၁**
ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ဇေယျဝတီမြို့၌ ယနေ့ နံနက် ၁၁ နာရီက စိတ်ကြွဆေးပြားများ သိမ်းဆည်းရမိကြောင်း သိရသည်။

သတင်းအရ ဇေယျဝတီနယ်မြေရဲစခန်းမှူး ရဲအုပ်မြင့်ဟန်နှင့် တပ်ဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ဇေယျဝတီမြို့မ(၂) သီရိမင်္ဂလာရပ်ကွက် ဓမ္မာရုံလမ်းနေ ကျော်ကျော်(ခ) စီကန်ဒါ(၂၅) နှစ်၏နေအိမ်သို့ ဝင်ရောက်ရှာဖွေရာ မူးယစ်ဆေးဝါးသုံးစွဲရာတွင် အသုံးပြုသည့် ပစ္စည်းများနှင့်အတူ ဆိုင်ကယ်တစ်စီးနှင့် ငွေကျပ် ၃၇၉၀၀ တို့ကို တွေ့ရှိ၍ သိမ်းဆည်းခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်ပြီး အမှုစစ် ဒုရဲအုပ်သက်ချိုဦးက စစ်ဆေးမှုများပြုလုပ်ရာ အဆိုပါမူးယစ်ဆေးဝါးများကို ဖြူးမြို့အရှေ့ဘက် အုတ်ဖြတ်လမ်းမှ လူတစ်ဦးထံမှ လွှဲပြောင်းရယူခဲ့ပြီး ကျောက်တံခါးမြို့မှ အခြားသူတစ်ဦးထံသို့ တစ်ဆင့်လွှဲပြောင်းပေးပို့ရောင်းချရန် ထွက်ဆိုခဲ့သည်။ ဖြစ်စဉ်နှင့်ပတ်သက်၍ စီကန်ဒါအား ဖြူးမြို့နယ် ဇေယျဝတီနယ်မြေရဲစခန်းက အမှုဖွင့်၍ ဆက်စပ်ပြစ်မှုကျူးလွန်သူများ ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

# ပြည်မြို့နယ်၌ ငွေကျပ် ၁၈၄ သိန်းကျော်တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**ပြည် ဇွန် ၁၁**
ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပြည်မြို့နယ် ရွှေတံခါးရပ်ကွက် အပိုင်း(၄/၄)လမ်းရှိ နေအိမ်တစ်လုံးတွင် ဇွန် ၁၀ ရက်က ကာလတန်ဖိုး ငွေကျပ် ၁၈၄ သိန်းကျော်တန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိကြောင်း သိရသည်။

ရွှေတံခါးရပ်ကွက် အပိုင်း(၄/၄)လမ်းနေ သော်ကြီး(ခ)သော်ဇင်အောင်၏ နေအိမ်တွင် မူးယစ်ဆေးဝါးများ ဖြန့်ဖြူးရောင်းချနေကြောင်း သတင်းရရှိ၍ ပြည်ခရိုင် မူခင်းနှိမ်နင်းရေးအဖွဲ့နှင့် နယ်မြေခံတပ်ဖွဲ့တို့ ပူးပေါင်းကာ သက်သေများနှင့်အတူ ဇွန် ၁၀ ရက် ညနေ ၆ နာရီခွဲခန့်က ဝင်ရောက်ရှာဖွေရာ သော်ကြီး(ခ) သော်ဇင်အောင်နှင့်အတူ လွင်မြတ်သူ၊



နိုင်းဝေယံ၊ ထွန်းမင်းဦး၊ မျိုးကိုကိုအောင်၊ မဖြိုးသဇင်ထက်တို့အား နေအိမ်အရှေ့ခန်းတွင် တွေ့ရပြီး မူးယစ်ဆေးဝါးသုံးစွဲရန်နှင့် ထပ်ဆင့်ဖြန့်ဖြူးရောင်းချရန်အတွက် ရောက်ရှိကြောင်းသိရ၍ ပူးပေါင်းအဖွဲ့က သက်သေများနှင့်အတူ ရှာဖွေရာ စုစုပေါင်း WY စာတန်းပါ စိတ်ကြွရူးသွပ်ဆေးပြား ၃၆၉၀ ကို သိမ်းဆည်းရမိခဲ့သည်။ **သူရအောင် (ပြည်)**

# တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၁**
တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းတို့ကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဖွဲ့စည်းစစ်ဆေးဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် အစီး ၁၂၆၀၊ သွင်းကုန် အစီး ၉၃၀၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၅၇ စီး၊ သွင်းကုန် ၁၇၂ စီး ကုန်စည်များ သယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါစစ်ဆေးရေးစခန်းများက တင်သွင်း၊ တင်ပို့သော ကုန်ပစ္စည်းများကို စစ်ဆေးမှုပြုလုပ်ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက်တွင် ရေပူအမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် သုည ဒသမ ၈၅ သန်းခန့်)၊ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုခုနစ်မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၁၈၈ သန်းခန့်) စုစုပေါင်းတားဆီးမှုကိုးမှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁ ဒသမ ၀၃၈ သန်းခန့်)ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် ဇွန် ၁၀ ရက်တွင် မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့က မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်းကို ဖြတ်သန်းမည့် ခရီးသည်တင်ယာဉ်တစ်စီးနှင့် ရှောင်ကွင်းလမ်းများသို့ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်းမရှိသည့် အကောက်ခွန်မဲ့ Refined Sugar (1×50 Kg) (279 Bags) နှင့် Brush Cutter Blade (630 U) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀ ဒသမ ၁၈၈ သန်းခန့်ကို စစ်ဆေးတွေ့ရှိ၍ သိမ်းဆည်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရွှေပြည်ဌာန လေပြည်လာက နေခြည်ဖြာမှ...



**ဆူးငှက်**

**မဲဇာထက်အောက်၊ လမ်းပေါက်ရေဆီး၊**
**ကွင်းကြီးရစ်ခွေ၊ ကျက်သရေရုံပေါင်း၊**
**မြစ်နှင့် ချောင်းလည်း၊ ထောင်းထောင်းမှုံငွေ့၊**
**ထွက်၍ တင်ကျန်၊ နက်တိမ်စမ်းက၊**
**သွားလမ်းမသာ၊ ရေလယ်မှာ၌၊**
**ရောက်လာချုံပုတ်၊ တစ်ချုံပြုတ်၍၊**
**တိုးလှုပ်မနိုင်၊ အဆိုင်ဆိုင်လျှင်၊**
**တောမြိုင်လည်လှည့်၊ ကမ်းလုံးပြည့်မျှ၊**
**ရှုကြည့်လေရာ၊ ကြောက်ဖွယ်သာတည့်၊**
**တိမ်တောင်မိုးရှို၊ ထွေးယှက်ငြိမျှ၊**

လွန်ခဲ့သောနှစ်ပေါင်း ၂၅၀ကျော်ကာလ ဆင်ဖြူရှင်မင်းလက်ထက် မင်းရာဇဝတ် သင့်သောကြောင့် နယ်နှင်ဒဏ်ခံရသည့် အမတ်ကြီး လက်ဝဲသုန္ဒရ ရောက်ရှိခဲ့သော မဲဇာသည် ရှုကြည့်လေရာ ကြောက်ဖွယ်သာတည့်ဟု အမတ်ကြီးက သူ၏ရတုတွင် စပ်ဆိုခဲ့သည်။ ထိုစဉ်က မဲဇာသည် လူသူမနီးသည့် ပကတိတောကြီးဖြစ်မှာပေ့ါ။ မဲဇာမြစ်ကလျှံတက်သောမြစ်ရေကြောင့် ချောင်းပေါက်မြောင်းငယ်တို့ဖြင့်လည်း စိုစိုစွတ်။ ဝန်းကျင်မှာလည်း သစ်ကြီးဝါးကြီးတွေသာမက ချုံပုတ်ဝါးရုံ ဆူးပုံတွေကလည်း ရစ်ခွေနေမှာပေ့ါ။ သည်လိုနေရာကို မင်းနှင့် ပတ်သက်သည့် ရာဇဝတ်မှုကြီး ငါးမျိုးအနက် တစ်မျိုးမျိုး ကျူးလွန်သည်နှင့် အဆုံးစီရင်ရသည့် ထုံးကြောင့် ကြောက်လန့်တကြား ထွက်ပြေးသော ငယ်ကျွန်၏ အပြစ်ဖြင့် အမတ်ကြီးလည်း တစ်နွယ်ငင်တစ်စင်ပါ ပြစ်ဒဏ်သင့်၍ နယ်နှင်ဒဏ်ခံရခြင်းဖြစ်သည်။ ထိုစဉ်ကတည်းက 'မဲဇာ'ဟူသော ဝေါဟာရသည် မင်းပြစ်မင်းဒဏ်သင့်ခြင်း၊ နယ်နှင်ဒဏ်ခံရခြင်း၊ ဒုက္ခဆင်းရဲရောက်ခြင်း၊ လူသားဆိုင်ရာ ယဉ်ကျေးသောအဖွဲ့အစည်းမှ ကင်းလွတ်ခြင်း၊ အထီးကျန်ဆန်ခြင်းစသော အဓိပ္ပာယ်များအဖြစ် ခံစားခဲ့ကြသည်။ ထိုအကြောင်းခြင်းရာများသည်လည်း အမတ်ကြီးလက်ဝဲသုန္ဒရ၏ "မဲဇာတောင်ခြေ၊ သဲသာသောင်မြေ၊ ပွဲခါညောင်ရေ" အစချီသော ပိုဒ်စုံရတု၏ စာပေရသဂုဏ်ကြောင့် ဖြစ်သည်။

တစ်နှစ်သော ဆောင်းဦးပေါက်၏ အခါမှဲ့ မိုးစွေစွေ ရွာသွန်းချိန်၌ မဲဇာသို့ ကျွန်တော်ရောက်ခဲ့သည်။ တစ်စုံတစ်ယောက်က မုန်းမာန်အာဃာတကြောင့် ပို့လွှတ်ခံရခြင်းတော့မဟုတ်။ ထို့အတူ ဆရာဒဂုန်တာရာ ပြောသကဲ့သို့ မိမိကိုယ်ကိုယ် မဲဇာပို့ခြင်းလည်းမဟုတ်။ ထီးချိုင့်၊ တည်တော၊ အလယ်တော၊ လေသာကုန်း ခရီးစဉ်တွင် မဲဇာက လမ်းသင့်နေသောကြောင့် သည်မိုးစွေစွေထဲ မဖြစ်မနေသွားရောက်ခဲ့ကြခြင်းဖြစ်သည်။ ထီးချိုင့်ကတစ်ဆင့် အင်းတော်မြို့နယ်ထဲရှိ မဟာဗျူဟာလမ်းသို့ပေါက်သော လမ်းတစ်လျှောက်သွားလာရသည့် ခရီးစဉ်ဖြစ်သည်။ ထိုလမ်းမမှ မဲဇာသို့သွားသည့် လမ်းသို့ဝင်ကတည်းက ရင်ခုန်လှုပ်ရှားလာသည်။ တကယ်တော့ ရှုကြည့်လေရာ ကြောက်ဖွယ်သာတည့်ဟု အမတ်ကြီးစပ်ဆိုခဲ့သလို မဟုတ်တော့။ လူသူအရောက်အပေါက်များပြားပြီး စီးပွားဖြစ်ထွန်းသော နယ်မြေဖြစ်၍နေပြီ။ လမ်းဘေးဝဲယာ လယ်ကွင်းတွေက တစ်မျှော်တစ်ခေါ်စိုပြည်လွင်။ အမတ်ကြီးစပ်ဆိုခဲ့သလို တိမ်တောင်မိုးရှို၊ ထွေးယှက်ငြိမျှ၊ လွမ်းမိစဖွယ်၊ ကောင်းကင်လယ်လျက်၊ တောင်လယ် တောင်ထိပ်၊ မိုးညိုရိပ်၍ဟူသော မြင်ကွင်းကိုလည်း စွေစွေမိုးအတိတ် လှစ်ခနဲပြုလာသည့် နေခြည်အစွန်းအစတွင် ရင်ဖိုဖိုမြင်လိုက်ရသည်။

**မို့မို့ မိုမို ညို့ညို့ ညိုညို**

ကားလမ်းက မြေသားလမ်းမို့ အသွားအလာများသော်လည်း မိုးစွေစွေတွင် သတိထားမောင်းရသည်။ ပျော်တတ်သည့် ကားဒရိုင်ဘာလူငယ်က သူ့ကားပေါ်မှာ စာရေးဆရာတွေပါလာတယ်ဆိုတာသိတော့ လှပသော သဘာဝပတ်ဝန်းကျင်ကို ကြည့်ရှုခံစားရင်း "အထက်ဆို... ဘဝင်ကို ... တက်မလို ညိုမှိုင်းနေ... မို့မို့မှိုင်းမှိုင်း... ညို့ညို့ဆိုင်းဆိုင်း... ရှုလေတိုင်း ... အံ့မှိုင်းလို့သာဝေ... မြစ်ရေ... တွေတွေခြိမ့်သဲ... လက်ဝဲသုန္ဒရ... ရောက်ခဲ့ရတဲ့... သည်ဝနာမြေ" ဟု ကျွန်တော်တို့နှစ်ခြိုက်သည့် သီချင်းကို ပီပီပြင်ပြင်သီဆိုနေသည်။ ကျွန်တော်တို့လည်း သူနှင့်အတူ လိုက်ဆိုကြတာပေ့ါ။ ခရီးဖော် စာရေးဆရာမက သီချင်းကိုလိုက်ဆိုရင်း "ဒီအပိုဒ်မှာ ဆရာမြို့မငြိမ်းက မို့မို့ မိုမို... ညို့ညို့ ညိုညို... ရှုလေတိုင်းအံ့မှိုင်းလို့သာဝေလို့ သူ့မူရင်းသီချင်းမှာ စပ်ဆိုခဲ့တယ်ဆို" ဟု ကျွန်တော့်ကိုလှမ်းမေးသည်။

ကားက လမ်းအကွေ့မို့အရှိန်လျှော့သည်။ ကျွန်တော်က ခေါင်းပေါ်ရှိတန်းကိုကိုင်၍ အလိုက်သင့် ထိုင်ရင်း "ဟုတ်တယ်။ ဆရာငြိမ်းက မြန်မာစကားလုံးရဲ့ အလုံးတူအသံကွဲတွေကို သဘောကျသတဲ့။ မှိုင်းပြာရီညို့... တိမ်လွှာမို့မိုလွင်လို့ သူ့ တိမ်လွှာမို့မိုလွင်သီချင်းထဲမှာ စပ်ဆိုခဲ့တာလေ။ သတိမထားတဲ့သူတွေက ခပ်လွယ်လွယ် တိမ်လွှာမို့မို့လွင်လို့ပဲ အလုံးတူအသံတူ မှတ်သားကြတာ။ သူ့မိတ်ဆွေကြီး ကွယ်လွန်သူ တောင်မြို့ ဦးကိုလေး ကပြောဖူးတယ်။ တူရိယာပစ္စည်းကို ခပ်ကြမ်းကြမ်းကိုင်တဲ့ တပည့်တွေကိုလည်း သာသာ့... သာသာ့လေးများ လုပ်ပါကွယ်လို့ ပြောလေ့ရှိတယ်တဲ့။ သာနှစ်လုံးရဲ့ အလုံးတူအသံကွဲတွေကို စကားပြောရာတောင် သုံးတာလေ"ဟု ကျွန်တော်က ရှင်းပြသည်။

**ခမ်းနားသော ဇရပ်တန်ဆောင်းကြီး**

လမ်းဘေးတစ်လျှောက် ရွာတွေကိုဖြတ်ရတော့ ထူးခြားတာက ရွာရှိအိမ်တိုင်းလိုလို သစ်ကြီးဝါးကြီးတွေ သုံးစွဲပြီး အခိုင်အခံ့ ဆောက်လုပ်ထားခြင်းဖြစ်သည်။ အများစုအိမ်တွေက နှစ်ဆောင်ပြိုင်ဖြစ်ပြီး လှေကားနှစ်စင်းတပ်ထားသည်။ အိမ်မကြီးအတွက်တစ်စင်း၊ မီးဖိုခန်းအတွက် တစ်စင်းဖြစ်သည်။ အိမ်တိုင်းမှာ ခြံဝင်းကျယ်တွေရှိကာ အလှစိုက်ပန်းတွေနှင့် သစ်ရိပ်ဝါးရိပ်တွေက စိမ်းမြဝေဆာနေသည်။ လမ်းမဘက်က ခြံစည်းရိုးဝင်းထရံတွေကို သတိထားကြည့်မိတော့ ထွာဆိုင်လောက်အနည်းဆုံးရှိသည့် သစ်လုံးတွေနှင့် စည်းရိုးခတ်ထားသည်။ မိတ်ဆွေသတင်းထောက်တစ်ဦးက သစ်လုံးတွေနှင့် ခံ့ခံ့ညားညားအိမ်ကြီးအိမ်ကောင်းတွေကိုကြည့်ပြီး "ဒီရွာက ဝင်းထရံတိုင်တွေက ကျုပ်အိမ်က အိမ်တိုင်တွေထက် ပိုကောင်းသဗျ" ဟု အားကျနေသည်။ ကားဆရာကတော့ ကားကိုသတိထားမောင်းနှင်ရင်း "ဝေးခဲ့ပေ့ါဌာနီ... တို့တိုင်းပြည်... ခြံလွှာထွေးမလုံသေးပေ... မွန်းတည့်နေခြည်ဖြာမှာနွေးတယ်... တရေးရေးတွေးလေ ဆွေးလေ..."ဟူသော အပိုဒ်ကို ဆက်လက်သီဆိုနေပြန်၏။ ဖြတ်သန်းသွားသော ရွာတွေမှာ နောက်ထပ် သတိထားမိတာလည်း ရှိသေးသည်။ မည်မျှအိမ်ခြေနည်းသော ရွာဖြစ်ပါစေ၊ ရွာရှိစေတီပုထိုးနှင့် ဘုန်းတော်ကြီးကျောင်းတွေကို ခမ်းခမ်းနားနား တည်ထားကိုးကွယ်ကြခြင်းဖြစ်သည်။ အခုလည်း ပန်းပုရုပ်လုံးရုပ်ကြွများနှင့် ခမ်းနားသော ဇရပ်တန်ဆောင်းကြီးကို မြင်တွေ့ရပြီး အံ့အားတသင့်ဖြစ်ရသည်။ မိုးက ခပ်သည်းသည်း ထပ်ရွာပြန်သည်။

**မိုးရေစိုသောအလှ**

ကားက လမ်းပေါ်မှာ စလစ်ဖြစ်မှာစိုးသောကြောင့် လမ်းကြောင်းရွေးပြီး ခပ်ဖြည်းဖြည်းမောင်းနှင်ရသည်။ ရှေ့မလှမ်းမကမ်းကို သတိထားမိကြသည်။ မိုးရေစိုစိုထဲ နောက်ကမြင်ရသော ရွာသူလေးတစ်ယောက်ဖြစ်သည်။ စာရေးဆရာမက ကျွန်တော့်ကို "ရှေ့ကြည့်လိုက်စမ်းပါဦး... နန်းတော်ရှေ့ဆရာတင်ရဲ့... သီချင်းကို သတိမရဘူးလား" တဲ့။ ကျွန်တော်က လမ်းဘေးကို ငေးနေရင်းမှ ရှေ့တူရူကိုသတိထားမိပြီး "... အရှေ့ပြင် ဗွေတစ်ငူ... တောသူတောင်သူ... အပျိုတိုင်းက... နဂိုအတိုင်းခပ်ယဉ်ယဉ်ဆိုတာလား" ဟု ပြန်ပြောမိသည်။ ဆရာမက ခပ်သင်းသင်းရယ်ရင်း "ဆရာတင်ကပြောတယ်ဆို တို့တောသူတွေအလှက မိုးရွာမှ ပိုပေါ်တယ်ဆိုတာလေ"တဲ့။ ဟုတ်သည်။ နန်းတော်ရှေ့ဆရာတင်က မန္တလေးအရှေ့မြောက်ဘက်ရှိ အိမ်ရှေ့မင်းထန်းတောတွင် ထန်းရည်သောက်ရင်း မိုးရွာထဲ ရှာတဘက်ကလေး ခေါင်းပေါ်တင်ပြီး ကင်ပွန်းချုံကွယ်မိုးခိုသော မင်းဂံဘုတ်ရွာသူလေး၏ မိုးရေစိုသောအလှကို ဖွဲ့ခဲ့ခြင်းဖြစ်သည်။

အခု ကားကခပ်ဖြည်းဖြည်း သတိထားပြီး မိုးရေထဲ ခမောက်လေးဆောင်းကာ ထဘီလေးခြေသလုံးသားပေါ်ရုံမ၍ ရွံ့ရေကွက်ကိုရှောင်၍ သွားနေသော ထန်းကုန်းသူကလေးကို ကျော်၍အသွား မြင်လိုက်ရသည်က ကားပေါ်ပါသူ အားလုံးလည်ပြန်ကြည့်မိကြသည်။ အသားအရေကောင်းသော၊ အလုံးအဖန် အရပ်အမောင်းကောင်းသော၊ ဆံကေသာ နက်မှောင်ကြော့ရှင်းသော၊ ရုပ်ရည်ရူပကာလှပသောစသည့် သောပေါင်းများစွာနှင့် ပြည့်စုံသော ရွာ့သမီးပျိုလေးဖြစ်နေသည်။ တကယ်တော့ တိုင်းရင်းသားအားလုံးပါဝင်သည့် ကျွန်တော်တို့ပြည်ထောင်စု သမီးပျိုတိုင်းလိုလို ယဉ်ကျေးဖွယ်ရာ လှပကြော့ရှင်းကြပါ၏။ အသိပညာဖြင့် တန်ဖိုးရှိမည့် အမျိုးကောင်းသမီးလေးတွေ ကမ္ဘာ့အလယ် ဝင့်ကြွားတောက်ပြောင်ကြဖို့ဖြစ်သည်။

**နာမည်ကျော် မဲဇာမြေ**

ကားက ရွာတွေအလွန် ကုန်းအတက်တစ်ခုရောက်တော့ စက်သတ်ရပ်သည်။ ကားဆရာက လမ်းမှ ဖွဲ့ဆင်းသွားမည့် လမ်းကြောရှေ့ပိတ်ထားသော သစ်သားတန်းကြီးကိုဖယ်လိုက်ပြီး ထိုလမ်းကြောအတိုင်း ကားကို မောင်းဝင်သည်။ ရှေ့ပေနှစ်ရာဝန်းကျင်မှာ ဘုန်းကြီးကျောင်းတစ်ကျောင်း၊ ပြီးတော့ ဉာဏ်တော်မနိမ့်လွန်း မမြင့်လွန်းသော စေတီစု...။ "ကိုင်း... မဲဇာကိုရောက်ပါပြီဗျာ။ မြစ်ကြီးနားရထားလမ်းဘေးက မဲဇာဘူတာဆိုတာ မဲဇာကြီးလို့ ခေါ်ပါတယ်။ လက်ဝဲသုန္ဒရအမတ်ကြီးရောက်ခဲ့တာ အဲဒီမဲဇာကြီးမဟုတ်ပါဘူး။ အခုရောက်နေတဲ့မဲဇာပါ။ မဲဇာလေးလို့ခေါ်ပါတယ်။ ရှေ့ကစေတီတွေက လက်ဝဲသုန္ဒရအမတ်ကြီး တည်ထားခဲ့တဲ့ စေတီတွေပါပဲ"ဟု ကားဆရာက ပြောတော့ ကျွန်တော်တို့ ရင်ဖိုသွားကြသည်။ နာမည်ကျော် မဲဇာမြေကို ခြေချမိပြီပေ့ါ။ ကောဇာသက္ကရာဇ် ၁၁၂၅ ခုနှစ်တွင် ရွှေဘိုမြို့မှ ဤအရပ်သို့ လက်ဝဲသုန္ဒရအမတ်ကြီး မင်းပြစ်မင်းဒဏ်ဖြင့် နယ်နှင်ပို့လွှတ်ခံရသည်။ မဲဇာတွင်တစ်ကိုယ်တည်း မသေရုံတစ်မည် နေထိုင်ရစဉ် စေတီတော် ၁၂ ဆူ တည်ထားခဲ့ပြီး ရှေးကရှိပြီးသော ရွှေဂူတော်စေတီကိုလည်း ပြုပြင်ကုသိုလ်ယူခဲ့သည်။ မဲဇာဒေသ၏ ဝန်းကျင်တွင် အရှေ့ဘက်၌ ကံ့ကော်တောင်တန်းကြီးရှိသည်။ အနောက်ဘက်တွင် မြင့်မားဝေသီသော မင်းဝံတောင်တန်းကြီး။

**ကွမ်းဘောင်ချောင်းနှင့် မဲဇာမြစ်တို့ဆုံရာ**

ထို့နောက် မလှမ်းမကမ်းလေသာကုန်းရွာ၏ မြောက်ဘက်မှာ ကင်းစမ်းတောင်တန်းခေါ် အင်းတောင်နှင့် ရေဝေတောင်တို့ရှိသည်။ ထိုအရပ်မှလည်း ရေဝေချောင်းက စီးဆင်းသည်။ ရေဝေချောင်းသည် ကွမ်းဘောင်ရွာအနီး ကံ့ကော်တောင်တန်းမှ မြစ်ဖျားခံ၍စီးဆင်းလာသော ကွမ်းဘောင်ချောင်းနှင့် လေသာကုန်းရွာအောက် တစ်ဖာလုံခန့်တွင် ပေါင်းဆုံမိသည်။ မဲဇာစေတီတော်များ တည်ထားသည့် ယခုနေရာသည် ကွမ်းဘောင်ချောင်းနှင့် မဲဇာမြစ်တို့ ဆုံရာဌာနဖြစ်သည်။ မဲဇာမြစ်သည် ကသာခရိုင် အနောက်မြောက်အစွန်း တောင်သုံးလုံးကြားမှ မြစ်ဖျားခံ၍ အရှေ့တောင်ဘက် ယွန်းယွန်းအတိုင်း စီးဆင်းပြီး ထီးချိုင့်မြို့အနီး ညောင်ပင်သာဌာနတွင် ဧရာဝတီမြစ်နှင့်ပေါင်းဆုံသည်။

၅၂ မိုင်ခန့်အရှည်ရှိ၏။ လက်ဝဲသုန္ဒရက သူမြင်တွေ့ခဲ့ရသော မဲဇာမြစ်ကို "စီးသွင်ညိုရစ်၊ မဲဇာမြစ်လည်း၊ ထစ်ထစ်ထွန်းဘိ၊ ချိုအတိနှင့်" ဟု စပ်ဆိုခဲ့သည်။ ချောင်းနှင့်မြစ်ဆုံသောအနီး တည်ထားသောစေတီတွေက ချောင်းရေမြစ်ရေလွှမ်းခြင်းလည်း နှစ်စဉ်ကြုံကြရမှာပေ့ါ။ နှစ်ပေါင်းရာချီကြာတော့ ပြုပြင်သူမဲ့ အုတ်ပုံ ဘဝရောက်ရမှာပေ့ါ။ ထို့ကြောင့် ၁၃၃၀ ပြည့်နှစ်တွင်တစ်ကြိမ်၊ ၁၃၅၀ ပြည့်နှစ်တွင်တစ်ကြိမ် စေတီတော်များကို ပြုပြင်ပြီး ယခုကဲ့သို့မြင်ကွင်း မြင်ရတာပေ့ါ။ ဒါတောင်မှ ဘုန်းကြီးကျောင်းနှင့်တွဲလျက် စေတီဝန်းကျင်တွင် ထပ်မံထိန်းသိမ်းပြုပြင်ဖို့ လိုနေသေးသည်။ ဆောက်လက်စ ဂန္ဓကုဋိတိုက်ကြီးကလည်း လက်စတန်းလန်း...။ မဲဇာကျောင်းမှာ ရဟန်းတစ်ပါး သီတင်းသုံးနေသည်။



စာမျက်နှာ ၂၁ သို့



## မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် မင်းတုန်းချောင်းရေကြီးကာ ကားလမ်းရေကျော်

**မင်းတုန်း ဇွန် ၁၁**
သရက်ခရိုင် မင်းတုန်းမြို့နယ်တွင် မိုးများ အဆက်မပြတ် ရွာသွန်းမှုကြောင့် ပုသိမ်-မုံရွာလမ်း ဘူးတောင်းကျေးရွာနှင့် မင်းတုန်းမြို့ ဆက်သွယ်ရေးကားလမ်းပေါ်သို့ မင်းတုန်းချောင်းရေများ ဘူးတောင်းရွာအနီး ဇွန် ၁၁ ရက် နံနက် ၉ နာရီတွင် နှစ်ပေကျော်ခန့် တက်လာခဲ့ပြီး မင်းတုန်းချောင်း တံတားတွင်လည်း တံတားအား ချောင်းရေထိရန် ခြောက်ပေခန့်သာလိုတော့ကြောင်း သိရသည်။

ယခုကဲ့သို့ ချောင်းရေကြီးခြင်းကြောင့် ဘူးတောင်း-မင်းတုန်း ဆက်သွယ်ရေးလမ်း ပြတ်တောက်သွားသော်လည်း လေးမိုင်ခြောက်ဖာလုံလမ်းမှ မော်တော်ယာဉ်များ သွားလာ၍ရသည့်အတွက် လမ်းပန်းဆက်သွယ်ရေး ပြတ်တောက်မှု မရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

## မန္တလေးအဆင့်မြင့်ဈေးချိုတော် မီးဘေးကြိုတင်ကာကွယ်ရေး စစ်ဆေး

**ချမ်းအေးသာစံ ဇွန် ၁၁**
မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနသည် နိုင်ငံပိုင်စက်ရုံအလုပ်ရုံများ၊ ဈေးများ မီးဘေးကာကွယ်ရေးအတွက် စဉ်ဆက်မပြတ်စစ်ဆေးဆောင်ရွက်ခြင်း၊ ဇာတ်တိုက်လေ့ကျင့်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၀ ရက် နံနက် ၉ နာရီက ချမ်းအေးသာစံမြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပိုင် အဆင့်မြင့် ဈေးချိုတော်အား မီးဘေးကြိုတင်ကာကွယ်ရေး ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် ဈေးအကျိုးတော်ဆောင်ရုံးခန်းတွင် မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူးညွှန်ကြားရေးမှူး ဦးသန်းဇော်ဦး၊ မန္တလေးခရိုင်မီးသတ်ဦးစီးမှူး ဦးထက်အောင်နှင့် ဈေးချိုဒေသ အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဈေးချိုတော်ဈေးအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးအောင်မြင့်သိန်းနှင့် အကျိုးတော်ဆောင်များ၊ ဈေးနှင့် သားသတ်ဌာနမှ ဝန်ထမ်းများ တွေ့ဆုံ၍ မီးဘေးကာကွယ်ရေးစီမံချက် တွေ့ဆုံဆွေးနွေးသည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှ အဆင့်မြင့် ဈေးချိုတော်အတွင်း ဈေးဆိုင်ခန်းများတွင် ကုန်ပစ္စည်းများသိုလှောင်ထားရှိမှု၊ ခင်းကျင်းထားမှု၊ ဈေးပတ်လမ်းများ ရှင်းလင်းထားမှု၊ ဈေးဆိုင်များတွင် မီးသတ်ဆေးဘူးများထားရှိမှု၊ မီးလောင်မှုဖြစ်ပွားချိန် ဈေးအနီးရေငုတ်တိုင်များတွင် ရေပြတ်လပ်မှု မရှိစေရေး ပြင်ဆင်ဆောင်ရွက်ထားမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး မီးလောင်မှုဖြစ်ပွားပါက အချိန်မီသိရှိနိုင်စေရန် ဈေးချိုအထပ်တိုင်းတွင် မီးလောင်မှု အသိပေးစက်များ တပ်ဆင်ရေးအကြံပြုဆွေးနွေးကြသည်။

မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာနအနေဖြင့် ဇွန်လအတွင်း မန်းမြန်မာပလာဇာနှင့် ဘုရားကြီးဈေးတို့အား မီးဘေးကာကွယ်ရေး ကွင်းဆင်းစစ်ဆေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သီဟကိုကို(မန္တလေး)**



## ထီးချိုင့်မြို့နယ်တွင် အလင်းရောင်စီမံချက်ဖြင့် အိမ်သုံးမီတာများ နေ့ချင်းပြီး တပ်ဆင်

**ထီးချိုင့် ဇွန် ၁၁**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့၌ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန လက်အောက်ရှိ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနေဝင်းလှိုင်ဦးဆောင်သော အဖွဲ့သည် ဇွန် ၁၀ ရက် နံနက် ၈ နာရီက ထီးချိုင့်မြို့နယ် အလယ်တောကျေးရွာသို့ သွားရောက်ပြီး ရွှေ့လျားပြည်သူ့ဝန်ဆောင်မှု လုပ်ငန်းတစ်ခုဖြစ်သည့် အလင်းရောင် စီမံချက်လုပ်ငန်းဖြင့် ဒေသခံ ကျေးလက်နေပြည်သူများ လျှပ်စစ်မီးအသုံးပြုနိုင်ရေး အိမ်သုံးမီတာများကို (One Stop Shop) နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးခဲ့သည်။

ထီးချိုင့်မြို့နယ် လျှပ်စစ်အင်ဂျင်နီယာ ဦးနေဝင်းလှိုင်က ကျေးလက်နေပြည်သူများ လျှပ်စစ်မီး အသုံးပြုရာတွင် လျှပ်စစ်အန္တရာယ်မဖြစ်စေရန် သတိပြု လိုက်နာရမည့် ဆောင်ရန်၊ ရှောင်ရန် အချက်များနှင့် အလင်းရောင်စီမံချက် ဆောင်ရွက်ပေးမှု အခြေအနေများကို ပညာပေးရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနေဝင်းလှိုင်နှင့်အဖွဲ့သည် အလယ်တောရွာတွင် အိမ်သုံးမီတာ ၂၅ လုံး၊ ရွှေလီကျေးရွာတွင် ကိုးလုံးနှင့် ရွာသစ်ကုန်းကျေးရွာတွင် တစ်လုံးကို နေ့ချင်းပြီး တပ်ဆင်ဆောင်ရွက်ပေးခဲ့ပြီး လျှပ်စစ်အန္တရာယ် အသိပညာပေး လက်ကမ်းစာစောင်များကိုလည်း ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့နယ်တွင် အလင်းရောင်စီမံချက်လုပ်ငန်းအနေဖြင့် မေလနောက်ဆုံးပတ်အတွင်းက ဖုန်ကုန်းကျေးရွာ၊ မရသိမ်ကျေးရွာနှင့် မိချောင်းအိုက် ကျေးရွာများရှိ ဒေသခံပြည်သူများ၏ အိမ်သုံးမီတာ ၆၅ လုံးတပ်ဆင်ပြီးဖြစ်ကြောင်း၊ ဒုတိယအကြိမ် ထပ်မံရရှိသောကျေးရွာသုံး အိမ်သုံးမီတာအလုံး ၃၀၀ ကို မြို့နယ်စီမံခန့်ခွဲမှုကော်မတီ၏ စီမံဆောင်ရွက်မှုဖြင့် ဝါးဘိုးချောင်းကျေးရွာကို အိမ်သုံးမီတာ ၁၂၀၊ ကွင်းကြီးကျေးရွာကို ၈၀၊ အောင်သာကုန်းကျေးရွာကို ၅၀ ၊ ကျောက်မှော် ကျေးရွာကို ၅၀ ခွဲဝေထားပြီးဖြစ်ရာ နေ့ချင်းပြီး တပ်ဆင်ပေးသွားမည်ကြောင်း၊ ထီးချိုင့်မြို့နယ်တွင် ကျေးရွာ ၃၂ ရွာ လျှပ်စစ်မီးရရှိပြီဖြစ်ကြောင်း၊ မြို့ကြီးသုံးမီတာအလုံး ၅၀ ခွဲဝေရရှိရာ မည်သူမဆိုလာရောက်လျှောက်ထားနိုင်ကြောင်းနှင့် နေချင်းပြီးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးနေဝင်းလှိုင်ထံမှ သိရသည်။

**ကျော်ခဲ(ထီးချိုင့်)**

## မြန်မာပြည်အထက်ပိုင်း သက်တမ်းအလိုက် အလှမယ်ရွေးချယ်ပွဲ မန္တလေးတွင် ကျင်းပ




**မန္တလေး ဇွန် ၁၁**
Prince & Princess Myanmar က ကြီးမှူး၍ အထက်မြန်မာပြည် ကိုယ်စားပြု သက်တမ်းအလိုက်နှင့် အိမ်ထောင်ရှင် အလှမယ်ရွေးချယ်ပွဲကို ဇွန် ၁၀ ရက် ညနေ ၆ နာရီက မန္တလေးမြို့ချမ်းအေးသာစံမြို့နယ် ၇၈ လမ်းနှင့် လမ်း ၃၀ ထောင့် ဘူတာကြီး စတုတ္ထထပ်ရှိ Hotel Marvel ခန်းမ၌ ကျင်းပရာ ထိုင်းနိုင်ငံနှင့် ဖိလစ်ပိုင်နိုင်ငံတို့မှ အကဲဖြတ်ဒိုင်များ၊ မြန်မာနိုင်ငံမှ ဒီဇိုင်နာများ၊ ပွဲဖြစ်မြောက်ရေးအတွက် ပံ့ပိုးကူညီပေးသော ကုမ္ပဏီများ၊ ပြိုင်ပွဲဝင်များ၊ ဖိတ်ကြားထားသူများ တက်ရောက်အားပေးကြသည်။

အကဲဖြတ်ဒိုင်အဖွဲ့ခေါင်းဆောင်က ပြိုင်ပွဲစည်းမျဉ်းများ ရှင်းလင်းပြောကြားပြီး သက်တမ်းအလိုက် အလှမယ်များ၊ အိမ်ထောင်ရှင်အလှမယ်များက မြန်မာဝတ်စုံများ၊ တိုင်းရင်းသားဝတ်စုံများ၊ အနောက်တိုင်းဝတ်စုံများဖြင့် ကိုယ်ဟန်အလှ ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **မောင်ပြည်သူ(မန္တလေး)**

# လူထုဗဟိုပြုစီမံကိန်း မြို့နယ်အဆင့်သုံးသပ်ဆွေးနွေးပွဲ ကျင်းပ

**စေတုတ္တရာ ဇွန် ၁၁**
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ကမ္ဘာ့ဘဏ်တို့ ပူးပေါင်း အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော လူထုဗဟိုပြုစီမံကိန်းမှ မြို့နယ်အဆင့် သက်ဆိုင်သူပေါင်းစုံပါဝင်သော သုံးသပ်ဆွေးနွေးပွဲအခမ်းအနားကို ဇွန် ၁၀ ရက်က စေတုတ္တရာမြို့ အခြေခံပညာအထက်တန်းကျောင်း နှင်းဆီဆောင်၌ ကျင်းပခဲ့သည်။



အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသော ဒေါ်ညိုညိုဦးနှင့် ဦးထွန်းထွန်းဝင်းတို့က အမှာစကားပြောကြားကာ မြို့နယ်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးစိုးလင်းထွန်းက လူထုဗဟိုပြုစီမံကိန်း (စတုတ္ထနှစ်စက်ဝန်း) အကောင်အထည်ဖော်ဆောင်မှုနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် သုံးသပ်ဆွေးနွေးပွဲသို့ တက်ရောက်လာကြသော ကျေးရွာလူထုကအဖွဲ့လိုက်ဆွေးနွေးခဲ့ကြပြီး ရရှိသည့် ရလဒ်များကို ပြန်လည်တင်ပြရာ ကျေးလက်ဦးစီးမှူးက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ပြီး စီမံကိန်းလုပ်ငန်းများကို အကောင်းဆုံးဆောင်ရွက်ခဲ့သည့် ကျေးရွာအုပ်စုနှင့် ကျေးရွာများအား တာဝန်ရှိသူများက ဆုများချီးမြှင့်ပေးအပ်ခဲ့ကာ **(ယာပုံ)** စေတုတ္တရာမြို့နယ် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မင်းနိုင်က နိဂုံးချုပ်စကားပြောကြားသည်။

စေတုတ္တရာမြို့နယ် လူထုဗဟိုပြုစီမံကိန်း စတုတ္ထနှစ်အတွက် ရရှိသော ထောက်ပံ့ရန်ပုံငွေကျပ်သန်းပေါင်း ၁၀၁၂ သန်းကို ကျေးရွာအုပ်စုပေါင်း ၄၆ အုပ်စုမှ ကျေးရွာပေါင်း ၁၁၅ ရွာအတွက် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ပြီး ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြင့်မားလာစေရန်၊ ကဏ္ဍအလိုက် နည်းပညာပိုင်းဆိုင်ရာစီမံခန့်ခွဲမှု၊ ဘဏ္ဍာရေး၊ ဝယ်ယူရေး၊ စောင့်ကြည့်ကြီးကြပ်ရေး၊ ကျား-မရေးရာကဏ္ဍ စသည်တို့ကို သင်တန်းပေးခြင်း၊ အခြေခံအဆောက်အအုံများဖြစ်သော လမ်းတံတားလုပ်ငန်း ၄၃ ခု၊ အဆောက်အအုံ ၆၃ ခု၊ ရေပေးရေးလုပ်ငန်း ၁၄ ခု၊ မီးလင်းရေးလုပ်ငန်း ၁၄ ခု လုပ်ငန်းခွဲ စုစုပေါင်း ၁၃၄ ခုတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မေသူလွင်(မကွေး–ကိုယ်ပွား)**

# မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာ ရင်ပြင်အထက် မန်းချောင်းရေ ငါးပေခန့် ကျော်လွန်




**ငဖဲ ဇွန် ၁၁**

ဇွန် ၉ ရက်မှစတင်၍ မိုးအဆက်အပြတ်ရွာသွန်းမှုကြောင့် ငဖဲမြို့နယ်ရှိ ငဖဲမန်းချောင်းနှင့် ပန်းတိမ်းချောင်းများသို့ တောင်ကျရေများ စီးဝင်လာပြီး မန်းချောင်းအတွင်း ဝင်ရာက်ခဲ့၍ မန်းရွှေစက်တော်ဘုရား အောက်စက်တော်ရာ ရင်ပြင်တော်အထက် ငါးပေကျော်ခန့် ရေလွှမ်းမိုးခဲ့ကာ လူ၊ တိရစ္ဆာန်၊ ပစ္စည်း ဆုံးရှုံးမှုမရှိကြောင်း သိရသည်။

"ဘုရားပွဲချိန်မဟုတ်တဲ့အတွက် အောက်စက်တော်ရာက ပစ္စည်းတွေကို သိမ်းပြီးပါပြီ၊ ချောင်းရေကျသွားရင် ဘုရားရင်ပြင်ပေါ်မှာ ကျန်ခဲ့မယ့် နုန်းတွေကို ရှင်းလင်းရမှာပါ"ဟု ဂေါပကဥက္ကဋ္ဌ ဦးသိန်းလှိုင်က ပြောသည်။

**သန်းနိုင်ဦး(ငဖဲ)**
**ဇော်ဇော်(မြို့သစ်)**



# ပဲခူးခရိုင် ပြန်/ဆက်ဦးစီးဌာနမှ ရွေ့လျား စာကြည့်တိုက်လုပ်ငန်းများ ဆောင်ရွက်

**ပဲခူး ဇွန် ၁၁**

ပဲခူးမြို့ ဟံသာဝတီရပ်ကွက် ဘုရင့်နောင်အခြေခံပညာ အလယ်တန်းကျောင်းခွဲတွင် ဇွန် ၁၁ ရက် နံနက် ၉ နာရီခွဲက ပဲခူးခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံ ရှန်တီ (SVA)အဖွဲ့တို့ ပူးပေါင်း၍ရွေ့လျား စာကြည့်တိုက် (Mobile) ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြသည်။

ပဲခူးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန တိုင်းဒေသကြီး ဦးစီးမှူးဦးစိုးပိုင်က အဖွင့်အမှာစကားပြောကြားပြီး ပဲခူးခရိုင်ဦးစီးမှူး ဦးကျော်သက်ဦးက ရွေ့လျားစာကြည့်တိုက်ဝန်ဆောင်မှုပြုလုပ်ရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ရုံးဝန်ထမ်းများနှင့် ရှန်တီအဖွဲ့တို့က ကျောင်းသား ကျောင်းသူများအား ကိုယ်လက်ကြံ့ခိုင်ရေး ဂိမ်းကစားခြင်းများ၊ စာအုပ်ဖြင့် ပုံပြောခြင်းများ၊ စက္ကူပြဇာတ်ဖြင့် ပုံပြောခြင်းများပြုလုပ်ကြပြီး ကျောင်းသား ကျောင်းသူများက ကလေးစာပေများကို ဖတ်ရှုကြသည်။

အဆိုပါ ရွေ့လျားစာကြည့်တိုက်ဝန်ဆောင်မှုအား ပဲခူးခရိုင်အတွင်း ယင်းနေ့မှစတင်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဂျပန်နိုင်ငံရှန်တီအဖွဲ့တို့ ပူးပေါင်း၍ ပထမဦးဆုံးအကြိမ် ဆောင်ရွက်ခြင်းဖြစ်ပြီး ပဲခူးခရိုင်အတွင်း မြို့နယ် ရှစ်မြို့နယ်ရှိ အခြေခံပညာကျောင်းများအား တစ်မြို့နယ်လျှင် ၁၅ ကျောင်းနှုန်းဖြင့် ယခုနှစ်အတွင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပဲခူးခရိုင် ဦးစီးမှူး ဦးကျော်သက်ဦးက ပြောကြားသည်။

ရွေ့လျားစာကြည့်တိုက် ဝန်ဆောင်မှုလုပ်ငန်းသည် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကျောင်းစာကြည့်တိုက် ဖွံ့ဖြိုးရေးအစီအစဉ်တစ်ခုအဖြစ် ပါဝင်ပြီး ကလေးများစာပေလေ့လာကြည့်ရှုသည့်အလေ့အထများ ရရှိစေရန်၊ ကျောင်းစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်၍ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**တင်စိုး(ပဲခူး)**

# ဓနုဖြူမြို့နယ်တွင် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြ

**ဓနုဖြူ မေ ၁၁**

ဓနုဖြူမြို့နယ် အုန်းပင်ကွင်းကျေးရွာအုပ်စု မရမ်းချောင်းကျေးရွာ ရေကာတာတွင် ဇွန် ၁၀ ရက် နံနက်ပိုင်းက ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး သရုပ်ပြလေ့ကျင့်ခဲ့ပြီး နှစ်စဉ်နှစ်တိုင်း ရေဘေးသင့် ဒေသခံပြည်သူများအား ရေဘေးကျရောက်ရာတွင် ကြိုတင်ကာကွယ် လုပ်ဆောင်ရမည့် နည်းလမ်းများကို ရှင်းလင်းသရုပ်ပြခဲ့ကြသည်။

ဓနုဖြူမြို့နယ် အရှေ့ဘက်ကမ်းတာ၌ ဥယျာဉ်ချောင်း၊ ဆကာကြီး၊ လက်ဆွဲချောင်း၊ စံကင်းကျေးရွာတို့၌ ရေကင်းစခန်း လေးခု၊ ဟင်္သာတဘက်ကမ်းတာတွင် မရမ်းချောင်း၊ မြို့မ၊ ညောင်ချောင်း၊ ကရင်တောတို့၌ ရေကင်းစခန်း ငါးခုတို့တွင် မိုးရာသီ ရေကြီးသည့်အခါ တာတမံများတွင် ဖြစ်ပေါ်တတ်သည့် ရေပေါက် ထူးပေါက်ဖြစ်ခြင်း၊ သဲပွက်ထခြင်း၊ တာအိတာလျှောမှုများဖြစ်ပေါ်လာပါက ကြိုတင်ကာကွယ်နိုင်ရန် ရေကင်းစခန်းများတွင် လိုအပ်သည့်အရေးပေါ်ပစ္စည်းများ ကြိုတင်စုဆောင်းထားပြီးဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ သိရသည်။

ဓနုဖြူမြို့နယ် ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ထိန်းသိမ်း ဆောင်ရွက်ထားသည့် တာတမံ ၄၀ ဒသမ ၅၀ မိုင်ရှိပြီဖြစ်ကာ မိုးစပါးဧက ၉၈၀၀၀ ကျော်ကို ရေကြီးနစ်မြုပ်မှုမှ ကာကွယ်ပေးလျက်ရှိသည်။

မြစ်ရေကြီးစဉ် တာတမံများထိခိုက်ပျက်စီးမှု မရှိစေရန်နှင့် ဒေသခံပြည်သူတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှု မရှိစေရန်အတွက် ရေဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးပွဲများ၊ သရုပ်ပြပွဲများကိုလည်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာနမှ ဆောင်ရွက်နေကြောင်း သိရသည်။

**အောင်သူဟိဏ်း(ပြန်/ဆက်)**

## သွေးလွန်တုပ်ကွေး နှိမ်နင်းရေးအတွက် ခြင်ဆေးမှုတ်

**ကျောင်းကုန်း ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်တွင် ခြင်ဆေးမှုတ်ခြင်းလုပ်ငန်းကို ဇွန် ၁၁ ရက် နံနက်ပိုင်းက ဆောင်ရွက်ခဲ့သည်။

ကျောင်းကုန်းတစ်မြို့နယ်လုံးတွင် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်း၊ ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ စဉ်ဆက်မပြတ် လုပ်ဆောင်နေကြသော်လည်း ပြည်သူလူထု တစ်ရပ်လုံးကပါ ဖုံး၊ သွန်၊ လဲ၊ စစ်လုပ်ငန်းကို ဂရုတစိုက်လုပ်ဆောင်သွားကြရန် လိုအပ်သည်ဟု ကျန်းမာရေးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**



# ဇလုံချောင်း ကမ်းပါးများပြိုကျ၊ အန္တရာယ်ကျရောက်နိုင်သည့်နေအိမ်များ ရွှေ့ပြောင်းပေး

**ပြည် ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်အတွင်း မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇလုံချောင်း ရေတိုက်စားကာ ဇွန် ၁၀ ရက်မှစတင်ပြီး ကမ်းပါးများပြိုကျလျက်ရှိရာ ဇလုံကျေးရွာတွင် ကမ်းပါးနှင့်နီးကပ်စွာတည်ရှိနေသော လူနေအိမ်များ ရွှေ့ပြောင်းနိုင်ရေးအတွက် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးသက်လှိုင်ဝင်းနှင့် ပြည်ခရိုင်မှ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမိုးထွေးဦးနှင့်ဝန်ထမ်းများက ယင်းနေ့ မွန်းလွဲပိုင်းတွင် ဇလုံကျေးရွာသို့ သွားရောက်ကြည့်ရှုခဲ့ပြီး လတ်တလောချောင်းကမ်းပါးနှင့်နီးကပ်လျက်ရှိသည့် ဒေသခံဦးဝင်းအောင်၏နေအိမ်အား ရွှေ့ပြောင်းပေးနေမှုကို ကြည့်ရှု၍ လိုအပ်သည်များကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

"ဒီရက်ပိုင်း မိုးက နေ့ရောညပါ ဆက်တိုက်ရွာနေတော့ ချောင်းရေကများတယ်၊ ရေစီးကလည်း သန်တယ်၊ ရေတိုက်စားတော့ ကမ်းပါးပဲ့ကျတာ အလွန်မြန်လို့ ချောင်းကမ်းပါးနဲ့နီးတဲ့ အိမ်တွေက မနေရဲကြတော့ဘူး၊ အဲဒါကြောင့် အမြန်ဆုံး ရွှေ့ပြောင်းနေကြရတာ" ဟု ဇလုံကျေးရွာခံတစ်ဦးက ပြောသည်။

ကမ်းပါးပြိုကျမှုကြောင့် ရွှေ့ပြောင်းရသော အိမ်ထောင်စု လေးစုအား ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက Family Kit၊ မြန်မာနိုင်ငံ ကြက်ခြေနီအသင်းက Hygiene Kit, Family Kit နှင့် Shelter Tool Kit၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနက ရွှေ့ပြောင်းစရိတ် တစ်အိမ်ထောင်လျှင် တစ်သိန်းကျပ်စီတို့ကို ထောက်ပံ့ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုလွင်(ဆွာ)**

# ဇလွန်မြို့နယ်အတွင်း လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ ပြိုလဲခြင်းနှင့် အမိုး၊ အကာများပျက်စီး

**ဇလွန် ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်အတွင်း ဇွန် ၁၀ ရက် ညနေ ၃ နာရီက လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်အချို့ပြိုလဲခြင်းနှင့် အမိုး၊ အကာများ ပျက်စီးဆုံးရှုံးမှုဖြစ်ပေါ်ခဲ့သည်။

လေပြင်းတိုက်ခတ်မှုကြောင့် ဇလွန်မြို့နယ် လမ်းမတော်မြောက်၊ ညောင်ပင်ဈေး၊ သာခုချောင်း၊ ကူးတို့ဆိပ်၊ တောင်ပို့တစ်ရာ၊ အထွဋ်၊ ကျေးရွာအုပ်စု ခြောက်အုပ်စု၏ ကျေးရွာပေါင်း ၁၀ ရွာမှ လူနေအိမ် ၂၄ လုံးတွင် ၂၁ လုံး အမိုးလန်ခြင်း၊ သုံးလုံးမှာပြိုလဲပျက်စီးခြင်းများဖြစ်ပေါ်ခဲ့ပြီး ပျက်စီးနေအိမ်များမှ အမျိုးသား ၅၄ ဦး၊ အမျိုးသမီး ၅၉ ဦး စုစုပေါင်း ၁၁၃ ဦး လေဘေးသင့်မှု ဖြစ်ပေါ်ခဲ့ကြောင်း သိရသည်။

**ဝေယံ(ပြန်/ဆက်)**

# ယာဉ်သွားလမ်းပေါ် မှတ်တိုင်ပျောက် ကြားကား၊ ဆိုင်ကယ်နှင့် အနေးယာဉ်များအချိန်ကြာရပ်

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန် အရှေ့ပိုင်းခရိုင် မြောက်ဥက္ကလာပမြို့နယ် ခြောက်ကွေ့ မီးပွိုင့်အလွန် သုဓမ္မာလမ်းမကြီး၌ ကြားကား၊ ဆိုင်ကယ်နှင့် အနှေးယာဉ်များက ယာဉ်သွားလမ်းပေါ် မှတ်တိုင်တစ်ဝိုက်၌ အချိန်ကြာမြင့်စွာ ရပ်တန့်ထားခြင်းကြောင့် ပြည်သူများ ခက်ခဲစွာသွားလာကြရကြောင်း ခရီးသည်တစ်ဦးက ပြောသည်။

"ဒီသုဓမ္မာလမ်းကြီးက ယာဉ်အသွားအလာများတယ်၊ ခုလမ်းမကြီးပေါ်မှာ ကြားကား၊ ဆိုင်ကယ်နဲ့အနှေးယာဉ်တွေ အချိန်ကြာကြီး ရပ်တန့်ထားတော့ ခရီးသည်တင်ယာဉ်တွေ မှတ်တိုင်ရပ်ဖို့ခက်နေတယ်၊ မီးပွိုင့်လေးဘက်လေးတန်မှာလည်း ကယ်ရီဆိုင်ကယ်တွေ၊ အနှေးယာဉ်တွေ ယာဉ်လမ်းကြောင်းပေါ်ထိ ဂိတ်ထိုးခြင်းကြောင့် ခြောက်ကွေ့မီးပွိုင့်အလွှတ်မှာ ခရီးသည်တင်ယာဉ်မောင်းတွေ ခက်ခဲစွာမောင်းကြရပါတယ်"ဟု ယာဉ်မောင်းတစ်ဦးက ပြောသည်။

ယခုဆိုသုဓမ္မာလမ်းမကြီးမှာ ဂက်စ်ဆိုင်ဂက်စ်ထည့်သော ယာဉ်များပြန်ထွက်မရဖြစ်ပြီး ယာဉ်ကြောပိတ်ဆို့ကြောင်းခရီးသည်များထံမှ ကြားသိရသည်။

**ထွန်းဝင်း**

# ပြည်တွင်း၊ ပြည်ပခရီးသွားများ နေ့ချင်းပြန်သွားနိုင်သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ခြောက်ခု

ဇေယျာတု(မကွေး)



လူမှုစီးပွားဘဝများဖြင့် လုံးထွေးရစ်ပတ်နေကြရင်း စိတ်လက်အပန်းဖြေ အလည်အပတ်ခရီးများ ထွက်ကြရန် ဆန္ဒရှိကြ၊ တိုင်ပင်ဖူးကြ၊ သွားလာဖူးကြမည် ထင်သည်။ ပါးစပ်ပါ ရွာရောက်သည်ဟု ဆိုစကားရှိသော်လည်း ပြေးကြည့်၍မော၊ တွေးကြည့်၍ရော မဖြစ်ကြစေရန် မကွေးတိုင်းဒေသကြီးသို့ လာရောက်လိုသူများအတွက် အထောက်အပံ့ တစ်စုံတစ်ရာဖြစ်စေချင်ပါသည်။ ထို့ကြောင့် ပြည်တွင်း၊ ပြည်ပခရီးသွားများ နေ့ချင်းပြန်သွားနိုင်သည့် မကွေးတိုင်းဒေသကြီးအတွင်းရှိ ခရီးစဉ်ခြောက်ခုအကြောင်း တင်ပြပေးလိုပါသည်။

မကွေးတိုင်းဒေသကြီးဆိုသည်က မြန်မာပြည်အလယ်ပိုင်းတွင် စတုရန်းမိုင် ၁၇၃၀၅ ဒသမ ၃၂ ကျယ်ဝန်းပြီး ခရိုင် ငါးခု၊ မြို့နယ် ၂၅ ခု၊ လူဦးရေ လေးသန်းဝန်းကျင်ရှိသည့်ဒေသဖြစ်သည်။ မြန်မာပြည်၏ ဆီအိုးကြီးဟုလည်း ဆိုကြပြန်သည်။ တိုင်းဒေသကြီးအတွင်း မြို့နယ်များသို့ ကား၊ ရထား၊ ရေလမ်းကြောင်းများမှ သွားရောက်နိုင်သည်။ မြင်တတ်သူတိုင်းအတွက် သမိုင်းအမွေအနှစ်များ၊ သမိုင်းနောက်ခံ ဇာတ်လမ်းများက လှပရှုမငြီးနိုင်စွာ မကွေးကို တန်ဆာဆင်ထားသည်။ မြစ်မင်းဧရာဝတီ၏ ရင်ငွေ့ကိုလှုံရင်း၊ ဧရာဝတီ၏ ဂီတကို နားဆင်ရင်း အပူပိုင်းဒေသဆိုသည်ကိုက သူ၏အလှတရားဖြစ်၍နေသည်။

## ၁။ မကွေးမြသလွန်စေတီတော်၊ မင်းဘူးစက္ကိန်းတဲဘုရား၊ နဂါးပွက်တောင်၊ မင်းလှခံတပ် ခရီးစဉ်

"ဘီလူးပြုံးတဲ့ မြို့ကလေး"ဟုခေါ် ဆိုနိုင်ပြီး ဘီလူးကပင် စိတ်ကောင်းဝင်ကာ သာသနာရောင်ဝါထွန်းကားစည်ပင်စေခဲ့သည့် မကွေးမြို့၏မြောက်ဘက်အစွန်တွင် မြသလွန်စေတီတော်မြတ်ကြီးကို ဖူးတွေ့ရမည်ဖြစ်သည်။ မြသလွန်ဘုရားပွဲတော်ကို နှစ်စဉ် သီတင်းကျွတ်လဆန်း ၁၀ ရက်မှ လပြည့်ကျော် ၁၀ ရက်ထိ ကျင်းပသည်။ သိကြားမင်းဆက်သထားသည့် မြသားသလွန်တော်ကို ပူဇော်ခွင့်ရရန် ဗုဒ္ဓဘုရားရှင်ထံ တောင်းပန်လျှောက်ထားမှုနှင့်အတူ ဘီလူးညီနောင်၊ ဖန်ခါးသီး၊ လင်လျာမျှော်၊ ပန်းရစ်တောင်တို့က စိတ်ဝင်စားဖွယ်ကောင်းလှသည်။

မကွေးမြို့မှ မင်းဘူးခရိုင် မင်းဘူးမြို့ရှိ စက္ကိန်းတဲဘုရားသို့ ငါးမိုင်ခန့်သွားရသည်။ ဧရာဝတီမြစ်၏ အနောက်ဘက်ကမ်းတွင် တည်ထားပြီး မြသလွန်ဘုရားမှ မြင်နိုင်သည်။ စက္ကိန်းတဲတောင်ပေါ် သို့ ဗုဒ္ဓမြတ်စွာဘုရား ခေတ္တကြွရောက် ကိန်းဝပ်တော်မူသည်ဟု သမိုင်းဝင်ကာ ထင်ရှားကျော်ကြားလှသည်။ ထိုမှ မင်းဘူးမြို့ထဲရှိ နဂါးပွက်တောင်သို့ သွားနိုင်သည်။ နဂါးပွက်တောင်သည် ဘူမိဗေဒအနေအထားအရ သဘာဝရွှံ့မီးတောင်တစ်ခုဖြစ်သော်လည်း ရှေးလူကြီးများ၏ စကားအဆိုအရ မြေအောက်နဂါးကြီး မာန်ဟုန်ပြင်းပြင်းဖြင့် ကိုယ်ထင်ပြသည့် နေရာတစ်ခုအဖြစ်ယူဆမှုများရှိနေသည်။ တောင်မှာ ပေ ၃၀ ခန့်မြင့်၍ လှေကားထစ် ၆၀ တက်ရသည်။ ထိပ်ဝအကျယ် ကိုးပေခန့်ရှိပြီး တွင်းဝတွင် ရွှံ့ရည်များ အဆက်မပြတ်ပွက်နေသည်။ တောင်ထိပ်မှရွှံ့ရည်များသည် နဂါးငွေ့တန်းကဲ့သို့ နဂါးဦးခေါင်းလှည့်သည်ဆိုသည့် အရပ်မျက်နှာအတိုင်း စီးဆင်းနေသည်ကို တွေ့ရှိရသည်။

မကွေးမြို့မှတစ်ဆင့် သရက်ခရိုင် မင်းလှမြို့ရှိမင်းလှခံတပ်သို့သွားလျှင် ၁၉ မိုင်ခန့် ကွာဝေးပြီး ကားဖြင့် တစ်နာရီခန့် သွားရသည်။ မင်းလှခံတပ်ကို မင်းတုန်းမင်း၏ ညီတော်ဖြစ်သူ ကနောင်မင်းသားကြီး၏ လမ်းညွှန်မှုဖြင့် ၁၈၆၀-၆၁ ခုနှစ်တွင် တည်ဆောက်ခဲ့သည်။ ခံတပ်ဖွဲ့စည်းပုံမှာ အရှေ့မှအနောက် ၁၈၄ ပေ၊ တောင်မြောက် ၁၇၁ ပေအကျယ်ရှိပြီး အမြင့် ၂၆ ပေမြင့်သည်။ ခံတပ်၏ ဖွဲ့စည်းပုံအရ အနောက်ဘက်အကျဆုံးနေရာတွင် ဝင်ပေါက်တစ်ခု၊ အလယ်ဗဟိုတွင် ကွင်းပြင်တစ်ခု၊ ဘေးနံရံလေးဘက်အသီးသီးတွင် စစ်သားများ ခိုအောင်းနေထိုင်ရန်နှင့် ရိက္ခာသိုလှောင်ရန် အခန်း ၂၀ ခန်းဖြင့် ဖွဲ့စည်းထားသည်။

## ၂။ မကွေး၊ ကွေ့ချောင်းခံတပ်၊ ဗိဿနိုးမြို့ဟောင်း၊ နတ်မောက်ဗိုလ်ချုပ်ပြတိုက် ခရီးစဉ်

ဧရာဝတီမြစ်ကြောင်းအကွေ့တွင် ခံတပ်တည်၍ နယ်ချဲ့ကျူးကျော်စစ်ကိုခုခံခဲ့သည့် သူရဲကောင်းစစ်သည်တို့၏ သမိုင်းသက်သေများတည်ရှိရာ ကွေ့ချောင်းခံတပ်သို့သွားလိုလျှင် မကွေးမြို့မှမိုင် ၂၀ ကျော်ရှိ ပဌနဂိုရ်လမ်းခွဲ(လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်း ရောင်းဝယ်ရေး လုပ်ငန်းဆိုင်းဘုတ်) မှ ခံတပ်သို့ ကားလမ်း ခုနစ်မိုင်ခန့် ဝင်ရသည်။ မကွေး-တောင်တွင်းကြီး ကားလမ်း (ဗိဿနိုးမြို့ဟောင်းသွားရာလမ်း)ပေါ်တွင် လမ်းခွဲရှိနေခြင်းဖြစ်သည်။

မင်းတုန်းမင်း၏ညီတော် ကနောင်မင်းသားကြီး၏ လမ်းညွှန်မှုဖြင့် ၁၈၆၀ ပြည့်နှစ်တွင် တည်ဆောက်ခဲ့ပြီး ၁၈၆၃ ခုနှစ်တွင် ပြီးစီးခဲ့သည်။ ဧရာဝတီမြစ်အရှေ့ခြမ်းရှိ ကွေ့ချောင်းခံတပ်ကို အလျား ၂၇၅ ပေ၊ အနံ ၁၅၅ ပေ၊ အမြင့် ၁၂ ပေ၊ ဒု ၄ ပေ အုတ်တံတိုင်းဖြင့် ကာရံတည်ဆောက်ထားပြီး အဆင့်သုံးဆင့်ရှိသော ခံတပ်ကြီးတွင် ပထမအဆင့်ကိုသာ လာရောက်လေ့လာသူများ မြင်တွေ့ရမည်ဖြစ်သည်။ အဆင့်နှစ်ဆင့်မှာ မြေအောက်တွင် နစ်မြုပ်နေပြီး တံတိုင်း၏အရှေ့၊အနောက်နှင့် မြောက်အရပ်တို့တွင် သေနတ်ပစ်၍ခုခံနိုင်ရန် အပေါက် ၁၅၉ ခုရှိသည်။ဧရာဝတီမြစ်အနောက်ခြမ်းရှိ မင်းလှခံတပ်နှင့် ဓားလွယ်ခုတ် အနေအထားတွင်ရှိပြီး မကွေးမြို့မှ ရေမိုင် ၁၂ မိုင်အကွာတွင်ရှိကြောင်း မှတ်တမ်းများအရ သိရသည်။ ခံတပ်အတွင်းတွင် စစ်တန်းလျားနှစ်ခု၊ အရာရှိစစ်သည်ခန်းအပါအဝင် အခန်း ၁၃ ခန်းဖြင့် ဖွဲ့စည်းထားသည်။

မကွေးမြို့မှဗိဿနိုးမြို့ဟောင်းသို့ မော်တော်ယာဉ်ဖြင့် မိုင် ၄၀ ခန့်သွားရသည်။ ကွေ့ချောင်းခံတပ်ကို ဦးစွာသွားပြီးမှ ဗိဿနိုးမြို့ဟောင်းသို့သွားပါက အဆင်ပြေသည်။ မြို့ဟောင်းသို့တိုက်ရိုက်သွားပြီး အပြန်မှလည်း ဝင်နိုင်သည်။ မြို့ဟောင်းမှာ မကွေးခရိုင် တောင်တွင်းကြီးမြို့နယ်တွင်တည်ရှိပြီး ရှေးဟောင်းသုတေသနမှ ၁၉၆၇-၂၀၀၈ ခုနှစ်အတွင်း အုတ်ပုံ ၅၀ ကျော်ကို ရှေးမူမပျက် စနစ်တကျ ပြန်လည်တူးဖော်ခဲ့ပါသည်။ ယခုအခါ ဗိဿနိုးမြို့ဟောင်းနေရာ၊ နန်းတော်နေရာ၊ အုတ်ဖြင့်တည်ထားသည့် ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ ဗုဒ္ဓရုပ်ပွားတော်များနှင့် ဘာသာရေးအဆောက်အအုံများကို လေ့လာနိုင်သည်။ အဆောက်အအုံအားလုံးသည် ရှေးဟောင်းပျူလက်ရာမပျက်ဘဲ ကျန်ရှိနေသေးပါသည်။ ၂၀၁၄ ခုနှစ် ဇွန် ၂၂ ရက်တွင် ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့ပါသည်။ ဗိဿနိုးမြို့ဟောင်းသို့ သွားရောက်လေ့လာပါက ပြည်ပခရီးသည်များအနေဖြင့် ဇုန်ဝင်ကြေးကျပ် ၅၀၀၀ ပေးဆောင်ရသည်။

ပန်ထွာဘုရင်မနှင့် သျှိဝမြို့စားလေးတို့၏ မေတ္တာရေးက လွမ်းဆွတ်ဖွယ်ဖြစ်ပြီး အတုလစည်တော်ကြီး၊ ရဟန်းတု၊ ဘုရင်မ၏အလှတရား၊ "ငါလာမှသီး၊ ငါလာမှကြီး" ဟု ပေပင်များကို သစ္စာထားခဲ့ပုံတို့ကလည်း အံ့သြဘနန်း ဖြစ်စရာ ကောင်းလှသည်။ ဗိဿနိုးမြို့ဟောင်းမှ တောင်တွင်းကြီးမြို့သို့ ကိုးမိုင်ခန့်သာ ကွာဝေးတော့သည်။

နတ်မောက်မြို့ရှိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သည် မကွေးမြို့မှ ၃၇ မိုင် အကွာနေရာတွင် တည်ရှိနေသည်။ ဗိုလ်ချုပ်သက်ရှိထင်ရှားရှိစဉ်က အသုံးပြုခဲ့သည့် ထမင်းစားခန်း၊ မိသားစုအိပ်ခန်း၊ မှတ်တမ်းဓာတ်ပုံများ၊ မိန့်ခွန်းများကို လေ့လာနိုင်သည်။ စာကြည့်နေသော ဗိုလ်ချုပ်ရုပ်တုကို ဆီလီကွန်ဖြင့်ထုလုပ်ထားပြီး မြန်မာလူမျိုးများ စာဖတ်ကြပါဟု ပြောနေသယောင် မြင်တွေ့ခံစားရမည်ဖြစ်သည်။

> နတ်မောက်မြို့ရှိ အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းနေအိမ်ပြတိုက်သည် မကွေးမြို့မှ ၃၇ မိုင် အကွာနေရာတွင် တည်ရှိနေသည်။ ဗိုလ်ချုပ် သက်ရှိထင်ရှားရှိစဉ်က အသုံးပြုခဲ့သည့် ထမင်းစားခန်း၊ မိသားစုအိပ်ခန်း၊ မှတ်တမ်းဓာတ်ပုံများ၊ မိန့်ခွန်းများ . . .

## ၃။ မကွေး၊ မင်းဘူးစက္ကိန်းတဲ၊ ရွှေစက်တော်၊ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရား၊ စလင်းဝက်သည်းကန် ခရီးစဉ်

မကွေးမြို့မှ မင်းဘူးစက္ကိန်းတဲဘုရားသို့ မော်တော်ယာဉ်ဖြင့် မိနစ် ၂၀ ခန့်သွားရောက်လျှင် ရောက်ရှိနိုင်ပြီး ထိုမှတစ်ဆင့် မင်းဘူးမြို့ အနောက်ဘက် ၃၄ မိုင်အကွာ မန်းချောင်းဘေးတွင်တည်ရှိသည့် ရွှေစက်တော်ဘုရားသို့ သွားရောက် ဖူးမြော်နိုင်သည်။ နမ္မဒါမြစ်ကမ်း(မန်းချောင်း)ဘေးတွင် နမ္မဒါနဂါးမင်း၏တောင်းပန်မှုဖြင့် တစ်ရာ့ရှစ်ကွက်လက္ခဏာတော် ဘယ်ဘက်ခြေတော်ရာတစ်ဆူကို ဗုဒ္ဓဘုရားရှင်ကချထားပေးသနားတော်မူရာ (အောက်စက်တော်ရာ)အဖြစ်တည်ရှိပြီး တစ်ဖက်ကမ်းရှိ(မန်းတောင်) သစ္စဗန္ဒတောင်ပေါ်တွင် သစ္စဗန္ဒမထေရ်မြတ်၏ တောင်းပန်မှုကြောင့် ဘယ်ဘက်ခြေတော်ရာတစ်ဆူကို ချထားပေးခဲ့ရာ (အထက်စက်တော်ရာ)အဖြစ် တည်ရှိပါသည်။

ရွှေစက်တော်ဘုရား ဗုဒ္ဓပူဇနိယပွဲတော်ကို နှစ်စဉ် တပို့တွဲလဆန်း ၅ ရက်နေ့မှ မြန်မာနှစ်ဆန်း(၁) ရက်နေ့အထိ သုံးလတိုင်တိုင် ကျင်းပသည်။ ရွှေစက်တော်တောရိုင်းတိရစ္ဆာန်ဘေးမဲ့တောအတွင်းတွင် ရွှေသမင်များနှင့်ကြယ်လိပ်များကိုလည်း တွေ့ရှိနိုင်သည်။

မကွေးမြို့မှ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားသို့ ကားဖြင့် ၂၅ မိုင်ခန့် သွားရသည်။ ဗုဒ္ဓပူဇနိယပွဲတော်ကို ဝါတွင်းသုံးလ ကျင်းပသည်။ ရှေးယခင်က ဘုရားဖူးငါးများလာရောက်ရန် မုန်းချောင်းနှင့်ဧရာဝတီမြစ်ဆုံ၌ အိုးစည်၊ ဗုံမောင်းများတီး၍ သွားရောက်ခေါ်ယူလေ့ရှိပြီး ဝါကျွတ်သောအခါတွင် အိုးစည်ဗုံမောင်းများဖြင့် ပြန်လည်ပို့ဆောင်ကြလေ့ရှိသည်။ ဝါတွင်းတွင် ဘုရားဖူးငါးများအား ငါးစာကျွေးလိုသူများဖြင့် စည်ကားနေတတ်သည်။

မကွေးမြို့မှ ဝက်သည်းကန်သို့ ရာသီမရွေး ကုန်းလမ်းခရီးဖြင့်သွားနိုင်ပြီး ၄၅ မိုင်ခန့်ကွာဝေးသည်။ မင်းဘူးခရိုင် စလင်းမြို့အနောက်ဘက် ကပ်လျက်တွင် တည်ရှိသည်။ ဝက်သည်းကန်ကို ဘေးမဲ့တောအဖြစ် မူလပြဋ္ဌာန်းစဉ်က ကန်အပါအဝင် ဧရိယာတစ်ခုလုံး ၁ ဒသမ ၇ စတုရန်းမိုင်ရှိပြီး ဧကအားဖြင့် ၇၃၅၀ ဧကခန့်ရှိသည်။ ရေပြင်အကျယ်အဝန်းမှာ ၁၀၈၈ ဧကခန့်ရှိသည်။ ကြာရိုး၊ ကြာစွယ်၊ ကြာနွယ်များဖြင့် တင့်တယ်လျက်ရှိပြီး ဝက်သည်းကန်ဘေးမဲ့တောတွင် ဌာနေငှက်မျိုးစိတ် ၂၉မျိုး၊ ဆောင်းခိုငှက်မျိုးစိတ် ခြောက်မျိုးကို တွေ့ရှိနိုင်သည်။ စလင်းမြို့တွင် သမိုင်းဝင်ဘုရားစေတီများပေါများပြီး စလင်းရုပ်စုံကျောင်းသို့လည်း ဝင်ရောက်လေ့လာနိုင်သည်။

## ၄။မကွေး၊ ရေနံချောင်းဆားလယ်၊ စလေရုပ်စုံကျောင်း

မကွေးမြို့နှင့်ရေနံချောင်းမြို့ ဆားလယ်ဒေသမှာ ၃၆ မိုင်ခန့်ကွာဝေးသည်။ မော်တော်ကားဖြင့်လည်းကောင်း၊ ဧရာဝတီမြစ်အတွင်းမှ ရေကြောင်းခရီးစဉ်ဖြင့် လည်းကောင်း သွားလာနိုင်သည်။ ဆားလယ်ဒေသ ဧရာဝတီမြစ်ဘေးတွင် ပုဂံခေတ်နှောင်းပိုင်းနှင့် ပင်းယ၊ အင်းဝခေတ်ဦးပိုင်းဟု ယူဆရသော ရှေးဟောင်းဘုရားများ၊ နံရံဆေးရေးပန်းချီများနှင့် ကျောက်စာ ၁၂ ချပ်တို့ကို လေ့လာနိုင်သည်။ သမိုင်းစာတမ်းပြုစုသူများ၊ ပန်းလက်ရာဆိုင်ရာလေ့လာမှတ်တမ်းပြုသူများ အလာစိပ်သောဒေသတစ်ခုဖြစ်ပြီး စေတီပေါင်း ၂၆ ဆူနှင့် ကုန်းတောင်ပေါင်း ၁၅ ခုတို့ကို လေ့လာတွေ့မြင်နိုင်သည်။

စာမျက်နှာ ၂၁ သို့

# ကိုယ်အလေးချိန် လျှော့ချမှုဟာ ပိုက်ဆံအိတ်ကို ပေါ့ပါးစေကြောင်း ကယ်လီကလာ့ခ်ဆန် ဆို



တေးသံရှင် ကယ်လီကလာ့ခ်ဆန်ဟာ လတ်တလောမှာတော့ ယခင်ထက် ပိုမိုပိန်လာတာကို တွေ့ရပါတယ်။ ဒီလို ကိုယ်အလေးချိန်လျှော့ကျသွားတာကတော့ သူ့ရဲ့စားသောက်မှုပုံစံကို အနည်းငယ်ပြောင်းလဲလိုက်တာကြောင့် ဖြစ်တယ်လို့ သူက ဆိုပါတယ်။ သူ့ရဲ့ သန့်ရှင်းတဲ့စားသောက်မှုပုံစံနဲ့ ကိုယ်အလေးချိန်လျှော့ချတဲ့ အစီအစဉ်ကြောင့် သူ့ရဲ့ပိုက်ဆံအိတ်ဟာ ယခင်ကထက် ပိုမိုပေါ့ပါးလာခဲ့ကြောင်းလည်း ကလာ့ခ်ဆန်က မီဒီယာတွေနဲ့ တွေ့ဆုံစဉ် ပြောကြားခဲ့ပါတယ်။ သူစားတဲ့ အစားအစာတွေဟာ အလွယ်တကူဝယ်ယူဖို့ ခက်ခဲကြောင်းလည်း တစ်ပါတည်း ထုတ်ဖော်ပြောကြားခဲ့တာဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

"Because of You" တေးသီချင်းရဲ့ တေးသံရှင် ကယ်လီကလာ့ခ်ဆန် အနေနဲ့ ပိန်လာတာကိုတွေ့ရတာကြောင့် မီဒီယာတွေက သူ့ကို လေ့ကျင့်ခန်း ပြုလုပ်ပြီး ဝိတ်ချနေတာလားလို့ မေးမြန်းခဲ့ရာ သူက အစားအသောက်ကိုသာ ပြောင်းလဲဆင်ခြင်ခဲ့တာဖြစ်ကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်။ ဒီလို စားသောက်ပုံပြောင်းလဲလိုက်တာဟာ ကိုယ်အလေးချိန်လျှော့ချတာထက် သူ့ရဲ့ကျန်းမာရေးပြဿနာတွေ ပိုမိုကောင်းမွန်လာစေဖို့ရာ ဖြစ်တယ်လို့လည်း သိရပါတယ်။

မကြာမီက ပြုလုပ်ခဲ့တဲ့ ရုပ်သံအင်တာဗျူးမှာတော့ ကလာ့ခ်ဆန်က သူ့အနေနဲ့ ကိုယ်အလေးချိန် ၃၇ ပေါင်ခန့်လျှော့ချနိုင်ခဲ့ပြီဖြစ်ကြောင်း ဖွင့်ဟခဲ့ပါတယ်။ ဒါပေမယ့် သူ့အနေနဲ့ လက်ရှိအချိန်အထိ သူ့ရဲ့ကိုယ်ခန္ဓာအချိုးအစား ပြောင်းလဲသွားတယ်လို့တော့ မထင်မိကြောင်း၊ ဒီလိုမပြောင်းလဲသေးတာကလည်း သူ့ရဲ့ပိုက်ဆံအိတ်ကို ယခုထက်ထိ ပေါ့ပါးနေစေတဲ့ အကြောင်းအရင်းတစ်ခု ဖြစ်ခဲ့ပြန်ကြောင်းနဲ့ ဒီလိုနည်းနဲ့ ကိုယ်အလေးချိန်လျှော့ချရတာဟာ တကယ့်ကို အကုန်အကျ များကြောင်းလည်း ဆိုပါတယ်။



## ဒုတိယမြောက်ရင်သွေးလေးကို မွေးဖွားပြီးနောက် ပရိသတ်ရှေ့ ပထမဆုံးအကြိမ်ပေါ်ထွက်လာတဲ့ ဂျန်ဂျီဟွန်း

ဒေသတွင်းမှာသာမက နိုင်ငံတကာပရိသတ်တွေရဲ့ အထူးအားပေးမှုကို ရရှိထားတဲ့ တောင်ကိုရီးယားမင်းသမီး ဂျန်ဂျီဟွန်းဟာ ဒုတိယမြောက် ရင်သွေးလေးကို မွေးဖွားပြီးတဲ့နောက် ပထမဆုံးအကြိမ်အဖြစ် လတ်တလောမှာ အများရှေ့ပေါ် ထွက်လာခဲ့တာကို တွေ့ရကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

နေကာမျက်မှန်အမှတ်တံဆိပ်သစ်တစ်ခုရဲ့ စတင်မိတ်ဆက်ပွဲ အခမ်းအနားကို တက်ရောက်လာခဲ့ရာမှာတော့ ဂျန်ဂျီဟွန်းဟာ ခါးပေါ်ကနေ ခြေဖျားဖုံးသည်အထိ ရှည်လျားလှတဲ့ ဘောင်းဘီကို ဝတ်ဆင်တက်ရောက်ခဲ့တာ တွေ့ရပါတယ်။ ကုတ်အင်္ကျီနဲ့ နေကာမျက်မှန်ကို လိုက်ဖက်ညီစွာ ဝတ်ဆင်ထားပြီး ယုံကြည်မှုအပြည့်နဲ့ ကင်မရာရှေ့လျှောက်လှမ်းလာတဲ့ ဂျန်ဂျီဟွန်းကို ပရိသတ်တွေက တကယ့်ကို ပြည့်စုံတဲ့ အပြင်အဆင်ဖြစ်ကြောင်း ချီးကျူးပြောကြားခဲ့ကြပါတယ်။

ဂျန်ဂျီဟွန်းဟာ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်း လက်ထပ်ခဲ့တာဖြစ်ပြီး ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁၀ ရက်မှာ သားဦးလေးမွေးဖွားခဲ့ပါတယ်။ အဲဒီနောက် ပြီးခဲ့တဲ့ ဇန်နဝါရီ ၂၆ ရက်မှာ ဒုတိယမြောက် သားလေးကို မွေးဖွားခဲ့တာဖြစ်ကြောင်း သိရပါတယ်။

## ပထမဆုံး ဂျိမ်းစ်ဘွန်း မင်းသမီး ကွယ်လွန်



ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ ရုပ်ရှင်တွေဖြစ်ကြတဲ့ ဂျိမ်းစ်ဘွန်းရုပ်ရှင်တွေအနက် ပထမဆုံးသောရုပ်ရှင်မှာ အဓိကဇာတ်ဆောင် ဂျိမ်းစ်ဘွန်းမင်းသမီး အဖြစ်ပါဝင်ခဲ့တဲ့ ယူနီဂေဆန်ဟာ ကွယ်လွန်သွားခဲ့ပြီ ဖြစ်ပါတယ်။ ဗြိတိန်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ ဂေဆန်ဟာ ကွယ်လွန်ချိန်မှာတော့ အသက် ၉၀ အရွယ်ရှိပြီဖြစ်တယ်လို့ အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ ဇွန် ၈ ရက်မှာ ဂေဆန် ကွယ်လွန်ခဲ့တာဖြစ်ကြောင်း မီဒီယာတွေက ရေးသားဖော်ပြခဲ့ကြပါတယ်။ သူဟာ ဂျိမ်းစ်ဘွန်းမင်းသားကြီး ရှောင်ကွန်နရီနဲ့အပြိုင် "Dr. No"မှာ ပါဝင်ထားတာဖြစ်ပြီး "From Russia With Love"ရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်ခဲ့ရာမှာလည်း ပရိသတ်တွေရဲ့ ချီးကျူးအားပေးမှုကို အထူးရရှိခဲ့သူဖြစ်ပါတယ်။

ဒီဝမ်းနည်းစရာသတင်းကိုတော့ ပြီးခဲ့တဲ့ ဇွန် ၉ ရက်မှာ ယူနီဂေဆန်ရဲ့ တွစ်တာစာမျက်နှာပေါ်ကနေတစ်ဆင့် ပရိသတ်တွေကို အသိပေးခဲ့တာ ဖြစ်ပါတယ်။ ဒီလိုဖော်ပြခဲ့ရာမှာတော့ ဂေဆန်ဟာ ဇွန် ၈ ရက်က ကွယ်လွန်သွားကြောင်းနဲ့ သူ့အတွက် လွမ်းဆွတ်မိကြောင်း ထည့်သွင်းရေးသားဖော်ပြခဲ့တာကိုလည်း တွေ့ရပါတယ်။ ဂျိမ်းစ်ဘွန်းရုပ်ရှင် ထုတ်လုပ်သူတွေကလည်း ဂေဆန် ကွယ်လွန်ခဲ့တဲ့အပေါ် ဝမ်းနည်းကြောင်း လူမှုကွန်ရက်မီဒီယာတွေပေါ်ကနေတစ်ဆင့် အသီးသီးဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။



## Angels' In America နဲ့ ပထမဆုံးသော TONY Awards ဆုကို အန်ဒရူးဂါးဖီးဒ် ရရှိ

ဟောလိဝုဒ်ရဲ့ နာမည်ကျော်သရုပ်ဆောင်တစ်ဦးဖြစ်တဲ့ အန်ဒရူးဂါးဖီးဒ်ကိုတော့ ပင့်ကူလူသားတစ်ဦးအဖြစ် လူသိများပါတယ်။ "Spider Man"ရုပ်ရှင်တွေမှာ အဓိကဇာတ်ဆောင်ဖြစ်တဲ့ ပင့်ကူလူသားအဖြစ်ပါဝင်ခဲ့ရင်းက အောင်မြင်မှုတွေ ရလာခဲ့တဲ့ အန်ဒရူးဂါးဖီးဒ်ဟာ လတ်တလောမှာတော့ သူ့ရဲ့အနုပညာသက်တမ်းတစ်လျှောက် ပထမဆုံးသော "TONY Awards"ဆုကို လက်ခံရရှိခဲ့ပြီဖြစ်ကြောင်း အီးတီအွန်လိုင်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ပြီးခဲ့တဲ့ တနင်္ဂနွေနေ့က ကျင်းပခဲ့တဲ့ ၂၀၁၈ ခုနှစ် "TONY Awards" ဆုပေးပွဲကြီးမှာ အန်ဒရူးဂါးဖီးဒ်ဟာ သူ့ရဲ့ရုပ်ရှင် "Angles' In America"နဲ့ အကောင်းဆုံးအမျိုးသားဇာတ်ဆောင်ဆုရရှိခဲ့တာ ဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၂ ခုနှစ်အတွင်းမှာတော့ မင်းသားဟာ "Death of a Salesman" ရုပ်ရှင်နဲ့ အကောင်းဆုံးအမျိုးသားဇာတ်ပို့ဆုအတွက် ဆန်ခါတင်စာရင်းဝင်ခဲ့ဖူးသူလည်း ဖြစ်ပါတယ်။

"Angels' In America"ရုပ်ရှင်မှာတော့ အန်ဒရူးဂါးဖီးဒ်ဟာ AIDS ရောဂါခံစားနေရသူ ဂေးလ်တစ်ဦးအဖြစ် ပါဝင်ထားတာဖြစ်ပြီး ဒီရုပ်ရှင်မှာတော့ လိင်ပိုင်းဆိုင်ရာစော်ကားမှုတွေနဲ့ ပတ်ဝန်းကျင်ရဲ့ ဆက်ဆံရေးတွေကို ပုံဖော်ဖန်တီးထားတာဖြစ်တယ်လို့လည်း သိရပါတယ်။ အဆိုပါရုပ်ရှင်ဟာ ယခုနှစ်ရဲ့ (၇၂)ကြိမ်မြောက် "TONY Awards"ဆုပေးပွဲကြီးရဲ့ ဆန်ခါတင်စာရင်းမှာ ဆုအရေအတွက်အများဆုံးလျာထားခံရတဲ့ ရုပ်ရှင်တစ်ကားဖြစ်ပြီး စုစုပေါင်း ၁၁ နေရာ စာရင်းဝင်ခဲ့တာ ဖြစ်ပါတယ်။

## ဝင်ငွေအကောင်းဆုံးသောရုပ်ရှင် Ocean's 8

ဟောလိဝုဒ်ရဲ့ အောင်မြင်တဲ့ ဇာတ်လမ်းတွဲ ရုပ်ရှင်တစ်ကားဖြစ်တဲ့ "Ocean's 8"ဟာ ပြီးခဲ့တဲ့ သီတင်းပတ်အတွင်း မြောက်အမေရိကမှာ အပြိုင်ပြသခဲ့တဲ့ ရုပ်ရှင်တွေအနက် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့ကြောင်း အေ့စ်ရှိုးဘစ်ဇ်ဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ဇွန် ၈ ရက်မှ ၁၀ ရက်အတွင်း အဖွင့်သီတင်းပတ်အဖြစ် ရုံတင်ခဲ့ရာမှာတော့ "Ocean's 8"ရဲ့ ဝင်ငွေဟာ မြောက်အမေရိကရဲ့ ဝင်ငွေအကောင်းဆုံးသော ရုပ်ရှင် ၁၀ ကားစာရင်းကို ဦးဆောင်ထားနိုင်ခဲ့တာ ဖြစ်ပါတယ်။ သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင်အမျိုးအစားဖြစ်တဲ့ "Solo: A Star Wars Story"ကတော့ ထူးခြားတဲ့အမျိုးသမီး ရှစ်ဦး ဇာတ်ဆောင်အဖြစ် ပါဝင်ထားတဲ့ "Ocean's 8"ရဲ့ ဝင်ငွေကို ကျော်လွန်နိုင်ခဲ့ခြင်းမရှိတာကိုလည်း တွေ့ရပါတယ်။

"Ocean's 8"ဟာ မြောက်အမေရိကမှာ တစ်ပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၄၁ ဒသမ ၅ သန်း ရရှိခဲ့တာပါ။ ယင်းရုပ်ရှင်မှာတော့ ဟောလိဝုဒ်နာမည်ကျော်တွေဖြစ်ကြတဲ့ ဆန်ဒရာဘူးလော့ဒ်၊ အန်းဟက်သာဝေးလ်၊ ကိတ်ထ်ဘလန့်ချက်၊ ရီဟားနားအပါအဝင် အမျိုးသမီး ဇာတ်ဆောင် ရှစ်ဦး ပါဝင်ထားတာ ဖြစ်ပါတယ်။

အေးပြည့်-ရေးသားသည်



## မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲများ မြဝတီမြို့၌ ကျင်းပ

**မြဝတီ ဇွန် ၁၁**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အကြိုအထိမ်းအမှတ် ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာ ပန်းချီ၊ ကွန်ပျူတာ ပိုစတာပြိုင်ပွဲများကို ကရင်ပြည်နယ် မြဝတီမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဇွန် ၁၀ ရက် နံနက် ၉ နာရီခွဲက ကျင်းပသည်။

အဆိုပါ ပြိုင်ပွဲများတွင် ကာတွန်းပြိုင်ပွဲဝင် ၅၉ ဦး၊ ပန်းချီ ၆၈ ဦး၊ ပိုစတာ ၂၈ ဦး၊ ကွန်ပျူတာပန်းချီနှင့် ကွန်ပျူတာပိုစတာ ၁၃ ဦး စုစုပေါင်း ကျောင်းသား ကျောင်းသူ ၁၆၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများ ယှဉ်ပြိုင်နေမှုအား ခရိုင် အုပ်ချုပ်ရေးမှူး ဦးထူးလွင်၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးသန့်ဇင်အောင်၊ ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးအောင်ကျော်၊ ဒုမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မိုးလွင်၊ အမှတ်(၃၂) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးတပ်ဖွဲ့စုမှူး ရဲမှူးလှထွေး၊ အမှတ်(၇၃)ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူး ဒုရဲမှူး စိုးမြင့်ဦး၊ အမှတ်(၁၃)ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းလုံခြုံရေးရဲတပ်ဖွဲ့စုမှူး ဒုရဲမှူးဝင်းဆန်း၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်သိန်းသန်းဌေး၊ ဒုမြို့နယ်ပညာရေးမှူး ဦးစောမင်းခင်၊ အထက(၁)မြဝတီကျောင်းအုပ်ဆရာမကြီး ဒေါ်မာလာစိုးနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးခဲ့ကြသည်။

ပြိုင်ပွဲများတွင်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများအား ဇွန် ၂၆ ရက်တွင်ကျင်းပမည့် အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါး အလွဲသုံးမှုနှင့်တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အခမ်းအနားတွင် ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ထိန်လင်းအောင်(ပြန်/ဆက်)**

## ပိုင်ကျုံမြို့နယ်၌ လေပြင်းတိုက်မှုကြောင့် နေအိမ်ပေါ်သစ်ပင်လဲကျ မိသားစုသုံးဦး ဒဏ်ရာရ

**ဘားအံ ဇွန် ၁၁**

ကရင်ပြည်နယ် ဘားအံခရိုင် ပိုင်ကျုံမြို့နယ်တွင် ဇွန် ၁၀ ရက် ညနေ ၄ နာရီ မိနစ် ၅၀ ခန့်က လေပြင်းတိုက်ခတ်မှုကြောင့် ကော့နွဲ့ကျေးရွာအုပ်စု ရွာဟောင်းကျေးရွာနေအိမ်တစ်လုံးပေါ်သို့ သစ်ပင်လဲကျခဲ့သဖြင့် လေးလသမီးအပါအဝင် မိသားစု သုံးဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ရွာဟောင်းကျေးရွာနေ ဦးဟီတာ၏ဖက်မိုး၊ ဖက်ကာ၊ ဝါးခင်းနေအိမ်ပေါ်သို့ သစ်ပင်လဲကျခဲ့သဖြင့် ဦးဟီတာတွင် လက်မောင်းပွန်းဒဏ်ရာ၊ ဒေါ်မူးလာခေါင်တွင် ခါးအောင့်၊ ဝမ်းဗိုက်နာဒဏ်ရာ၊ အသက် လေးလအရွယ် သမီးဖြစ်သူ မအိဖြူတွင် ယာပခုံးပွန်း၊ ယာလက်ပွန်းဒဏ်ရာတို့ရရှိခဲ့ပြီး ဒေါ်မူးလာခေါင်မှာ ဒဏ်ရာပြင်း၍ ပိုင်ကျုံတိုက်နယ်ဆေးရုံသို့ အချိန်မီပို့ဆောင်ပေးခဲ့ကာ နေအိမ်ပေါ်လဲကျသည့်သစ်ပင်အား ကျေးရွာသားများက ဝိုင်းဝန်းရှင်းလင်းခဲ့ကြသည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်က လှိုင်းဘွဲ့မြို့နယ်အတွင်း မိုးသည်းထန်ပြီး လေပြင်းတိုက်ခတ်ခဲ့သဖြင့် သာယာကုန်းကျေးရွာအုပ်စု ဝါးကုတ္တောကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းဝင်း အတွင်းအပြင် ဆိုင်းဘုတ်နှင့် အလျားပေ ၈၀၊ အနံပေ ၃၅ ပေရှိ ကျောင်းဆောင် အမိုးသွပ်များလန်ကာ ပျက်စီးခဲ့ပြီး ကျေးရွာနေအိမ် လေးလုံးတွင် သွပ်မိုးအိမ် နှစ်လုံးနှင့် အင်ဖက်မိုးအိမ်နှစ်လုံးတို့ အမိုးများပျက်စီးသွားခဲ့သည်။

**နေမျိုးလွင်(ပြန်/ဆက်)**

## ကလေးငယ်များအား အသည်းရောင်အသားဝါ(ဘီ) ကာကွယ်ဆေးနှင့် ပုံမှန်ကာကွယ်ဆေးများထိုးနှံ

**မယ်စဲ့ ဇွန် ၁၁**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် ပြည်သူ့ဆေးရုံတွင် မြို့ပေါ်ရပ်ကွက်ရှိ အသက် ငါးနှစ်ကလေးများနှင့် နှစ်လမှ နှစ်နှစ်အထိကလေးငယ်များအား အသည်းရောင်အသားဝါ (ဘီ) ကာကွယ်ဆေးထိုးနှံခြင်းနှင့် BCG ငါးမျိုးစပ်ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို ဇွန် ၁၁ ရက် နံနက် ၁၀ နာရီက ထိုးနှံပေးခဲ့သည်။

ကာကွယ်ဆေးထိုးနှံခြင်းလုပ်ငန်းကို မယ်စဲ့မြို့ပြည်သူ့ဆေးရုံမှ သားဖွားဆရာမ ဒေါ်စန္ဒာဦးနှင့် ဒေါ်ခရစ္စတင်းဦးတို့က လစဉ်ပုံမှန်ကာကွယ်ဆေးများကို မပျက်မကွက်လာရောက်ထိုးနှံကြရန်နှင့် ကာကွယ်ဆေးထိုးနှံခြင်းဖြင့်ရရှိသော အကျိုးကျေးဇူးများကို အသိပညာပေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဝတ်ရည်(ပြန်/ဆက်)**

## ကျိုက်ဒုံမြို့တွင် လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ကျင်းပ

**ကျိုက်ဒုံ ဇွန် ၁၁**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ကျိုက်ဒုံမြို့တွင် ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ လူငယ်နှင့် မူးယစ်ဆေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို မြို့အုပ်ချုပ်ရေးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ကျိုက်ဒုံမြို့အုပ်ချုပ်ရေးမှူးဦးမင်းဇော်က အဖွင့်အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကော့ကရိတ်ခရိုင်ဦးစီးမှူး ဒေါ်ခင်စန္ဒာဆွေက လူငယ်နှင့်မူးယစ်ဆေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း ကျင်းပရသည့် ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆွေးနွေးပွဲတွင် ကြာအင်းဆိပ်ကြီးမြို့နယ် ဥပဒေအရာရှိ ဦးကျော်စိုးအောင်က မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့် ဥပဒေရေးရာနှင့် တရားစီရင်ရေးဆိုင်ရာ အချက်အလက်များကိုလည်းကောင်း၊ ကျိုက်ဒုံမြို့တိုက်နယ်ဆရာဝန်ဒေါက်တာ မန်းမင်းနိုင်ဦးက မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ ကုသရေးနှင့် ပြန်လည်ထူထောင်ရေးဆိုင်ရာများကိုလည်းကောင်း၊ ကျိုက်ဒုံနယ်မြေ ရဲစခန်းမှူးရဲအုပ်ဝင်းမင်းထွဋ်က မူးယစ်ဆေးဝါးနှင့်ပတ်သက်၍ အရေးယူဆောင်ရွက်နေမှုကို လည်းကောင်း၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးတင်မျိုးဦးက မူးယစ်ဆေးဝါးအန္တရာယ်နှင့်ဆိုးကျိုးများကို လည်းကောင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသည့် မြို့မိမြို့ဖများ၏ သိလိုသည်များကို မေးမြန်းဆွေးနွေးမှုအပေါ် သက်ဆိုင်ရာကဏ္ဍအလိုက် ပြန်လည်ဆွေးနွေးဖြေကြားခဲ့သည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်ဦးတင်မျိုးဦး၊ ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးဒေါ်ခင်စန္ဒာဆွေ၊ ကြာအင်းဆိပ်ကြီးမြို့နယ် ဥပဒေအရာရှိဦးကျော်စိုးအောင်၊ ကျိုက်ဒုံမြို့အုပ်ချုပ်ရေးမှူးဦးမင်းဇော်၊ တိုက်နယ်ဆရာဝန် ဒေါက်တာမန်းမင်းနိုင်ဦး၊ နယ်မြေရဲစခန်းမှူး ရဲအုပ်ဝင်းမင်းထွဋ်၊ ဌာနဆိုင်ရာများနှင့်ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မြို့မိမြို့ဖများ၊ အားကစားလူငယ်အဖွဲ့များ၊ ပြည်သူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**သန်းထွန်းနိုင်(ပြန်/ဆက်)**

## ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲ ထန်းတပင်မြို့နယ်တွင် ကျင်းပ

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးခေါင်းစဉ်ဖြင့် ပြည်သူ့စကားဝိုင်း (Public Talk) ဆွေးနွေးပွဲကို ဇွန် ၁၀ ရက် နံနက် ၁၀ နာရီက မရွှေညကျေးရွာအုပ်စု မငေးစုကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

ပြည်သူ့စကားဝိုင်းဆွေးနွေးပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးနေမျိုးထွန်း၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ် အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်းတို့က အဖွင့်အမှာစကား ပြောကြားခဲ့ကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိသင်းထိုက်က ပြည်သူ့စကားဝိုင်းများကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး(၁)လွှတ်တော် ကိုယ်စားလှယ် ဦးအောင်ဘုန်းကျော်စံဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းဇော်လင်း၊ မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာကေသီမောင်နှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်ထွေးဝင်းတို့က ကျေးလက်ဒေသ ဖွံ့ဖြိုးရေးခေါင်းစဉ်အောက်တွင် အသီးသီး ဆွေးနွေးခဲ့ကြပြီး တက်ရောက်လာကြသူများ၏မေးမြန်းချက်များကို တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါပြည်သူ့စကားဝိုင်းဆွေးနွေးပွဲသို့ ကျေးလက်နေပြည်သူ ၁၂၀ ခန့် တက်ရောက်ခဲ့ကြပြီး ထန်းတပင်မြို့နယ်အတွင်း၌ ပဉ္စမအကြိမ်မြောက် ဆောင်ရွက်ခြင်းဖြစ်သည်။

**ဇင်မင်းထိုက်(ပြန်/ဆက်)**



# ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေး 5 MVA ထရန်စဖော်မာတစ်လုံး မြောင်းမြ၌ တပ်ဆင်မည်

**မြောင်းမြ ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ ပြည်သူများ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေးအတွက် တိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာဦးဆောင်သော လျှပ်စစ်ဝန်ထမ်းများက ပုသိမ်မြက်တို ဓာတ်အားခွဲရုံမှ သယ်ဆောင်လာသော 10-MVA ထရန်စဖော်မာသစ်ကြီးတစ်လုံးမှာ ဇွန် ၁၁ ရက် နံနက် ၁၁ နာရီခန့်က မြောင်းမြ- ကွယ်လွယ် ဇက်ဆိပ်ကမ်းမှတစ်ဆင့် မြောင်းမြဘက်ကမ်းသို့ ပို့ဆောင်သည်။

"ပြည်သူတွေ လျှပ်စစ်ဓာတ်အား ပိုမိုသုံးစွဲနိုင်ရေး အတွက် ဖြစ်ပါတယ်၊ ဝါးခယ်မ၊ ရွှေလောင်း၊ ကျုံမငေး မြို့သုံးမြို့အတွက် 10-MVA တစ်လုံး တိုးချဲ့တပ်ဆင်ပေးသွားဖို့ဖြစ်ပါတယ်" ဟု ဧရာဝတီတိုင်းဒေသကြီး လျှပ်စစ်အင်ဂျင်နီယာ ဦးစဝင်းနိုင်က ပြောသည်။

အဆိုပါ ထရန်စဖော်မာသစ်ကြီးကို မြောင်းမြ မြို့ထောင်ကုန်းရပ်ရှိ (၆၆) ဓာတ်အားခွဲရုံသို့ ပို့ဆောင်ကာ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်း အမြန်ဆုံး ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြောင်းမြမြို့အတွက်လည်း လက်ရှိလျှပ်စစ်ဓာတ်အားသုံးစွဲမှုမှ ပိုမိုသုံးစွဲနိုင်ရေးအတွက် 20-MVA ထရန်စဖော်မာတစ်လုံး အမြန်ဆုံး တပ်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်အင်ဂျင်နီယာ ဦးလှဟန်၏ ပြောကြားချက်အရ သိရသည်။

**အောင်မင်း(မြောင်းမြ)**

## ရွှေပြည်ဌာန လေပြည်လာက နေခြည်ဖြာမှ...

စာမျက်နှာ ၁၅ မှ

ကိုရင်လေးတွေ တစ်ပါးစ၊ နှစ်ပါးစပဲ ရှိသည်။ မနက်စောစောမို့ ခပ်လှမ်းလှမ်းရွာက ဆွမ်းလာပို့သော ရွာသူမိန်းမကြီး နှစ်ယောက် ဆွမ်းဟင်းတွေ ပြင်ဆင်နေသည်။ ကျွန်တော်တို့ လက်ဝဲသုန္ဒရကုသိုလ် စေတီတွေကို လက်အုပ်ချီရင်း ဦးပဥ္စင်းနှင့်တွေ့ဖို့ ကျောင်းပေါ်သို့ တက်ကြသည်။

### ဇာတိမြေကိုချစ်မြတ်နိုးသည်

အတူပါလာသော ကားဆရာက ကျောင်းဝင်းအတွင်းရှိ ရှစ်ပေစလောင်းကြီးကိုကြည့်ရင်း "လက်ဝဲသုန္ဒရအမတ်ကြီးက အခုလို ရှစ်ပေစလောင်းရှိရင် မျက်ဖြေရတုစပ်ဖြစ်မယ်မထင်ဘူးနော်"ဟု လှမ်းပြောသည်။ ရုတ်ခြည်းရယ်မိသည်။ ပြီးတော့ စဉ်းစားမိသည်။ ကျောင်းပေါ်သို့ပင် မတက်နိုင်သေး။ ကျွန်တော်တို့မြန်မာလူမျိုးတွေက ဘိုးစဉ်ဘောင်ဆက်ကပင် ဇာတိမြေကို ချစ်မြတ်နိုးသည်။ မိမိမွေးဖွားခဲ့သည့် ချက်မြှုပ်နေရာကိုချစ်သည်။ မိမိမွေးဖွားခဲ့သည့်အရပ်ကိုချစ်သည်။ မိမိမွေးဖွားခဲ့သည့် မြို့ကိုချစ်သည်။ မိမိမွေးဖွားခဲ့သည့် တိုင်းဒေသကြီးကိုချစ်သည်။ မိမိမွေးဖွားခဲ့သည့် ရေမြေဝန်းကျင်ကို ချစ်သည်။ မိမိမွေးဖွားခဲ့သည့် မိမိနိုင်ငံကို ချစ်သည်။ မြတ်နိုးသည်။ တွယ်တာသည်။ သံယောဇဉ်ကြီးသည်။ ထိုအရာသည် တိုးတက်ခေတ်မီစွာ နေထိုင်ရခြင်းနှင့် မဆိုင်၊ ဥစ္စာခနေ ကြွယ်ဝခြင်းနှင့်မဆိုင်၊ လက်ဝဲသုန္ဒရအမတ်ကြီးမှာ ဤနေရာသို့ လာချင်လွန်းလို့လာသည်မဟုတ်။ သွားချင်လွန်းလို့သွားသည်မဟုတ်။ ရောက်ချင်လွန်းလို့ ရောက်ရသည်မဟုတ်။ နေချင်လွန်းလို့နေရသည် မဟုတ်။ မင်းပြစ်မင်းဒဏ်ကြောင့် (ဝါ) မိမိဇာတိရပ်ရွာ၊ မိမိဇာတိမြို့ရွာတွင် နေထိုင်၍ မရနိုင်သောကြောင့်၊ နေထိုင်ခွင့်မရှိသောကြောင့်ရောက်ရ၊ နေရခြင်း ဖြစ်သည်။

ဤနေရာမှာ ပိုး၊ ဖဲ၊ ကတ္တီပါ၊ ရွှေငွေ၊ ရတနာ၊ မောင်းမ၊ မိသံ၊ အခြွေအရံတွေနှင့် ဆီဦးထောပတ်စားဖွယ်ရာတွေ အလျှံပယ်ရှိစေဦး မိမိဇာတိမွေးရပ်မြေကိုပဲပြန်ချင်မှာ ဖြစ်သည်။ သည်ကားစေတီ သည်ဆီရွှေနန်း ရည်ရော်စိတ်က မှန်းမည်သာဖြစ်သည်။ "သည်တွင်ရွှေမြို့သည်သို့ စေတီ သည်ဆီရွှေနန်း ဖြောင့်တန်းတော့မည် စိတ်ကရည်သည် ရွှေပြည်ဌာနဝေးသောကြောင့်"ဟု လွမ်းဆွတ်တသမည်မှာ သေချာသည်။

### ခြုံလွှာထွေး၊ မလုံသေးပေ

မည်သို့ပင်ဖြစ်စေ မိမိဆန္ဒဖြင့် သွားလိုသည်ဖြစ်စေ၊ အပို့လွှတ်ခံရသည်ဖြစ်စေ၊ တွန်းပို့ခံရသည်ဖြစ်စေ၊ အနှင်ခံရလို့ဖြစ်စေ၊ မိမိမွေးရပ်ဌာနေမှ မိုင်ပေါင်းထောင်ချီဝေးလံသော မည်သည့်နေရာ ရောက်ပါစေ၊ မည်သို့သော စည်းစိမ်ဥစ္စာရှိပါစေ၊ မည်သို့သော ခေတ်မီတိုးတက် မြို့ပြ အဖွဲ့အစည်းရှိပါစေ၊ မည်သို့သောခေတ်မီတိုးတက် အသုံးအဆောင်ပစ္စည်းတွေ ဝန်းရံနေပါစေ၊ အချိန်တန်လျှင်ဖြင့် မိမိမွေးဖွားသည့် နေရာ၊ မိမိမွေးဖွားသည့် ရပ်ရွာ၊ မိမိမွေးဖွားသည့် မြို့ပြ၊ မိမိမွေးဖွားသည့် တိုင်းပြည်နိုင်ငံ မိမိဆွေမျိုး အဝန်းအဝိုင်းသို့ပဲ ပြန်လာအခြေချ ဘဝအဆုံးသတ်လိုသည့်သူချည်းဖြစ်သည်။ မည်မျှပင် မိုးမျှော်တိုက်ကြီးများနှင့် မိုးပျံလမ်းမကြီးတွေနှင့် နေရပါစေ၊ မိမိဇာတိမြေက ဝါးအိမ်ကလေးနှင့် မြေနီလမ်းကိုတမ်းတသည်။ မည်မျှပင် အသားငါးနှင့် ဆီဦးထောပတ်စားရပါစေ၊ နှမ်းဖတ်ချဉ်ထန်းလျက်ခဲနှင့် ငါးပိရည်ကျိုကို လွမ်းကြသူချည်း မဟုတ်ပါလား။

ကျွန်တော်ကတော့ မဲဇာကျောင်းလှေကားထစ်ပေါ်တက်ရင်း အဝေးဆီကသီချင်းသံသဲ့သဲ့ကို အာရုံ၌ ရိုက်ခတ်ခံစားမိသလို အရှိသား။ ဘာတဲ့

ဝေးခဲ့ပေါ့ဌာနီ၊ တို့တိုင်းပြည်၊ ခြုံလွှာထွေး၊ မလုံသေးပေ၊ မွန်းတည့်နေခြည်ဖြာမှ၊ နွေးမလေ၊ မွန်းတည့်နေခြည်ဖြာမှ၊ နွေးမလေတဲ့။

ဩော်၊ မလုံသေးသော ခြုံလွှာလေးနှင့် နွေးစေဖို့ နေခြည် မြန်မြန်ဖြာပါမှလေ။ ။

## နှစ်ထပ်ကျောင်းဆောင်သစ် တောင်ခင်ကျေးရွာ၌ဖွင့်



**ကျောက်တံခါး ဇွန် ၁၁**

၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ပညာရေးဝန်ကြီးဌာန၏ ခွင့်ပြုရန်ပုံငွေကျပ်သန်း ၁၉၉ ဒသမ ၈ သန်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် တောင်ခင်ကျေးရွာ အခြေခံပညာအထက်တန်းကျောင်းခွဲရှိ ပညာတံခွန် အာရ်စီနှစ်ထပ်ကျောင်းဆောင်သစ်ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၉ ရက် နံနက် ၉ နာရီက အဆိုပါ ကျောင်းဆောင်သစ်ကြီးရှေ့၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးလွှတ်တော် ဒုဥက္ကဋ္ဌ ဦးကြည်ဇင်၊ ပဲခူးတိုင်းဒေသကြီး တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီး နော်ပွယ်စေး၊ ပဲခူးတိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူး ဒေါ်မေသက်နွယ်နှင့် မြို့နယ်ပညာရေးမှူး ဦးသန်းဝင်းတို့ တက်ရောက်အားပေးပြီး ကျောင်းဆောင်သစ်ကြီးအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **ရန်အောင်ထွန်း(ပိန်းဇလုတ်)**



## ဆပ်ပြာချက်နည်းပညာ သင်တန်းဆင်းပွဲ မယ်စဲ့တွင်ကျင်းပ

**မယ်စဲ့ ဇွန် ၁၁**

ကယားပြည်နယ် ဘော်လခဲခရိုင် မယ်စဲ့မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကြီးမှူးဖွင့်လှစ်ခဲ့သောဆပ်ပြာချက်နည်းဆိုင်ရာ နည်းပညာသင်တန်းဆင်းပွဲကို ဇွန် ၁၀ ရက်က ကျောက်စုကျေးရွာ ဘက်စုံသုံးကျေးရွာခန်းမဆောင်၌ ကျင်းပခဲ့သည်။

မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်က သင်တန်းဆင်း အမှာစကားပြောကြားပြီး မြို့နယ် ကျေးလက်ဦးစီးမှူး ဦးမိုးအောင်က ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန အနေဖြင့်ကျေးလက်နေပြည်သူများအလုပ်အကိုင်အခွင့်အလမ်းရရှိစေပြီး အသက်မွေးဝမ်းကျောင်းလုပ်ငန်းများတွင် အထောက်အကူပြုစေရန်အတွက် ဌာနမှငွေကြေးအကုန်အကျခံကာ သင်တန်းများကိုစဉ်ဆက်မပြတ်ဖွင့်လှစ်ပေးလျက်ရှိကြောင်း၊ ယခုသင်ကြားပြီးစီးသော ဆပ်ပြာချက်နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ တတ်မြောက်ပြီး မိမိတို့ကျေးရွာများသို့ ပြန်လည်ရောက်ရှိသောအခါ အကျိုးရှိစွာအသုံးချရန် လိုအပ်ကြောင်းပြောကြားသည်။

အဆိုပါသင်တန်းတွင် ဆပ်ပြာဆီ၊ ခေါင်းလျှော်ရည်၊ ဘက်စုံသုံးဆပ်ပြာ၊ မှန်ကြည်ဆေး၊ Hand gel၊ ဆပ်ပြာခဲ၊ ရေချိုးဆပ်ပြာရည် အစရှိသည့် နည်းပညာများကိုသင်ကြားခဲ့ပြီး အဆိုပါ နည်းပညာများကို အဖွဲ့ငါးဖွဲ့ခွဲ၍ ယှဉ်ပြိုင်စေခဲ့ရာ ထူးချွန်ဆုရရှိသောအဖွဲ့ ၁ နှင့် နှစ်သိမ့်ဆုရရှိသော ကျန်အဖွဲ့ လေးဖွဲ့ကို မြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်ကျေးလက်ဦးစီးမှူးနှင့်ဌာနဆိုင်ရာတာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ချီးမြှင့်ခဲ့သည်။

သင်တန်းဆင်းပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးသန့်၊ မြို့နယ်ကျေးလက်ဦးစီးမှူး ဦးမိုးအောင်နှင့်ဝန်ထမ်းများ၊ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာအုပ်စုအတွင်းမှသင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**

## သက်ငယ်မုဒိမ်းမှုပပျောက်ရေးပညာပေး

**ဆိပ်ကြီးခနောင်တို**

ဆိပ်ကြီးခနောင်တိုမြို့နယ် ဦးထွန်းအိုရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးတွင် ဇွန် ၁၀ ရက် ညနေ ၄ နာရီက ဆိပ်ကြီးခနောင်တိုရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ဦးသည် သက်ငယ်မုဒိမ်းမှု ပပျောက်ရေး မှုခင်းအသိပညာပေးဟောပြောခဲ့ရာ ရပ်ကွက်နေပြည်သူ ၄၅ ဦးခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။

**၁၁၈**

**ဒဂုံမြို့သစ်(အရှေ့ပိုင်း)**

ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အမှတ်(၅) ရပ်ကွက် မင်းရဲကျော်စွာလမ်းမကြီးပေါ်တွင် မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် ဇွန် ၈ ရက် နံနက် ၉ နာရီခွဲက ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့မရဲစခန်းမှူး ဒုရဲမှူး ကိုကိုလွင်နှင့် ပူးပေါင်းအဖွဲ့သည် မှုခင်းပညာပေးခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပညာပေးဟောပြောခြင်းနှင့် လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ကျောင်းသား ကျောင်းသူ ၅၀၀ခန့် တက်ရောက်ခဲ့ကြောင်း သိရသည်။ **ကြေးမုံ**

**တိုက်ကြီး**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ် အလယ်ဘုတ်ကျေးရွာ အုပ်ချုပ်ရေးမှူး နေအိမ်တွင် ကတိုင်စိန်ရဲစခန်း စခန်းမှူး ရဲအုပ်မျိုးမြင့်သည် သက်ငယ်မုဒိမ်းမှုပပျောက်ရေးနှင့် မှုခင်းဖြစ်ပွားမှု လျော့နည်းရေး အသိပညာပေးခြင်းတို့ကို ဇွန် ၁၀ ရက် မွန်းလွဲ ၁ နာရီက ပြုလုပ်ခဲ့ရာ အင်အား ၅၀ ခန့်တက်ရောက်ခဲ့ကြောင်း သိရသည်။

**ထွန်းလှိုင် (မြိုင်)**

## ပြည်တွင်း၊ ပြည်ပခရီးသွားများနေ့ချင်းပြန်သွားနိုင်သည့်မှ......

စာမျက်နှာ ၁၈ မှ

မကွေးမြို့မှ စလေရုပ်စုံကျောင်းသို့ ကားဖြင့်သွားလျှင် မိုင် ၈၀ ခန့် သွားရသည်။ မကွေးခရိုင် ချောက်မြို့နယ် စလေမြို့တွင်တည်ရှိပြီး မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ် (၁၈၈၂)သီပေါမင်းလက်ထက်တွင် ကျောင်းကို ဆောက်လုပ်ခဲ့သည်။ စလေရုပ်စုံကျောင်းသည် အိမ်တော်ပုံကျောင်းဖြစ်ပြီး လှေကား လေးစင်းတပ်ဖြစ်သည်။ စလေရုပ်စုံကျောင်းကို ဦးဖိုးကြည်၊ ဒေါ်ရွှေသက်တို့က ဆောက်လုပ်လှူဒါန်းပြီး အလျား ၁၅၄ ပေ၊ အနံ ၇၆ ပေ၊ တိုင်လုံးရေ ၁၅၄ လုံး၊ အဆောင် ခြောက်ဆောင်နှင့် လက်ရှိတွင် ပန်းပုရုပ်တု ၄၅ ရုပ် ရှိသည်။ ယဉ်ကျေးမှုအမွေအနှစ်နေရာတစ်ခုအဖြစ်တည်ရှိပြီး စလေရုပ်စုံကျောင်း၏ သစ်သားပန်းပုလက်ရာများကြောင့် လူသိများထင်ရှားကာ စလေဦးပုည၏ ဇာတိမြို့အဖြစ် ထင်ရှားသည်။ စလေရုပ်စုံကျောင်းသို့ သွားရောက်လေ့လာပါက ဇုန်ဝင်ကြေးအဖြစ် ပြည်ပနိုင်ငံသား တစ်ဦးလျှင် ငွေကျပ် ၅၀၀၀ ပေးဆောင်ရသည်။ နှစ်စဉ် နိုင်ငံခြားသားဧည့်သည် ဦးရေ တစ်သောင်းကျော် လာရောက်လေ့လာကြသည့် နေရာတစ်ခုဖြစ်သည်။

### ၅။ ပခုက္ကူ၊ မြိုင်CBT၊ ဗဟင်းယဉ်ကျေးမှုဒေသခရီးစဉ်

ပခုက္ကူမြို့မှ မြိုင်သို့သွားလျှင် ၂၇ မိုင်ခန့်ကွာဝေးပြီး မော်တော်ယာဉ်ဖြင့် တစ်နှစ်ပတ်လုံး သွားလာနိုင်သည်။ မြိုင်ရပ်ရွာ လူထုအခြေပြု ခရီးစဉ်ဒေသကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် မြိုင်ဒေသရှိကျေးရွာများမှ လူထုအဖွဲ့အစည်းများ၊ Action aid Myanmar အဖွဲ့အစည်းနှင့် ဟိုတယ်နှင့်ခရီးသွားလာရေး ဝန်ကြီးဌာနတို့၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည်။ CBT( Community Based Tourism) လုပ်ငန်းစဉ်များတွင် မြိုင်ကျေးရွာ လေးရွာဖြစ်သော ကန်ကြီးတော (အရှေ့)၊ ကန်ကြီးတော(အနောက်)၊ အင်းယောင်းရွာနှင့် ဆူလိပန်းရွာတို့မှာ ရွာသူရွာသားများ ပါဝင်ဆောင်ရွက်လျက်ရှိသည်။ ယခုအဆိုပါ လေးရွာသည် CBT လုပ်ငန်းစဉ်များမှ ဝင်ငွေရရှိလျက်ရှိပြီး ကမ္ဘာပေါ်တွင် နိုင်ငံအသီးသီးမှ လာရောက်လည်ပတ်သည့် ခရီးသွားများမှ အတွေ့အကြုံများလည်း ရရှိလျက်ရှိသည်။

မြိုင် CBT မှတစ်ဆင့် ဗဟင်းယဉ်ကျေးမှုဒေသသို့ သွားရောက်လျှင် ၁၆ မိုင်ခန့်ကွာဝေးပြီး မော်တော်ယာဉ်ဖြင့် သွားရောက်နိုင်သည်။ ဗဟင်းယဉ်ကျေးမှုဒေသတွင် ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပြတိုက်တစ်ခု တည်ဆောက်နေသည်။ လူသားမျိုးနွယ်အစ မြန်မာကဟု သက်သေပြနိုင်သည့် လူတူပရိုင်းမိတ်များကိုလည်း လေ့လာနိုင်သည်။

### ၆။ ပခုက္ကူဒေသတန်ခိုးကြီးဘုရားများနှင့် ပခန်းကြီးမြို့ဟောင်း

မကွေးမြို့နှင့် ပခုက္ကူမြို့မှာ ၁၁၅မိုင်ခန့်ကွာဝေးပြီး ဧရာဝတီမြစ်အနောက်ဘက်ခြမ်းရှိ ပခုက္ကူမြို့တွင် သီဟိုဠ်ရှင်ဘုရား၊ ရွှေကူဘုရား၊ ရွှေမုဋ္ဌောဘုရား၊ သရက္ခန်ဘုရားစသည့် တန်ခိုးကြီးဘုရားစေတီများအား ဖူးမြော်နိုင်သည်။ ချည်ထည်လုပ်ငန်း၊ ပရိဘောဂနှင့် အနုပညာလုပ်ငန်းများစွာရှိသည်။

ပခန်းကြီးမြို့ဟောင်းသည် ပခုက္ကူမြို့မှ ၁၉ မိုင်ခန့်အကွာ ပခုက္ကူ-မုံရွာကားလမ်းပေါ်တွင် တည်ရှိပြီး ရှေးဟောင်းမြို့ရိုးတံခါးများဖြင့် တည်ရှိနေသည်။ မန္တလေးရတနာပုံနေပြည်တော်မြို့ဟောင်းထက် များစွာစောပြီး ပုဂံခေတ်နှောင်းပိုင်း မြို့ဟောင်းတစ်ခုဖြစ်သည်။ ပခန်းကြီးရှေးဟောင်းဒေသရှိ စေတီပုထိုးများမှ တူးဖော် ရရှိသော ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ၊ ပေပုရပိုက်များ၊ ကျောက်စာများ၊ ပျူခေတ် အသုံးအဆောင်ပစ္စည်းများ၊ ကျောက်ခေတ်၊ သံခေတ်၊ ကြေးခေတ် လက်နက်ကိရိယာများကို ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာနမှ ပြတိုက်တစ်ခုဖြင့် ဖွင့်လှစ်ပြသထားသည်။

ပခန်းကြီးမြို့ဟောင်းတွင် မင်းတုန်းမင်းလက်ထက် ကျီဝန်မင်းဦးဖိုးတုတ်က ဆောက်လုပ်လှူဒါန်းခဲ့သော ရှေးဟောင်း ပခန်းကျောင်းတော်ကြီး တစ်ဆောင်တည်ရှိပြီး ကျောင်းတော်ကြီးတွင် လူတစ်ဖက်မမီသော တိုင်လုံးကြီးပေါင်း ၂၅၄ တိုင်ပါဝင်၍ အနုပညာမြောက်လှသော မြန်မာ့ရှေးဟောင်း ဗိသုကာလက်ရာများကို မြင်တွေ့ရမည်ဖြစ်သည်။ ပြည်တွင်း၊ ပြည်ပ လေ့လာသူများဖြင့် အမြဲစည်ကားလျက်ရှိသော နေရာတစ်ခုဖြစ်သည်။

### Distination အသစ်များ ဖော်ဆောင်သွားမည်

မကွေးတိုင်းဒေသကြီးအတွင်း အစီအစဉ်တကျ သွားရောက်နိုင်သည့် ခရီးစဉ်ခြောက်ခုအား ပြည်တွင်း၊ ပြည်ပခရီးသွားများ သိစေရန် လက်ကမ်းကြော်ငြာများ ဖြန့်ဝေပေးလျက်ရှိသည်။ Distination အသစ်များကို ၂၀၁၅ ခုနှစ်မှစ၍ဖော်ဆောင်ခဲ့ပြီး မြိုင်မြို့နယ်မှ ကျေးရွာလေးရွာနှင့် ချောက်မြို့နယ်၊ မကျီးကန်ကျေးရွာတို့မှာ လူထုအခြေပြု ခရီးသွားလုပ်ငန်း CBTဒေသ နှစ်ခုအဖြစ် ပေါ်ပေါက် လာပြီဖြစ်သည်။ နှစ်စဉ်နိုင်ငံခြားသားခရီးသည် ၈၀၀ ခန့် လာရောက်လည်ပတ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် အမှတ်တရ သစ်ပင်စိုက်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထိုနည်းတူ ဂန့်ဂေါမြို့နယ် ပုံတောင်-ပုံညာဒေသနှင့် ငဖဲမြို့နယ် နတ်ရေကန်တောင်ဒေသတို့ကို ခရီးသွားဒေသအသစ်များအဖြစ် ဖော်ဆောင်နိုင်ရန် စီစဉ်လျက်ရှိသည်။

သံသရာခရီး၏ လမ်းပြမြေပုံတွင်ပါဝင်သည့် ဘဝခရီးကိုယ်စီ လူတိုင်းတွင်ရှိနေပါသည်။ ထိုခရီး၌ လှိုင်းကြီးလေထန်ဖြစ်စဉ်များ ရှိနေသည်။ လူတစ်ခု၊ ပူမှုရယ်တဲ့ ဆယ်ကုဋေဟု ညည်းတွားရလောက်သည့် သောကဒဏ်ရာများလည်း ပါဝင်နေကြသည်။ အသိ၊ သတိများဖြင့် လှပစွာတန်ဆာဆင်ထားသော အောင်မြင်မှု၊ ပျော်ရွှင်မှု ဆိုသည့် ဘဝအခြေအနေကောင်းများလည်း ရှိနေကြသည်။ ဘဝခရီးဆိုသည်မှာကား ကိုယ်တိုင်ပဲ့ကိုင်၍ ကိုယ်တိုင်မောင်းနှင်ရသော အရာဖြစ်ပါသည်။ အပန်းဖြေခရီးလေးတစ်ခုအတွက်မူကား ဤစာစုဖြင့် အထောက်အပံ့အနည်းငယ်ပေးနိုင်လိမ့်မည်ဟု ယူဆ၍ တင်ပြလိုက်ရပါသည်။ ။

လိုနေသူကို ဖေးမကူဖို့ ဝ ဖြူစင်စေတနာ ပြည့်ဝစွာဖြင့်
**ဆရာမိုး** Follow Me Ph.D (USA)
Sunday only တန်းခွဲသစ် 4 Skills Level 1 လက်ခံပြီ။
အင်္ဂလိပ်စာကို ကျွမ်းကျင်ပိုင်နိုင်စွာ ရေးတတ် ပြောတတ်ချင်သူတိုင်း တက်ထားရမည့်
**Universal Institute of ESL (USA) မှ Certificate ချီးမြှင့်သည့်**
**ENGLISH 4 SKILLS Level (1,2) ၄၊လ နှင့်**
**ENGLISH 4 SKILLS Level (1)** တစ်ပတ် (၅)ချိန်တက်(၂)လ အထူး လက်ခံသင်ကြားပြီ။
Essay, Letter ရေးနည်း၊ အင်္ဂလိပ် ဝတ္ထုဆောင်းပါး ဖတ်နည်း၊ ဘာသာပြန်နည်းနှင့် ပြောနည်းတို့ကို နိုင်ငံတကာ သင်ရိုးများနှင့် သင်ကြားပေးနေပြီ။ တတ်ချင်သူတိုင်းတက်၍ တက်သူတိုင်းတတ်ကုန်ကြပြီ။ တန်းခွဲသစ်များ June16 စမည်။
**4 SKILLS Level(1,2,3)တက်ပြီးသူများကို Dip ESL (USA) ချီးမြှင့်မည်။**
နောက်ဆုံးပေါ် နိုင်ငံတကာ သင်ရိုးနှင့်အတူ မိမိကိုယ်တိုင် စနစ်တကျ အသံထွက် လေ့ကျင့်ရင်း အလျင်မြန်ဆုံး
**သွက်လက်မှန်ကန်စွာ ပြောတတ်စေဖို့ SPEAKING သီးသန့် ၄၊လ အတတ် လက်ခံပြီ။**
အဆင့်မြင့် နိုင်ငံတကာ University များတွင် ပညာတော်သင်ဆု ရရှိစေဖို့နှင့် သေချာပေါက် တက်ရောက်ခွင့် ရရှိစေဖို့
**ပြည့်စုံ ကောင်းမွန်သော IELTS စာအုပ်၊ CD, DVD ထိရောက် မှန်ကန်သော သင်ကြား လမ်းညွှန်မှုများနှင့်အတူ**
**4 Skills Band 7 နှင့်အထက် ရအောင် သင်ပေးမည့် IELTS ၄၊လ အထူး လက်ခံပြီ။**
**ဆရာမ ဒေါက်တာ မြင့်သန္တာ Ph.D တွဲဖက် သင်ကြားသည်။**
အမှတ် ၁၈၊ ၅-လွှာ၊
အင်းဝ စာအုပ်တိုက် (အပေါ်ထပ်) ၊ ဦးထွန်းလင်းခြံလမ်း ၊ လှည်းတန်း ။ 0943125393
ပိုင်းသီးသန့် ❖ ၄၃၆ (ပ) ထပ်၊ ကုန်သည်လမ်း(၄၄-လမ်းထိပ်)။ 01 8398118,295798

**ရွှေအိုးကြီး** သော်ကြာသဟာတ် တနင်္လာမနက်ရောက် ရှိနိုင်ယူရန်မလိုပါ
မြဝတီ၊ မဲဆောက်၊ ဘားအံ
Hotel တည်း(Visa) စား/ငြိမ်း (75000)
မိုးကုတ်အိန်၊ မန္တလေး၊ ကျောက်မဲ
Gust House တဆင့် ကားစား/ငြိမ်း (75000)
09421073634, 777636630

**ဟိန်း** 01.2330054 095160048 09-782470755
ခရီးစဉ်အမျိုးမျိုးနှင့်
လချုပ်/နှစ်ချုပ်ကားမျိုးစုံငှားရန်ရှိသည်။
ယာဉ်ပိုင်ရှင်များလည်းဆက်သွယ်နိုင်
www.heincarrental.com

**GW** 0973226006 0973133528 0973077569
**အိမ်ပြောင်း၊အိမ်ရွှေ့ ဝန်ဆောင်မှုလုပ်ငန်း**
ကားများနှင့် လုပ်သားအပါ ဝန်ဆောင်မှုပေးသည်။ နယ်အိမ်ပြောင်း ကားငှားနိုင်သည်။
အမှတ် ၇၅၊ မြေညီထပ်၊ မဟာလာလမ်း၊
09401505559 စမ်းချောင်း

**သနိုးဌေးနှင့်ရောင်းရင်းများ ဖ ကျိုက်ထီးရိုး/ချောင်းသာ(နေ့စဉ်)**
❀ပုဂံ-ညောင်ဦး၊ ပုပ္ပါး (စွယ်တော်လေးဆူ)၊ ပခုက္ကူ (၃)ရက်။
❀တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ မိန်းမရဲတောင် (၄)ရက်။ လွိုင်ကော်ပါ(၅)ရက်။
❀မန္တလေး၊ ပြင်ဦးလွင်၊ ဂုမိုင်ကမ်းခြေ(၃)ရက်။ မန္တလေး၊ ပြင်ဦးလွင်၊ မုံရွာ(၄)ရက်။
❀ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး၊ ပခုက္ကူ၊ စစ်ကိုင်း၊ မန္တလေး၊ ပြင်ဦးလွင် (၅)ရက်။
❀ထားဝယ်၊ ရှင်ကိုးရှင်၊ မောင်းမကန်၊ ကျိုက္ခမီ၊ စက်စဲ (၅)ရက်။ မြိတ်ပါ(၆)ရက်။
❀ဘားအံ၊ မြဝတီ၊ မဲဆောက် (၃)ရက်။ ဓာတ်စဉ်-သော်ကြာနေ့တိုင်း ထွက်သည်။
ဒေ့ချွင်းပြပို(နေ့/တစ်ရက်)၊ ဂရလှ၊ ပြည်၊ အကောက်တောင်၊ နဂါးရစ်၊ နေပြည်တော်
၃၁၆(ပထပ်)၊ ရွှေဘုံသာ(အထက်) Ph: 01-380141, 01-241863, 09-43043109, 09-30284810






ပညာမိမာန်စာအုပ်တိုက် -အမှတ်(၂၂၈)၊ အနော်ရထာလမ်း နှင့် ၃၉လမ်း(အထက်) ထောင့်ချိုး၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၅၃ ၁၄၃၊ ၀၁-၉၁၉၀၄၀၂၊ ၀၉-၅၁၃၆၇၄၆
ပညာချွန်စာအုပ်ဆိုင် - အမှတ်(၉၂)၊ အနော်ရထာလမ်းမပေါ်၊ ဆိပ်ကမ်းသာလမ်းနှင့် ၃၉လမ်းကြား(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၄၀ ၅၀၁

## ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန
## မြန်မာ့မီးရထား
## အိတ်ဖွင့်တင်ဒါ(Open Tender) ခေါ်ယူခြင်း

၁။ အောက်ပါ လုပ်ငန်းများကို မြန်မာကျပ်ငွေဖြင့် ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | လုပ်ငန်း အမျိုးအမည် |
|---|---|---|
| ၁ | ၈၀/မမ/(CE) | သန်လျင်တံတားအနီး ဆန်တာဝါယာဒ်ဝင်း မှ အောက်ပါ ဘူတာများ အရောက် (၇၅)ပေါင် သံလမ်း များကို ပြင်ပကာရိန်း၊ ပြင်ပကားများဖြင့် တင်ချသယ်ပို့ ခြင်း လုပ်ငန်းဆောင်ရွက်ရန်<br>(က) ဖူးကြီးဘူတာသို့ သံလမ်း (၁၁၀၅၆)ချောင်း / (၅၆၈၂.၈၅ -တန်)<br>(ခ) ပေါင်းတည်ဘူတာသို့ သံလမ်း (၁၃၉၁၅)ချောင်း / (၆၀၅၆.၇၅ -တန်)<br>(ဂ) မလွှကုန်းဘူတာသို့ သံလမ်း (၁၁၇၉)ချောင်း / (၅၁၃.၁၈ -တန်)<br>စုစုပေါင်း (၂၈၁၅၀)ချောင်း / (၁၂၂၅၂.၇၈-တန်) |

တင်ဒါပိတ်မည့် နေ့/အချိန် -( ၁၁ .၇ .၂၀၁၈ ) (ဗုဒ္ဓဟူးနေ့) (၁၄:၃၀)နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင်(၁၁ .၆. ၂၀၁၈) ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်း နှင့် အသေးစိတ် သိရှိလိုပါက ၎င်းဌာနသို့ မေးမြန်းနိုင်ပါသည်။

ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား၊ ကုန်သည်လမ်းနှင့် ၅၁ လမ်းထိပ်၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း-294352, 291994


















## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း
## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)
## (၁၁/၂၀၁၈)

၁။ မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်းအတွက် အောက်ဖော်ပြပါ ရေနံတူးဖော်/ထုတ်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများအား နိုင်ငံခြားငွေ(အမေရိကန်ဒေါ်လာ)/မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသည်။

| စဉ် | တင်ဒါအမှတ် | ပစ္စည်းအမျိုးအမည် | မှတ်ချက် |
|---|---|---|---|
| (က) | IFB/003(18-19) | Assorted Sizes of Steel Casings and Accessories (8) Items | US$ |
| (ခ) | DMP/L-037(18-19) | Fishing Tool(Taper Tap) and Ex-Proof Monitoring System Spares (2) Groups | Ks |
| (ဂ) | DMP/L-038(18-19) | Well Head, Driller Control and Drawwork Spares (6) Groups | Ks |
| (ဃ) | DMP/L-039(18-19) | Stabilizers for Drilling Rigs (2) Groups | Ks |
| (င) | DMP/L-040(18-19) | Spares for K 280 and K 380 Pump (2) Groups | Ks |
| (စ) | DMP/L-041(18-19) | Brandt Shale Shaker Screen (4) Items | Ks |
| (ဆ) | DMP/L-042(18-19) | Electrical Spares for USS Oil Well Rig (4) Items | Ks |
| (ဇ) | DMP/L-043(18-19) | Complete Main Bearing for N-69 Swivel (1) No | Ks |
| (ဈ) | DMP/L-044(18-19) | Gear Oil (PGO140) (GL-5) (500) Drums | Ks |
| (ည) | DMP/L-045(18-19) | SAE 15 W 40 Diesel Engine Oil (1000) Drums | Ks |
| (ဋ) | DMP/L-046(18-19) | Hydraulic Oil Light (H.O.L) (500) Drums | Ks |

၂။ အိတ်ဖွင့်တင်ဒါပုံစံများကို ကြော်ငြာပါသည့်နေ့မှစ၍ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန၏ Web Portal (www.moee.gov.mm)၌ အသေးစိတ်ကြည့်ရှု၍အခမဲ့ Downloadရယူနိုင်ပါသည်။ တင်ဒါပုံစံများအား ရောင်းချမည်မဟုတ်ပါ။

၃။ အဆိုပါအိတ်ဖွင့်တင်ဒါများကို ၉-၇-၂၀၁၈ရက် ၁၄း၀၀နာရီတွင် နောက်ဆုံးထား၍ ပစ္စည်းစီမံဌာန မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း၊ ရုံးအမှတ်(၄၄) နေပြည်တော်သို့ (လူကိုယ်တိုင်) လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။

**မြန်မာ့ရေနံနှင့်သဘာဝဓာတ်ငွေ့လုပ်ငန်း**
**ဖုန်း-၀၆၇-၄၁၁၂၀၆၊ ၀၆၇-၄၁၁၂၁၂**
















# ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဂျပန်နိုင်ငံ၌ ကျင်းပသည့် (၂၄) ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေ ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့တွင် ဂျပန်နိုင်ငံ၌ ကျင်းပသည့် (၂၄) ကြိမ်မြောက် အာရှအနာဂတ်ဆိုင်ရာ နိုင်ငံတကာ ဆွေးနွေးပွဲသို့ တက်ရောက်ကြသည်။

အစည်းအဝေး ပထမနေ့တွင် ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့်အဖွဲ့သည် နှစ်နိုင်ငံချစ်ကြည်ရေးအတွက် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Taro Kono၊ အတွင်းဝန်ချုပ် Mr. Yoshihide Suga၊ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုရေးရာဝန်ကြီးဌာန ဝန်ကြီး Mr. Hiroshige Seko နှင့် နိပွန်ဖောင်ဒေးရှင်းဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံ၏ အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာ ဂျပန်နိုင်ငံအစိုးရ၏ အထူးကိုယ်စားလှယ် Mr. Yohei Sasakawa တို့နှင့် တွေ့ဆုံသည်။

တွေ့ဆုံဆွေးနွေးမှုများတွင် မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖြစ်ပေါ်တိုးတက်မှုများ၊ ရခိုင်ပြည်နယ်၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများနှင့် မြန်မာအစိုးရ၏ ဆောင်ရွက်ချက်များ၊ အထူးသဖြင့် မြန်မာအစိုးရနှင့် ကုလသမဂ္ဂအေဂျင်စီများ ဖြစ်သည့် UNDP နှင့် UNHCR တို့အကြား နားလည်မှု စာချွန်လွှာ လက်မှတ်ရေးထိုးနိုင်မှုနှင့် မြန်မာအစိုးရအနေဖြင့် လွတ်လပ်သော စုံစမ်းစစ်ဆေးရေးကော်မရှင်တစ်ခု ဖွဲ့စည်းသွားနိုင်မှု စသည်တို့နှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**



**နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်တင့်ဆွေနှင့် ဂျပန်နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး Mr. Taro Kono တို့ ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။**

## မုတ်သုံလေ အားအလွန်ကောင်းနေ

**နေပြည်တော် ဇွန် ၁၁**

ဇွန် ၁၂ ရက် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ တစ်ပြည်လုံးတွင် နေရာအနှံ့အပြားမိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကရင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေ မှ ၁၃ ပေခန့် ရှိနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေ အားအလွန်ကောင်းနေမည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သတင်းထုတ်ပြန်ထားသည်။ **ကြေးမုံ**

# G-7 ထိပ်သီးအစည်းအဝေးက မြန်မာနိုင်ငံ၏ ကတိကဝတ်ပြုမှုများကို ကြိုဆိုခဲ့

**နေပြည်တော် ဇွန် ၁၁**

ကနေဒါနိုင်ငံ ကွိဘက်ပြည်နယ် La Malbaie မြို့၌ ဇွန် ၈ ရက်မှ ၉ ရက်အထိ ကျင်းပခဲ့သည့် G-7 ထိပ်သီးအစည်းအဝေးမှ ကြေညာချက်တစ်ရပ် ထုတ်ပြန်ခဲ့ရာ အဆိုပါ ကြေညာချက်တွင် ရခိုင်ပြည်နယ်အရေးကိစ္စနှင့် ပတ်သက်၍ မြန်မာနိုင်ငံအစိုးရမှ မကြာသေးမီက ပြုလုပ်ခဲ့သည့် ကတိကဝတ်ပြုမှုများအပေါ် ကြိုဆိုကြောင်း ဖော်ပြခဲ့သည်။

အဆိုပါ ကြေညာချက်တွင် မြန်မာနိုင်ငံမှ မကြာမီက ထုတ်ပြန်ခဲ့သည့် ကတိကဝတ်များအား ကြိုဆိုကြောင်း၊ မြန်မာနိုင်ငံတွင် ရေရှည်တည်တံ့သည့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ရန်နှင့် ဒီမိုကရေစီ အသွင်ကူးပြောင်းရေးလုပ်ငန်း အောင်မြင်မှုရရှိစေရေးအတွက် ကြိုးပမ်းမှုများကို ညှိနှိုင်းဆောင်ရွက်ပေးသွားကြရန် G-7 နိုင်ငံခေါင်းဆောင်များအနေဖြင့် ကတိပြုကြောင်း၊ အထူးသဖြင့် လက်ရှိပေါ်ပေါက်နေသော နေရပ်စွန့်ခွာသွားသူများကိစ္စတွင် လူသားချင်းစာနာထောက်ထားမှုအကူအညီများအား လွယ်ကူအဆင်ပြေချောမွေ့စွာ ပေးအပ်နိုင်ရေးနှင့် ၎င်းတို့ဆန္ဒအလျောက် သိက္ခာရှိရှိ ဘေးအန္တရာယ်ကင်းစွာဖြင့်

**စာမျက်နှာ ၄ ကော်လံ ၅ သို့ ✳**



**မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ထိုင်းနိုင်ငံသို့ မထွက်ခွာမီ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ တွေ့ရစဉ်။** (ဓာတ်ပုံ - MFF)

# မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်း ခြေစမ်းပွဲများကစားရန် ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် ဇွန် ၁၁**

မြန်မာအမျိုးသမီးအသင်းသည် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲယှဉ်ပြိုင်ကစားရန် ယနေ့နံနက်ပိုင်းက ဘန်ကောက်မြို့သို့ ထွက်ခွာသွားသည်။

၂၀၁၈ အာဆီယံအမျိုးသမီးပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာ့လက်ရွေးစင်အမျိုးသမီးအသင်းနှင့် ထိုင်းလက်ရွေးစင်အမျိုးသမီးအသင်းသည် ဇွန် ၁၂ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ထိုင်းနိုင်ငံ၌ ခြေစမ်းပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

မြန်မာအမျိုးသမီးအသင်းတွင် နည်းပြချုပ်အဖြစ် ဦးဝင်းသူမိုး၊ လက်ထောက်နည်းပြအဖြစ် ဦးခင်မောင်ထွေး၊ ဦးစထက်နိုင်ဝင်း၊ ဒေါ်ဇင်မာဝမ်း၊ ဂိုးနည်းပြအဖြစ် ဦးမြတ်ကိုမင်း၊ ကစားသမားများအဖြစ် ဂိုး-မေဇင်နွယ် (မြဝတီ)၊

**စာမျက်နှာ ၈ ကော်လံ ၄ သို့ ○**

